နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးနှင့်
ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ
ပွဲ့စည်းမှုတို့အတွက်

# အမျိုးသားညီလာခံကျင်းပရေး
# လုပ်ငန်းကော်မတီဥက္ကဋ္ဌ
# ဦးအောင်တိုး၏
# ရှင်းလင်းပြောကြားချက်အပြည့်အစုံ

(၂-၉-၉၄)

# ဆက်လက်ဖော်ဆောင်ရမည့်
# အမျိုးသားညီလာခံကြီး၏ဦးတည်ချက် (၆) ရပ်

(က) ပြည်ထောင်စု မပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(ဃ) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊

(င) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊

(စ) အနာဂတ် နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင် ထမ်းဆောင်နိုင်ရေး။

## နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်း(၁)ပါ
## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊
## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ သတ်မှတ်ရေးကိစ္စ
## လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး ရှင်းလင်းချက်

သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များရဲ့ ဆွေးနွေး အကြံပြုချက်များဟာ များပြားကျယ်ပြန့်တဲ့အပြင် ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ ညီညွတ်ခြင်းရှိမရှိ စိစစ်လေ့လာနိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ဖို့ လိုအပ်ကြောင်း ၁၉၉၄ခုနှစ်၊ ဧပြီလ ၆ ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ သဘာပတိအဖွဲ့က သုံးသပ်ထားပါတယ်။

သဘာပတိအဖွဲ့ရဲ့ သုံးသပ်ချက်နဲ့ စပ်လျဉ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးအတွက်အခြေခံရမယ့်မူ ချမှတ်ရေးကိစ္စကို လောလောဆယ် ဆောင်ရွက်ဖို့

မသင့်သေးဘဲ နောက်တစ်ကြိမ် ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျမှ ဆက်လက် ဆွေးနွေး ညှိနှိုင်းမှာဖြစ်ကြောင်း ၁၉၉၄ခုနှစ်၊ ဧပြီလ ၉ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးမှာ ကျွန်တော် ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီစုံညီအစည်းအဝေးမှာပဲ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌကလည်း အမျိုးသားညီလာခံ ပြန်စတဲ့အခါ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးကိစ္စနဲ့အတူ ဆက်လက် ဆွေးနွေးကြမယ့် အခန်းအလိုက်ခေါင်းစဉ်များဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ စပ်လျဉ်းတဲ့ အကြံကောင်း၊ ဉာဏ်ကောင်းများကို အချိန်ရခိုက် လေ့လာစုဆောင်း မှတ်သားမှုပြုခဲ့ကြဖို့ တိုက်တွန်း မှာကြားထားပါတယ်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌရဲ့ မှာကြားချက်နဲ့အညီ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များအနေနဲ့ အကြံကောင်း၊ ဉာဏ်ကောင်းများ တင်ပြဆွေးနွေး အကြံပြုနိုင်ဖို့ လေ့လာပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အနေနဲ့လည်း လေ့လာထားပါတယ်။ ကျွန်တော်တို့ လေ့လာတွေ့ရှိချက်တွေအနက် ရှေးဦးစွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ စပ်လျဉ်းတဲ့ တွေ့ရှိချက်တွေကို ရှင်းလင်းပြောကြားပါမယ်။

ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း၊သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုရာမှာ အချို့သော ညီလာခံကိုယ်စားလှယ်၊ နိုင်ငံရေးပါတီနဲ့ အစုအဖွဲ့တို့က ချမှတ်ထားတဲ့ အခြေခံရ မူများမှာ ပါရှိတဲ့မြို့နယ်များ၊ ခရိုင်များ၊ လျော်ကန်သင့်မြတ်သည့် လူဦးရေစတဲ့ စကားရပ်များနဲ့ စပ်လျဉ်းပြီး ဆွေးနွေးအကြံပြု ထားပါတယ်။ အဲဒီ အကြံပြုချက်များဟာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးမှာ များစွာအထောက်အကူဖြစ်တဲ့ အတွက် မြို့နယ်များ၊ ခရိုင်များ၊ လျော်ကန် သင့်မြတ်သည့် လူဦးရေနဲ့ နယ်မြေ တစ်ဆက်တစ်စပ်တည်းဆိုတဲ့ စကားရပ်များနဲ့ စပ်လျဉ်းပြီး ဆက်လက် ရှင်းလင်းပြောကြားပါမယ်။

နိုင်ငံတော်စုစည်းခြင်းအတွက်–

- "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ထို ဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းရမည်" လို့လည်းကောင်း၊
- "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို

ခရိုင် အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် စုစည်းရမည်”

လို့လည်းကောင်းအခြေခံရမယ့်မူများချမှတ်ထားပါတယ်။

အဲဒီအခြေခံရမယ့်မူ များမှာ“မြို့နယ်များ” လို့ဆိုထားတဲ့အတွက် အနည်းဆုံးနှစ်မြို့နယ်ဖြစ်ပြီး “ခရိုင်များ”လို့ ဆိုထားတဲ့အတွက် အနည်းဆုံး နှစ်ခရိုင်ဖြစ်ပါမယ်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုသတ်မှတ်ရေးအတွက်–**

– “တိုင်းဒေသကြီးများ၊ သို့မဟုတ်ပြည်နယ် များတွင် တိုင်းဒေသကြီး၊ သို့မဟုတ်ပြည်နယ်ရှိပြီးသည့် တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများ အနက် လျော်ကန်သင့်မြတ်သည့် လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်းတွင် စုစုစည်းစည်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရစီရင်စုများ(Self Administered Areas) သတ်မှတ်ပေးရန် ဖြစ်သည်”လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။

အဲဒီအခြေခံရမယ့် မူမှာပါရှိတဲ့ “လျော်ကန်သင့်မြတ်သည့်လူဦးရေ”ဆိုတာကလည်း သက်ဆိုင်ရာ တိုင်းရင်းသား လူဦးရေဟာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုမှာ ပါဝင်မယ့် မြို့နယ်များမှာ မြို့နယ်တစ်နယ်ချင်းအလိုက် အများဆုံး ရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိရင် လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ပါမယ်။ “နယ်မြေ တစ်ဆက်တစ်စပ်တည်း” ဆိုတာဟာ သက်ဆိုင်ရာ မြို့နယ်များဟာ နယ်မြေအားဖြင့် ဆက်စပ်တည်ရှိနေခြင်းနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်စေရန်အတွက် အခြေအနေများ ရှိနေခြင်းဖြစ်ပါမယ်။

ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးဖို့ အကြံပြုထားချက်များကို အနုပြောကြားခဲ့တဲ့ စကားရပ်တွေ အခြေခံပြီး အကြံပြုချက် တစ်ရပ်ချင်းအလိုက် ဆက်လက် ရှင်းလင်းပြောကြားပါမယ်။ ဒီလို ရှင်းလင်းပြောကြားရာမှာ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးအတွက် အကြံပြုချက်ဟာ တစ်ရပ်ထက်ပိုရှိရင် အဲဒီအကြံပြုချက်များကိုပါ တစ်ပါတည်း စုစည်းပြီး ရှင်းလင်းပြောကြားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စစ်ကိုင်းတိုင်း ခန္တီးခရိုင်မှာပါဝင်တဲ့ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊လေရှီးမြို့နယ်၊ လဟယ် မြို့နယ်နဲ့ နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂ တိုင်းရင်းသားလူမျိုးများ

အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ပေးဖို့စစ်ကိုင်းတိုင်းမှတိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးလှဖေ (ခေါ်) ဦးကမ်းယမ်နဲ့ ဦးခေါ်လာစောတို့က အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနက ပြုစုထားတဲ့ ၁၉၉၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်စွဲပါ စာရင်းအရ စစ်ကိုင်းတိုင်းရှိ မြို့နယ်များအနက် မြို့နယ် တစ်နယ်ချင်းအလိုက် နာဂ တိုင်းရင်းသား လူဦးရေ အများဆုံးရှိတဲ့အပြင် အဲဒီ မြို့နယ် များရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော် ရှိတဲ့ မြို့နယ်များဟာ နန်းယွန်း၊ လဟယ်နှင့် လေရှီးမြို့နယ်တို့သာ ဖြစ်ပါတယ်။ အဲဒီ မြို့နယ် တစ်နယ်ချင်းအလိုက် လူဦးရေနဲ့ မြို့နယ်များရဲ့ လူဦးရေစုစုပေါင်းတို့ကတော့–

– နန်းယွန်းမြို့နယ် လူဦးရေဟာ ၅၆၅၉၈ ဦးဖြစ်ပြီး နာဂတိုင်းရင်းသား ၄၂၄၅၀ ဦး ပါရှိပါတယ်။
– လဟယ်မြို့နယ် လူဦးရေဟာ ၄၀၉၀၃ ဦး ဖြစ်ပြီး နာဂတိုင်းရင်းသား ၃၀၀၆၅ ဦး ပါရှိပါတယ်။
– လေရှီးမြို့နယ် လူဦးရေဟာ ၁၅၁၃၉ ဦး ဖြစ်ပြီး နာဂတိုင်းရင်းသား ၁၀၉၄၂ ဦး ပါရှိပါတယ်။
– မြို့နယ်သုံးနယ်ရှိ လူဦးရေပေါင်းဟာ ၁၁၂၆၄၀ ဦးဖြစ်ပြီး နာဂတိုင်းရင်းသား ၈၃၄၅၇ ဦး ပါရှိပါတယ်။

အဲဒီမြို့နယ်များဟာ နယ်မြေအားဖြင့်လည်း ဆက်စပ်တည်းရှိပါတယ်။ ဒါကြောင့် နန်းယွန်း၊ လဟယ်နဲ့ လေရှီးမြို့နယ်တို့ကို စုစည်းပြီး နာဂတိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်၊ ပင်းတယ မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ နောင်ချိုမြို့နယ်၊ တောင်ကြီးမြို့နယ်မှ တောင် လေးလုံး ကျေးရွာအုပ်စု၊ ကျောက်နီကျေးရွာ အုပ်စု၊ ဘန်းကန်ကျေးရွာ အုပ်စု၊ ကျောက်မဲ မြို့နယ်မှ မိုင်းလုံဒေသ၊ မန္တလေးတိုင်း သာစည်မြို့နယ်ရှိ ကျောင်းဆိုးကုန်း ကျေးရွာ အုပ်စုမှ ရွာခြောက်ရွာနဲ့ လယ်ခေါင်းကျေးရွာ အုပ်စုမှ ရွာလေးရွာတို့ကို စုစည်းပြီး ဓနု တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ ရှမ်း ပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စား လှယ်များဖြစ်ကြတဲ့ ဦးကျော်ဇောနဲ့ ဦးမြ သန်းတို့က အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနက ဖြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်ရှိ မြို့နယ်များအနက် မြို့နယ်တစ်နယ်ချင်းအလိုက် မနု တိုင်းရင်းသားလူဦးရေ အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိတဲ့ မြို့နယ်များဟာ နောင်ချို၊ ရွာငံနဲ့ ပင်းတယ မြို့နယ်တို့သာ ဖြစ်ပါတယ်။ အဲဒီမြို့နယ် တစ်နယ်ချင်းအလိုက် လူဦးရေနဲ့ မြို့နယ်များရဲ့ လူဦးရေစုစုပေါင်းတို့ကတော့–

– နောင်ချိုမြို့နယ် လူဦးရေဟာ ၁၀၄၃၀၂ ဦး ဖြစ်ပြီး မနုတိုင်းရင်းသား ၃၅၇၅၈ ဦး ပါရှိပါတယ်။

– ရွာငံမြို့နယ် လူဦးရေဟာ ၅၆၅၉၀ဦး ဖြစ်ပြီး မနုတိုင်းရင်းသား ၄၇၇၀၄ ဦး ပါရှိပါတယ်။

– ပင်းတယမြို့နယ် လူဦးရေဟာ ၅၉၈၂၂ ဦး ဖြစ်ပြီး မနုတိုင်းရင်းသား ၃၉၂၇၃ ဦး ပါရှိပါတယ်။

– မြို့နယ်သုံးနယ်ရှိ လူဦးရေပေါင်းဟာ ၂၂၀၇၁၄ ဦး ဖြစ်ပြီး မနုတိုင်းရင်းသား ၁၂၂၇၃၅ ဦး ပါရှိပါတယ်။

အဲဒီမြို့နယ်များအနက် နောင်ချိုမြို့နယ်ဟာ ရွာငံမြို့နယ်နဲ့လည်းကောင်း၊ ပင်းတယမြို့နယ်နဲ့ လည်းကောင်း နယ်မြေအားဖြင့် ဆက်စပ်တည်ရှိနေခြင်းမရှိတဲ့ပြင် တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန်အတွက် အခြေအနေများလည်း မရှိတာ လေ့လာတွေ့ရှိပါတယ်။ ရွာငံမြို့နယ်နဲ့ ပင်းတယ မြို့နယ်တို့ကတော့ နယ်မြေအားဖြင့် ဆက်စပ်တည်ရှိပါတယ်။ ဒါကြောင့် ရွာငံနဲ့ ပင်းတယ မြို့နယ်တို့ကို စုစည်းပြီး မနုတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရှမ်းပြည်နယ်ရှိ တောင်ကြီးမြို့နယ်၊ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ရပ်စောက်မြို့နယ်၊ လွိုင်လင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်၊လင်းခေးမြို့နယ်၊ မိုင်းပန်မြို့နယ်၊ လဲချားမြို့နယ်နဲ့ မိုင်းကိုင်မြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ရှမ်းပြည်နယ်မှတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးခွန်သိန်းမြင့်၊ ဦးခွန်ကျော်သူ၊ ဦးခွန်ကိုမောင်၊ ကရင်ပြည်နယ်မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ် ဦးခွန်ဝင်းနောင်၊ ရှမ်းပြည်နယ် တောင်ပိုင်း အထူးဒေသ(၆)မှ

ကိုယ်စားလှယ် ဦးအောင်ခမ်းထိနဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ရဲ့ ကိုယ်စား ဦးအောင်ခင်တို့က အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အား ဦးစီးဌာနက ပြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ်များအနက် မြို့နယ်တစ်နယ်ချင်းအလိုက် ပအိုဝ်းတိုင်းရင်းသား လူဦးရေ အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိတဲ့ မြို့နယ်များဟာ ဟိုပုန်း၊ဆီဆိုင်နဲ့ ပင်လောင်း မြို့နယ်တို့သာ ဖြစ်ပါတယ်။ အဲဒီမြို့နယ်တစ်နယ်ချင်းအလိုက် လူဦးရေနဲ့ မြို့နယ်များရဲ့ လူဦးရေစုစုပေါင်းတို့ကတော့–

– ဟိုပုန်းမြို့နယ် လူဦးရေဟာ ၇၄၂၁၀ ဦး ဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသား ၅၀၀၂၂ ဦး ပါရှိပါတယ်။
– ဆီဆိုင်မြို့နယ် လူဦးရေဟာ ၈၀၂၅၃ ဦး ဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသား ၅၁၀၁၁ ဦး ပါရှိပါတယ်။
– ပင်လောင်းမြို့နယ် လူဦးရေဟာ ၁၁၈၈၂၈ ဦးဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသား ၈၈၀၇၂ ဦး ပါရှိပါတယ်။
– မြို့နယ်သုံးနယ်ရှိ လူဦးရေ ပေါင်းဟာ ၂၇၅၂၈၂ ဦးဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသား ၁၈၉၁၀၅ ဦး ပါရှိပါတယ်။

အဲဒီမြို့နယ်များဟာ ဆက်စပ်လျက်ရှိပြီး နယ်မြေအားဖြင့်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန်အတွက် အခြေအနေများ ရှိနေပါတယ်။ ဒါကြောင့် ဟိုပုန်း၊ ဆီဆိုင်နဲ့ ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းတိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ရှမ်းပြည်နယ်ရှိနမ့်ခမ်းမြို့နယ်၊ကွတ်ခိုင်မြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ် အနောက်ခြမ်းနဲ့ မြောက်ခြမ်း၊ မန်တုံမြို့သစ်၊ မိုင်းငေါ်မြို့သစ်၊ မိုးမိတ်မြို့နယ်နဲ့ မန္တလေးတိုင်းရှိ မိုးကုတ်မြို့နယ်မှပလောင်ကျေးရွာ အုပ်စုများကို စုစည်းပြီး ပလောင်တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးရွှေမောင်၊ ဦးညွန့်မောင်၊ ဦးအောင်ဆာနဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ(၇)မှ ကိုယ်စားလှယ် ဦးအိုက်မုန်းတို့က အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အား ဦးစီးဌာနက ပြုစုထားတဲ့စာရင်းအရ ရှမ်း

ပြည်နယ်မှာရှိတဲ့ မြို့နယ်များအနက် မြို့နယ်တစ်နယ်ချင်းအလိုက် ပလောင် တိုင်းရင်းသား လူဦးရေ အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိတဲ့ မြို့နယ်များဟာ နမ့်ဆန်နဲ့ မန်တုံမြို့နယ်တို့သာ ဖြစ်ပါတယ်။ အဲဒီ မြို့နယ်တစ်နယ်ချင်းအလိုက် လူဦးရေနဲ့ မြို့နယ်များရဲ့ လူဦးရေ စုစုပေါင်းတို့ကတော့–

- နမ့်ဆန်မြို့နယ် လူဦးရေဟာ ၆၃၀၄၈ ဦး ဖြစ်ပြီး ပလောင် တိုင်းရင်းသား ၅၇၀၅၂ ဦး ပါရှိပါတယ်။
- မန်တုံမြို့နယ်လူဦးရေဟာ ၂၉၂၇၄ ဦး ဖြစ်ပြီး ပလောင် တိုင်းရင်းသား ၁၅၃၂၂ ဦး ပါရှိပါတယ်။
- မြို့နယ်နှစ်နယ်ရှိ လူဦးရေပေါင်းဟာ ၉၈၃၂၂ဦးဖြစ်ပြီး ပလောင် တိုင်းရင်းသား ၇၂၃၇၄ဦး ပါရှိပါတယ်။

အဲဒီမြို့နယ်များဟာ နယ်မြေအားဖြင့်လည်း ဆက်စပ်လျက် ရှိပါတယ်။ ဒါကြောင့် နမ့်ဆန်နဲ့ မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုး ရှိတာလေ့လာ တွေ့ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံ၊ ကုန်းကြမ်း၊ ကွတ်ခိုင်နဲ့မူဆယ် မြို့နယ်များကို စုစည်းပြီး ကိုးကန့် တိုင်းရင်းသားလူမျိုးများအတွက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသတ်မှတ်ပေးဖို့ အထူးဒေသ(၁)မှ ကိုယ်စားလှယ် ဦးရန်ကြာကွေ့(ခေါ်) ဦးခင်မောင်စန်းက အကြံပြု ထားပါတယ်။ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စား ဦးတီဒေါင်ဝေက ကွမ်းလုံမြို့နယ်နဲ့ ကုန်းကြမ်းမြို့နယ်တို့ကို စုစည်းပြီးလည်းကောင်း၊ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးချစ်ဆွေ၊ ဦးကျော်စိန်နဲ့ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ကိုယ်စား ဦးဖူးကွယ်ဆီးတို့က ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁)ကို စုစည်းပြီးလည်းကောင်းကိုးကန့်တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးဖို့လည်း အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ်များအနက် မြို့နယ် တစ်နယ်ချင်းအလိုက် ကိုးကန့်တိုင်းရင်းသား လူဦးရေအများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိတဲ့ မြို့နယ်များဟာ ကုန်းကြမ်းနဲ့ လောက်ကိုင် မြို့နယ်တို့သာ ဖြစ်ပါ

တယ်။ အဲဒီ မြို့နယ် တစ်နယ်ချင်းအလိုက် လူဦးရေနဲ့ မြို့နယ်များရဲ့ လူဦးရေစုစုပေါင်း တို့ကတော့–

- ကုန်းကြမ်းမြို့နယ် လူဦးရေဟာ ၃၅၈၃၉ ဦး ဖြစ်ပြီး ကိုးကန့်တိုင်းရင်းသား ၂၇၃၇၈ဦး ပါရှိပါတယ်။
- လောက်ကိုင်မြို့နယ် လူဦးရေဟာ ၅၅၅၉၁ ဦး ဖြစ်ပြီး ကိုးကန့် တိုင်းရင်းသား ၄၆၆၃၅ ဦး ပါရှိပါတယ်။
- မြို့နယ်နှစ်နယ်ရှိ လူဦးရေပေါင်းဟာ ၉၁၄၃၀ ဦး ဖြစ်ပြီး ကိုးကန့် တိုင်းရင်းသား ၇၄၀၁၃ ဦး ပါရှိပါတယ်။

အဲဒီမြို့နယ်များဟာ နယ်မြေအားဖြင့်လည်း ဆက်စပ်လျက် ရှိပါတယ်။ ဒါကြောင့် ကုန်းကြမ်းနဲ့ လောက်ကိုင် မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့်တိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်နိုင်မယ့်အခြေအနေမျိုးရှိတာလေ့လာ တွေ့ရှိပါတယ်။

သဘာဝပတိကြီး ခင်ဗျား–

ရှမ်းပြည်နယ်ရှိ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ ဟိုပန်မြို့နယ်၊ ပန်ယန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ မန်ဖန့်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းယန်း မြို့နယ်၊ မိုင်းရှူးမြို့နယ်၊ မိုင်းပြင်းမြို့နယ်၊ မိုင်းခတ် မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းဆတ် မြို့နယ်နဲ့ လားရှိုးမြို့နယ်မှ မိုင်းကျက် ကျေးရွာအုပ်စု၊ မိုင်းယော်ကျေးရွာအုပ်စုတို့ကို စုစည်းပြီး "ဝ"တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးဖို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဦးဆိုင်ပေါင်းနှစ်က အကြံပြုထားပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)မှ ကိုယ်စားလှယ်ဦးအောင်မြင့်နဲ့ "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက် ရေးပါတီရဲ့ကိုယ်စား ဦးမားကို့စ် (ခေါ်) ဦးစိုင်း လုံတို့က "ဝ" ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးဖို့အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်မှာရှိတဲ့ မြို့နယ်များအနက် မြို့နယ်တစ်နယ်ချင်းအလိုက်"ဝ"တိုင်းရင်းသား လူဦးရေအများဆုံး ရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိတဲ့ မြို့နယ်များဟာ ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မန်ဖန့်နဲ့ပန်ယန်း မြို့နယ်တို့သာ ဖြစ်ပါတယ်။ အဲဒီမြို့နယ်တစ်နယ် ချင်းအလိုက် လူဦးရေနဲ့ မြို့နယ်များရဲ့ လူဦးရေစုစုပေါင်းတို့ကတော့–

- ဟိုပန်မြို့နယ် လူဦးရေဟာ ၇၀၇၂၀ ဦးဖြစ်ပြီး

"ဝ"တိုင်းရင်းသား ၂၄၀၂၄ ဦး ပါရှိပါတယ်။

- မိုင်းမောမြို့နယ်လူဦးရေဟာ ၇၇၃၇၈ ဦးဖြစ်ပါပြီး
  "ဝ" တိုင်းရင်းသား ၅၉၁၀၅ ဦး ပါရှိပါတယ်။
- ပန်ဝိုင်မြို့နယ်လူဦးရေဟာ ၃၃၄၁၈ ဦးဖြစ်ပြီး
  "ဝ" တိုင်းရင်းသား ၂၅၅၂၆ ဦး ပါရှိပါတယ်။
- နားဖန်းမြို့နယ်လူဦးရေဟာ ၄၈၄၆၆ ဦးဖြစ်ပြီး
  "ဝ" တိုင်းရင်းသား ၃၇၀၂၄ ဦး ပါရှိပါတယ်။
- မန်ဖန်မြို့နယ်လူဦးရေဟာ ၅၀၅၉၂ ဦးဖြစ်ပြီး
  "ဝ"တိုင်းရင်းသား ၃၈၆၄၄ ဦး ပါရှိပါတယ်။
- ပန်ယန်းမြို့နယ်လူဦးရေဟာ ၅၁၈၉၅ ဦးဖြစ်ပြီး
  "ဝ"တိုင်းရင်းသား ၂၄၁၄၅ ဦး ပါရှိပါတယ်။
- မြို့နယ်(၆)နယ်ရှိလူဦးရေပေါင်းဟာ ၃၃၂၄၆၉ ဦး ဖြစ်ပြီး
  "ဝ"တိုင်းရင်းသား ၂၀၈၄၆၈ ဦး ပါရှိပါတယ်။

အဲဒီမြို့နယ်များဟာ နယ်မြေအားဖြင့်လည်း ဆက်စပ်လျက်ရှိပါတယ်။ ဒါကြောင့် ဟိုပန်၊ မိုင်းမော ပန်ဝိုင်၊ နားဖန်း၊ မန်ဖန်နဲ့ ပန်ယန်းမြို့နယ်တို့ကိုစုစည်းပြီး"ဝ"တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု သတ်မှတ်နိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။ အဲဒီလို သတ်မှတ်ပေးရာမှာ ခြောက် မြို့နယ်ရှိတဲ့ အတွက်ခရိုင် နှစ်ခရိုင်ဖွဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသတ်မှတ်နိုင်မယ့် အခြေအနေ မျိုးရှိတာကိုလည်း လေ့လာတွေ့ရှိပါတယ်။

သဘာဝပထိကြီးစင့်များ–

ရှမ်းပြည်နယ်ရှိ မိုင်းပြင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နဲ့ မိုင်းတုံမြို့နယ် တို့ကို စုစည်းပြီးလားဟူ တိုင်းရင်းသား လူမျိုးများ အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ကိုယ်စား ဦးကျာပဘားရှဲက အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်ရှိ မြို့နယ်များအနက် မြို့နယ်တစ်နယ်ချင်းအလိုက် လားဟူတိုင်းရင်းသား လူဦးရေအများဆုံးရှိတဲ့မြို့နယ်ဟာ မိုင်းဆတ်တစ်မြို့နယ်သာရှိပါတယ်။

- မိုင်းဆတ်မြို့နယ် လူဦးရေဟာ ၆၅၄၄၆ဦးဖြစ်ပြီး၊
  လားဟူတိုင်းရင်းသား ၂၅၁၅၆ ဦး ပါရှိပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အနည်းဆုံး နှစ်မြို့နယ် ရှိဖို့လိုအပ်ပြီး အဲဒီ မြို့နယ်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိမယ့် တိုင်းရင်းသား လူမျိုးလူဦးရေဟာ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် အများဆုံးရှိတဲ့ပြင် အဲဒီ မြို့နယ်များရှိ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိဖို့လည်း လိုအပ်ပါတယ်။ လားဟူတိုင်းရင်းသားလူမျိုးအများဆုံးနေထိုင်တဲ့ မြို့နယ်ဟာ တစ်မြို့နယ်တည်းသာရှိပြီး အဲဒီမြို့နယ်နဲ့ ဆက်စပ်နေတဲ့ မြို့နယ်များမှာလည်း လားဟူ တိုင်းရင်းသားလူမျိုးများဟာ စုစုစည်းစည်းမရှိဘဲ ပျံ့နှံ့နေကြပါတယ်။ ဒါကြောင့် လားဟူတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုး မရှိတာ လေ့လာတွေ့ရှိပါတယ်။

ဒါပေမယ့် ရှမ်းပြည်နယ်မှာ လားဟူတိုင်းရင်းသားလူမျိုး လူဦးရေဟာ တစ်သိန်းခုနစ်သောင်းကျော်ရှိတဲ့အတွက် အဲဒီ လူဦးရေဟာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ပါဝင်ခွင့်ရရှိမယ့် လျာ်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ရင် ရှမ်းပြည်နယ်ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ လားဟူတိုင်းရင်းသား လူမျိုးရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် လားဟူတိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ် ပါဝင်ခွင့်ရနိုင်မယ့် အခြေအနေမျိုး ရှိတာ လေ့လာ တွေ့ရှိပါတယ်။

သဘာဝပတိကြီးခင်ဗျား–

ရှမ်းပြည်နယ်ရှိ ညောင်ရွှေမြို့နယ် အင်းလေးဒေသကို စုစည်းပြီး အင်းသားတိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးစံတွန်းမောင်နဲ့ ဦးဘသန်းတို့က အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်ရှိ မြို့နယ်များအနက် အင်းသားတိုင်းရင်းသား လူဦးရေ အများဆုံးရှိတဲ့ မြို့နယ်ဟာ ညောင်ရွှေတစ်မြို့နယ်သာ ရှိပါတယ်။

- ညောင်ရွှေမြို့နယ် လူဦးရေဟာ ၁၃၇၂၄၃ ဦးဖြစ်ပြီး အင်းသားတိုင်းရင်းသား ၉၆၀၃၂ဦး ပါရှိပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အနည်းဆုံး နှစ်မြို့နယ်ရှိဖို့ လိုအပ်ပြီး အဲဒီမြို့နယ်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိမယ့် တိုင်းရင်းသားလူမျိုး လူဦးရေဟာ မြို့နယ်တစ်နယ်ချင်းအလိုက် အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိဖို့လည်း လိုအပ်ပါ တယ်။ အင်းသား တိုင်းရင်းသားလူမျိုး အများစုနေထိုင်တဲ့ မြို့နယ်ဟာ တစ်မြို့နယ်တည်းသာရှိပြီး အဲဒီ မြို့နယ်နဲ့ ဆက်စပ်နေတဲ့

မြို့နယ်များမှာလည်းအင်းသားတိုင်းရင်းသား လူမျိုးများဟာ စုစုစည်းစည်း မရှိဘဲ ပျံ့နှံ့နေကြပါတယ်။ဒါကြောင့်အင်းသားတိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုး မရှိတာ လေ့လာတွေ့ရှိပါတယ်။

ဒါပေမယ့် ရှမ်းပြည်နယ်မှာ အင်းသားတိုင်းရင်းသားလူမျိုး လူဦးရေဟာ တစ်သိန်းတစ်သောင်းကျော်ရှိတဲ့အတွက် အဲဒီ လူဦးရေဟာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေ ပြုရေးနဲ့အုပ်ချုပ်ရေးမှာ ပါဝင်ခွင့်ရရှိမယ့် လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ရင် ရှမ်းပြည်နယ်ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ အင်းသားတိုင်းရင်းသား လူမျိုးရေးရာကို ဆောင်ရွက်နိုင်ရေးအတွက်အင်းသားတိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်ပါဝင် ခွင့်ရရှိနိုင်မယ့်အခြေအနေမျိုး ရှိတာလေ့လာ တွေ့ရှိပါတယ်။

**ဿဘာဝဗထိကြီးခင်ဗျား–**

ရှမ်းပြည်နယ်ရှိ ဖယ်ခုံ မြို့နယ်မှ ပင်လောင်း မြို့နယ်အနောက်တောင်စွန်းဒေသ၊ ကယားပြည်နယ် အနောက်မြောက်ခြမ်းရှိ လွိုင်ကော် မြို့နယ်နဲ့ ဒီမောဆိုမြို့နယ်၊ ကရင်ပြည်နယ်ရှိ သံတောင် မြောက်ပိုင်းဒေသနဲ့ မန္တလေးတိုင်းရှိ ပျဉ်းမနားမြို့နယ် အရှေ့ဘက် တောင်ပေါ်ဒေသတို့ကို စုစည်းပြီး ကယန်းတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ ရှမ်း ပြည်နယ်တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးကျော်လှမိုးနဲ့ ကယန်းအဖွဲ့မှ ကိုယ်စားလှယ် ဦးဂေဗရယ်ပျန်တို့က အကြံပြုထားပါတယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းအရ ရှမ်းပြည်နယ်နဲ့ကယားပြည်နယ်တို့ရှိ မြို့နယ်များအနက် မြို့နယ်တစ်နယ်ချင်းအလိုက် ကယန်းတိုင်းရင်းသား လူဦးရေ အများဆုံးရှိတဲ့ မြို့နယ်ဟာ ရှမ်းပြည်နယ်မှာ ဖယ်ခုံမြို့နယ်ဖြစ်ပြီး ကယားပြည်နယ်မှာ ဒီမောဆိုမြို့နယ်သာ ဖြစ်ပါတယ်။ အဲဒီ နှစ်မြို့နယ် လူဦးရေနဲ့ ကယန်းတိုင်းရင်းသား လူဦးရေတို့ကတော့–

ရှမ်းပြည်နယ်ရှိ
– ဖယ်ခုံမြို့နယ် လူဦးရေဟာ ၅၈၆၃၉ ဦး ဖြစ်ပြီး ကယန်းတိုင်းရင်းသား ၄၀၀၀၅ဦး ပါရှိပါတယ်။

ကယားပြည်နယ်ရှိ
– ဒီမောဆိုမြို့နယ် လူဦးရေဟာ ၅၆၄၀၈ ဦးဖြစ်ပြီး ကယန်းတိုင်းရင်းသား ၁၇၉၇၅ဦး ပါရှိပါတယ်။

ကရင်ပြည်နယ်နဲ့ မန္တလေးတိုင်းတို့မှာ ကယန်းတိုင်းရင်းသား လူမျိုး အများဆုံးနေထိုင်တဲ့ မြို့နယ် တစ်မြို့နယ်မျှ မရှိကြောင်း တွေ့ရှိရပါတယ်။ ချမှတ်ထားတဲ့ အခြေခံရ

မယ်မှ တစ်ရပ်ဟာ ရှိရင်းစွဲတိုင်း ခုနစ်တိုင်းကို တိုင်းဒေသကြီး ခုနစ်ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် ခုနစ်ပြည်နယ်ကို ပြည်နယ် ခုနစ်ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်ဖို့ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကို တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် သတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များရဲ့ အကြံပြုထားချက်ဟာ ပြည်နယ်သုံးပြည်နယ်နဲ့ တိုင်း တစ်တိုင်းမှာပါရှိတဲ့ မြို့နယ်တွေကို စုစည်းပြီး ကယန်း တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ တင်ပြထားတာဖြစ်ပါတယ်။ မြို့နယ်တစ်နယ်ချင်းအလိုက် လူဦးရေမှာ ကယန်းတိုင်းရင်းသားလူဦးရေအများဆုံးရှိတဲ့ မြို့နယ်ဟာ ရှမ်းပြည်နယ်မှာ တစ်မြို့နယ်နဲ့ ကယား ပြည်နယ်မှာ တစ်မြို့နယ်သာ ရှိပါတယ်။ ဒါကြောင့် ကယန်းတိုင်းရင်းသား လူမျိုးများအတွက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မန္တလေးတိုင်းတို့မှာရှိတဲ့ ဒေသတို့ကို စုစည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသတ်မှတ်နိုင်မယ့် အခြေအနေမျိုး မရှိတာ လေ့လာတွေ့ရှိပါတယ်။

ဒါပေမယ့် ရှမ်းပြည်နယ်မှာ ကယန်းတိုင်းရင်းသား လူဦးရေဟာ လေးသောင်းရှစ်ထောင်ကျော်ရှိတဲ့အတွက် အဲဒီလူဦးရေဟာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ပါဝင်ခွင့်ရမယ့် လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ရင် ရှမ်းပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ကယန်းတိုင်း ရင်းသားလူမျိုးရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် ကယန်းတိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ်ပါဝင်ခွင့် ရနိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

သဘာဝတိကြီးခင်ဗျား–

ရှမ်းပြည်နယ်ရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပြင်းနဲ့ မက်မန်းမြို့နယ်တို့ကို အခြေပြုပြီး အခါတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ သတ်မှတ်ပေးနိုင်တဲ့ အခြေအနေ မရှိကြောင်း၊ ဒါပေမယ့် ကျိုင်းတုံမြို့နယ်ရဲ့ အရှေ့ဘက်မှာ တည်ရှိတဲ့ မိုင်းမ၊ မိုင်းလားဒေသမှာ အခါတိုင်းရင်းသားများဟာ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့အတွက် အဲဒီဒေသကို ဗဟိုပြုလျက် အထူးဒေသ(၄) နယ်မြေအတွင်းရှိ ကျေးရွာများ၊ ကျေးရွာအုပ်စုများစုစည်းပြီး အခါ တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးပီတာသောင်းစိန်နဲ့ ဦးအစီးတို့က အကြံပြုထားပါတယ်။

ရှမ်းပြည်နယ် အထူးဒေသ (၄)မှ ကိုယ်စားလှယ် ဦးမင်းအိမ်ကတော့ ရှမ်းပြည်နယ် အထူးဒေသ(၄)ကို အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးဖို့နဲ့ အဲဒီလို သတ်မှတ်တဲ့ အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းမှာ အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်၊ ရှမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်နဲ့ လွယ်လ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်များ ဖွဲ့စည်းပေးဖို့ အကြံပြုထားပါကယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမယ့် မူအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှစ်မျိုးနှစ်စားရှိပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အနည်းဆုံး နှစ်မြို့နယ်ရှိဖို့ လိုအပ်ပြီး အဲဒီမြို့နယ်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိမယ့် တိုင်းရင်းသားလူမျိုးလူဦးရေဟာ မြို့နယ်တစ်နယ်ချင်းအလိုက် အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိဖို့လည်း လိုအပ်ပါတယ်။ အခါတိုင်းရင်းသားလူမျိုးဟာ ရှမ်းပြည်နယ်မှာမည်သည့် မြို့နယ်တွင်မှ လူဦးရေ အများဆုံးအနေနဲ့ နေထိုင်တာ မတွေ့ရှိရပါ။ဒါကြောင့် အခါ တိုင်းရင်းသားလူမျိုးများအတွက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုး မရှိတာ လေ့လာတွေ့ရှိပါတယ်။

ဒါပေမယ့် ရှမ်းပြည်နယ်မှာ အခါ တိုင်းရင်းသားလူမျိုး လူဦးရေဟာ တစ်သိန်းကျော်ရှိတဲ့အတွက် အဲဒီလူဦးရေဟာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးမှာ ပါဝင်ခွင့် ရရှိမယ့် လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ရင် ရှမ်းပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ အခါ တိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် အခါတိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ်ပါဝင်ခွင့် ရရှိနိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၅) နယ်မြေကို ရှမ်းပြည်နယ်ရှိ ကချင် တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သတ်မှတ်ပေးဖို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးဇုတ်ဒေါင်နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ(၅)မှ ကိုယ်စားလှယ် ဦးမထုနော်တို့က အကြံပြုထားပါတယ်။

ကချင်တိုင်းရင်းသားလူမျိုးဟာပြည်နယ်ရှိ ပြီးတဲ့ တိုင်းရင်းသားလူမျိုးဖြစ်ပါတယ်။ ဒါကြောင့် ကချင် တိုင်းရင်းသားလူမျိုးဟာ ရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိနိုင်မယ့် အခြေအနေမျိုး မရှိတာ လေ့လာတွေ့ရှိပါတယ်။

ဒါပေမယ့် ရှမ်းပြည်နယ်မှာ ကချင် တိုင်းရင်းသားလူမျိုး လူဦးရေဟာ တစ်သိန်း

ကျော်ရှိတဲ့အတွက် အဲဒီလူဦးရေဟာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ပါဝင်ခွင့်ရမယ့် လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ရင် ရှမ်းပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ကချင်တိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် ကချင် တိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိနိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ကချင်ပြည်နယ်ရှိ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ ဖန်းမော်၊ ရွှေကူ၊ မံစီ မြို့နယ်တို့ကို စုစည်းပြီး ရှမ်းလူမျိုးနွယ်စုဝင် တိုင်းလုံ၊ တိုင်းလျှန်၊ တိုင်းလေနဲ့ တိုင်းခန္တီး တိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးနိုင်တဲ့ အခြေအနေရှိရင် သတ်မှတ်ပေးဖို့ ကချင်ပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးကျော်စိုးလေး၊ ဦးစောနွဲ့ထွန်း၊ ဦးဝါရဲဂျာနဲ့ ဦးမန်ဂူထတန်တို့က အကြံပြုထားပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းအတူးဒေသ(၃)မှ ကိုယ်စားလှယ် ဦးစိုင်းနော်ခမ့်က ကချင်ပြည်နယ်တောင်ပိုင်းနဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းမှာ စုစည်းနေထိုင်ကြတဲ့ တိုင်းလျှန်၊ တိုင်းနေ၊ တိုင်းဆာ၊ တိုင်းခန္တီး၊ တိုင်းကဒူး၊ တိုင်းဂဏန်း၊ တိုင်းခွမ်စတဲ့ ရှမ်းမျိုး နွယ်ဝင်များအတွက် သင့်လျော်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ တောင်းခံရင် သတ်မှတ်ပေးသင့်ကြောင်း အကြံပြုထားပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကိုယ်စား ဦးစိုင်းစိုးညွန့်ကတော့ ဖန်းမော်ခရိုင်ရှိ ဖန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူ မြို့နယ်များအတွင်းရှိ မြေပြန့်ဒေသအားလုံး၊ မြစ်ကြီးနားခရိုင်ရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ကာမိုင်း၊ တနိုင်းရှိ မြေပြန့်ဒေသအားလုံး၊ ကသာခရိုင်ရှိ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသိုပင်လယ်ဘူး မြို့နယ်များ၊ ကလေးခရိုင်ရှိ ကလေး၊ ဖောင်းပြင်၊ တမူး၊ ကလေးဝ၊ မော်လိုက်၊ မိန်းကန်း နယ်များနဲ့ ခန္တီးခရိုင်ရှိ ခန္တီး၊ ဟုမ္မလင်း၊ နန်းယွန်းနယ်များကို စုစည်းပြီး တိုင်းလိုင်ပြည်နယ်၊ သို့မဟုတ် တိုင်းလိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသ သတ်မှတ်ပေးဖို့ အကြံပြုထားပါတယ်။

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး ရှိရင်းစွဲ တိုင်းခုနစ်တိုင်းကို တိုင်းဒေသကြီး ခုနစ်ခုအဖြစ် လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ်ခုနစ်ပြည်နယ်ကို ပြည်နယ် ခုနစ်ပြည်နယ်အဖြစ် လည်းကောင်း ပိုင်းခြားသတ်မှတ်ဖို့ အခြေခံရမယ့်မူ ချမှတ်ထားပြီးဖြစ်လို့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်

ထပ်မံပိုင်းခြား သတ်မှတ်ခွင့်မရှိရာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ အကြံပြုချက်ဟာပြည်နယ်အသစ် သတ်မှတ်ဖို့ ဖြစ်တဲ့အတွက် သတ်မှတ်နိုင်မယ့် အခြေအနေ မရှိကြောင်း လေ့လာတွေ့ရှိပါတယ်။

ထိုနည်းတူပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုကို တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်မရရှိတဲ့ တိုင်းရင်းသားလူမျိုးများအတွက်သာ သတ်မှတ်ပေးဖို့ အခြေခံရမယ့်မူ ချမှတ်ထားရှိရာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ကိုယ်စားလှယ်အချို့ရဲ့ အကြံပြုချက်ဟာ ရှမ်းမျိုး နွယ်ဝင်တိုင်းရင်းသားလူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ဖြစ်လို့ သတ်မှတ်ပေးနိုင်မယ့် အခြေအနေမျိုး မရှိကြောင်းလည်း လေ့လာတွေ့ရှိပါတယ်။

ဒါ့ပေမယ့်ရှမ်းတိုင်းရင်းသားလူမျိုးလူဦးရေဟာ ကချင်ပြည်နယ်မှာ နှစ်သိန်းခြောက်သောင်းကျော်ရှိပြီး စစ်ကိုင်းတိုင်းမှာ နှစ်သိန်းကျော်ရှိတဲ့အတွက် အဲဒီ လူဦးရေဟာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ပါဝင်ခွင့်ရမယ့် လျော်ကန်သင့်မြတ်တဲ့ လူဦးရေ ဖြစ်ရင် ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ရှမ်း တိုင်းရင်းသား လူမျိုးရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းတိုင်းရင်းသား လူမျိုးရေးရာကိုယ်စားလှယ် ပါဝင်ခွင့်ရရှိနိုင်မယ့် အခြေအနေမျိုးရှိတာ လေ့လာတွေ့ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ကချင်ပြည်နယ်ရှိ ပူတာအိုမြို့နယ်၊ မချမ်းဘော မြို့နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်ဘူဒဲမြို့နယ်နဲ့ ဆွမ်ပရာဘွမ် မြို့နယ်တို့ကို စုစည်းပြီး လီဆူ၊ ရဝမ်နဲ့ တိုင်းခန္တီးတိုင်းရင်းသား လူမျိုးများအတွက် ပူတာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးဖို့ ကချင်ပြည်နယ်မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးကျော်စိုးလေး၊ ဦးစောန္တဲ့တွန်း၊ ဦးဝါရဲဂျာနဲ့ ဦးမန်ဂူထတန်တို့က အကြံပြုထားပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးအတွက် ချမှတ်ထားတဲ့ အခြေခံရမယ့်မူဟာ အကြံပြုချက်မှာ ပါရှိသလို တိုင်းရင်းသားလူမျိုးသုံးလေးမျိုးကို စုပေါင်းပြီး သတ်မှတ်ပေးဖို့ မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းအလိုက် သတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်နိုင်မယ့် အခြေအနေမျိုး မရှိတာ လေ့လာတွေ့ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

ချင်းပြည်နယ်ရှိ ပလက်ဝနယ်ကို ရှင်းလက်ဝ မြို့နယ်၊ ထရွန်အိုင်မြို့နယ်၊ ပလက်ဝမြို့နယ်၊ ခမီးမြို့နယ်၊ သံတောင်မြို့နယ်လို့ မြို့နယ်အသစ် ငါးနယ် ဖွဲ့စည်းစုစည်းပြီး ခူမီးတိုင်းရင်းသား လူမျိုးများ

အတွက် ပလက်ဝတောင်တန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးဖို့ ချင်းပြည်နယ်မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးထပ်လိုင်းက အကြံပြုထားပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အနည်းဆုံး နှစ်မြို့နယ်ရှိဖို့ လိုအပ်ပြီး အဲဒီမြို့နယ်များမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိမယ့် တိုင်းရင်းသားလူမျိုး လူဦးရေဟာ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ကျော်ရှိဖို့လည်း လိုအပ် ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဆိုရင်တော့ အနည်းဆုံးလေးမြို့နယ်ရှိဖို့ လိုအပ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းမှာ ချင်းပြည်နယ်မှာ ခူမီး တိုင်းရင်းသားလူမျိုးများ အများဆုံး နေထိုင်တဲ့ မြို့နယ်တစ်မြို့နယ်မှ မရှိတာတွေ့ရှိပါတယ်။ ဒါကြောင့် ခူမီး တိုင်းရင်းသားလူမျိုးများအတွက် ပလက်ဝတောင်တန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်နိုင်မယ့် အခြေအနေမျိုး မရှိတာလေ့လာ တွေ့ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရခိုင်ပြည်နယ်ရှိ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ဘူးသီးတောင် မြို့နယ်၊ မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်နဲ့ ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်တို့ကိုစုစည်းပြီး မြို(ခေါ်) ခမိတိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသတ်မှတ်ပေးဖို့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ရဲ့ကိုယ်စား ဦးစံသာအောင်က အကြံပြုထားပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက် သတ်မှတ်ပေးဖို့ အခြေခံရမယ့်မူချမှတ်ထားပါတယ်။ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့ရဲ့ အကြံပြုချက်ဟာ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်ရှိ မြို့နယ်များကိုစုစည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ပေးဖို့ ဖြစ်တဲ့အတွက်ချမှတ်ထားတဲ့ အခြေခံရမယ့် မူနဲ့ မကိုက်ညီကြောင်း ပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ်သို့မဟုတ် ချင်းပြည်နယ်မှာရှိတဲ့ မြို့နယ်များကို စုစည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသတ်မှတ်ပေးရေးအတွက်ဟာလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းမှာ အနည်းဆုံး လေးမြို့နယ်ရှိဖို့လိုအပ်ပြီး အဲဒီမြို့နယ်များမှာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းရရှိမယ့် တိုင်းရင်းသားလူမျိုး လူဦးရေဟာ မြို့နယ်တစ်နယ်ချင်းအလိုက် အများဆုံးရှိတဲ့ပြင် အဲဒီမြို့နယ်များရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက် ကျော် ရှိဖို့လည်း လိုအပ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားတဲ့ စာရင်းမှာ မြိုနဲ့ခမိ တိုင်းရင်းသား လူမျိုးများဟာ ရခိုင်ပြည်နယ်

သို့မဟုတ်ချင်းပြည်နယ်မှာ မည်သည့်မြို့နယ်တွင်မှ လူဦးရေအများဆုံးနေထိုင်ခြင်း မရှိတာ တွေ့ရှိပါတယ်။ ဒါကြောင့် မြို့(ခေါ်)ခမိတိုင်းရင်းသား လူမျိုးများအတွက် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း သတ်မှတ်နိုင်မယ့် အခြေအနေမျိုးမရှိဘာလေ့လာတွေ့ရှိပါတယ်။

**သဘာဝပတိကြီးခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံမှာ အခြေခံရမယ့်မူခုနစ်ချက်ရှိတဲ့အနက် အမှတ်စဉ်(၅)ဖြစ်တဲ့"တိုင်းဒေသကြီးများသို့မဟုတ် ပြည်နယ်များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ"ဆိုတဲ့ စကားရပ်နောက်တွင် "ကာရင်ပြည်နယ်မပါ" ဆိုသည့် စကားရပ်ထည့်သွင်းပေးဖို့နဲ့ ပအိုဝ်း၊ ပလောင်၊ မနု၊ လားဟူ၊ အခါ၊ "ဝ"၊ ကိုးကန့်၊ မြို့ (ခေါ်) ခမီး၊ နာဂ၊ လီဆူ တိုင်းရင်းသားလူမျိုးများနဲ့ အခြားရသင့်ရထိုက်တဲ့ တိုင်းရင်းသား လူမျိုးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖြစ် သတ်မှတ်ပေးဖို့ ပြည်ထောင်စု ကာရင်အမျိုးသားများ အဖွဲ့ချုပ်ရဲ့ကိုယ်စား ဦးစောသန်းအောင်က အကြံပြုထားပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့အခြေခံရမယ့်မူ အမှတ်စဉ်(၅)ဟာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိတဲ့ တိုင်းရင်းသား အားလုံးနဲ့ သက်ဆိုင်တဲ့အတွက် ခြွင်းချက်ထည့်လို့ရမှာမဟုတ်ကြောင်းပြောကြားလိုပါတယ်။ ကာရင်ပြည်နယ်မှအပဖြစ်တဲ့ ပြည်နယ်များနဲ့ တိုင်းဒေသကြီး အသီးသီးမှာ ကာရင်တိုင်းရင်းသား လူမျိုးလူဦးရေဟာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ပါဝင်ခွင့်ရမယ့် လျော်ကန်သင့်မြတ်တဲ့ လူဦးရေဖြစ်ရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ ကာရင်တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်နိုင်ရေးအတွက် ကာရင် တိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိနိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စု ကာရင်အမျိုးသားများအဖွဲ့ချုပ်က အကြံပြုထားတဲ့ ရသင့်ရထိုက်တဲ့ တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိရေးကိစ္စနဲ့စပ်လျဉ်းလို့ သက်ဆိုင်ရာ တိုင်းရင်းသားအလိုက် ရှင်းလင်း ပြောကြားရာမှာ ပါရှိပြီးဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ကိုယ်စား ဦးစိုင်းစိုးညွန့်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး အကြံပြုတာကတော့ ရခိုင်ပြည်နယ်မှာ မြို့(ခေါ်)ခမိများအတွက် နယ်မြေ သတ်မှတ်ပေးဖို့လို အပ်တယ်လို့ယူဆရင် ရောဝတီတိုင်းမှာ အရှေ့ကရင်များနဲ့ မတူတဲ့ မြစ်ဝ

ဒေသ သတ်မှတ်ရေးအတွက် အကြံပြုထားတဲ့ တိုင်းရင်းသားလူမျိုးအလိုက်၊ ပါတီအလိုက် ကျွန်တော်ရှင်းလင်း ပြောကြားရာမှာလည်း ဆိုင်သင့်ရာရာတွေကို ထည့်သွင်းစဉ်းစားပြီးပြောကြားထားပါတယ်။ဒါကြောင့် ထပ်မံ ရှင်းလင်းခြင်း မပြုတော့ပါကြောင်း ပြောကြားလိုပါတယ်။

**သဘာပတိကြီး ခင်ဗျား–**

ကျွန်တော် ရှင်းလင်းပြောကြားခဲ့တာတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးနဲ့ စပ်လျဉ်းတဲ့အပိုင်းဖြစ်ပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှု အပိုင်းအတွက်လည်း ဆက်လက်ရှင်းလင်းပြောကြားမှာ ဖြစ်ပါတယ် ခင်ဗျား။

**အမျိုးသားညီလာခံ၏ ညီလာခံအစည်းအဝေး၌ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုပုံစံ ရှင်းလင်းပြောကြားချမှတ်ထားသော အခြေခံရမည့်မူအရ နိုင်ငံတော်၌ လွှတ်တော်နှစ်ရပ် ဖွဲ့စည်းရမည်ဖြစ်**

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အခန်းတွေအတွက် အခြေခံရမယ့်မူတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေသလို အချို့မူတွေဟာဆိုရင် သဘာဝအလျောက် သက်ဆိုင်ရာအခန်းရောက်မှ ဆွေးနွေးရမယ့်မူတွေလဲ ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။ အချို့အခြေခံရမယ့်မူတွေဟာဆိုရင် အခန်းတစ်ခုနဲ့တစ်ခု ဆက်စပ်ညှိနှိုင်းဖို့ရှိတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခန်းတွေကို တစ်ခုပြီးမှ တစ်ခု ဆွေးနွေးကြမယ်ဆိုရင် အဆက်အစပ် ပြတ်တောက်နေမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အခန်းတွေနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူတွေကိုချမှတ်ရာမှာ အကြမ်းဖျင်းအားဖြင့် အပိုင်း(၃)ပိုင်းခွဲခြားဆွေးနွေးပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ဖို့ ရှိနေပါတယ်။ အဲဒီအပိုင်းတွေဟာဆိုရင် အခန်းတစ်ခုစီရဲ့–

- ဖွဲ့စည်းမှုအပိုင်း
- အာဏာခွဲဝေမှုအပိုင်းနဲ့
- လုပ်ငန်းအပိုင်း

ဆိုပြီး အပိုင်းသုံးပိုင်းကို ခွဲခြားဆွေးနွေးဖို့ လိုအပ်ပါမယ်။

ဒါကြောင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဆွေးနွေးအကြံပြု ရာမှာ အဆက်အစပ် ပြတ်တောက်မှု မရှိအောင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အခန်းတို့ရဲ့ ဖွဲ့စည်းမှု အပိုင်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ လေ့လာထားရှိချက်တွေကို တင်ပြပါမယ်။

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေးအခန်းကို ဦးစွာတင်ပြရရင် "ဥပဒေပြုရေးနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေး အာဏာကို ခွဲဝေအပ်နှင်းမည်" လို့ အခြေခံရမယ့်မူချမှတ်ပြီးဖြစ်ပါတယ်။

အဲဒီမူအပေါ်မူတည်ပြီး အသေးစိတ် အခြေခံရမယ့်မူများကို ချမှတ် ရာမှာ–

၁။ နိုင်ငံတော်၏ဥပဒေပြုရေး အာဏာကို ပြည်ထောင်စု လွှတ်တော်၊

တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ် လွှတ်တော်များသို့ ခွဲဝေ အပ်နှင်းသည်။

၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု များအား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေက သတ်မှတ်သော ဥပဒေပြုရေး အာဏာကို ခွဲဝေ အပ်နှင်းသည်လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့် ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု လွှတ်တော်နဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေဟာဆိုရင်–

၁။ ပြည်ထောင်စု လွှတ်တော်တွင် လူဦးရေကို အခြေခံရွေးကောက် တင်မြှောက်သည့် လွှတ်တော် တစ်ရပ်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော် တစ်ရပ် ပေါင်းနှစ်ရပ်ပါရှိသည်။

၂။ ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သတ်မှတ်သည့် ဦးရေ အတိုင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများ ပါဝင်သည်တို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ လူဦးရေကို အခြေခံရွေးကောက် တင်မြှောက်သည့် လွှတ်တော်ဟူ၍ လည်းကောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ် ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော် ဟူ၍လည်းကောင်း သုံးနှုန်းခဲ့ပါတယ်။

ယခုအခါ အခန်းအလိုက် အသေးစိတ် အခြေခံရမယ့်မူများ ဆွေးနွေးဖို့ရှိရာ အဲဒီလွှတ်တော်နှစ်ရပ်ရဲ့ အမည်များကို ဘယ်လို သုံးနှုန်းသင့်တယ်ဆိုတာ ပထမဦးစွာ စဉ်းစားဆွေးနွေးဖို့ ရှိနေပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ နိုင်ငံတော်မှာ လွှတ်တော်နှစ်ရပ်ရှိခဲ့ပါတယ်။ လွှတ်တော် တစ်ရပ်ကို "လူမျိုးစုလွှတ်တော်" လို့ သုံးနှုန်းပြီး၊ ကျန် လွှတ်တော် တစ်ရပ်ကို "ပြည်သူ့လွှတ်တော်" လို့ သုံးနှုန်းခဲ့ပါတယ်။

ချမှတ်ထားတဲ့ အခြေခံရမယ့်မူအရ ကျွန်တော်တို့ နိုင်ငံတော်မှာ လွှတ်တော်နှစ်ရပ်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ လူဦးရေကို အခြေခံ ရွေးကောက် တင်မြှောက်တဲ့လွှတ်တော်ကို ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ

အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့မှာ "ပြည်သူ့လွှတ်တော်"လို့ သုံးနှုန်းခဲ့တဲ့နည်းတူ ရေးဆွဲမယ့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရာမှာလဲ လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို "ပြည်သူ့လွှတ်တော် (House of Representatives)" လို့သုံးနှုန်းသင့်ကြောင်း လေ့လာရရှိပါတယ်။

တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုမူ တိုင်းရင်းသား အားလုံးပါဝင်ကြောင်း အနှစ်သာရ ပေါ်လွင်စေရေးအတွက် အဲဒီ လွှတ်တော်ရဲ့ အမည်ကို "အမျိုးသားလွှတ်တော် (House of Nationalities)"လို့ သုံးနှုန်းသင့်ကြောင်း လေ့လာရရှိပါတယ်။ ယခုထက် ပိုမိုသင့်တော်မယ့် အမည်များရှိရင်လဲ ဆွေးနွေး အကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘောပေါက်ကြီးခင်ဗျား–**

အဲဒီ လွှတ်တော်နှစ်ရပ်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရှင်းလင်းလွယ်ကူမှု ရှိစေရေးအတွက် ကျွန်တော် တင်ပြတဲ့အခါမှာ လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို "ပြည်သူ့လွှတ်တော်"၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို "အမျိုးသားလွှတ်တော်" လို့ သုံးနှုန်းတင်ပြသွားပါမယ်။

ကျွန်တော် စောစောကတင်ပြခဲ့တဲ့ အခြေခံရမယ့် မူတွေနဲ့အညီ ပြည်ထောင်စု လွှတ်တော်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး–

– ပြည်ထောင်စု လွှတ်တော်တွင် အောက်ပါ လွှတ်တော်နှစ်ရပ် ပါဝင်သည်။

(က) လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ ဖြင့် ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်၊

(ခ) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် အမျိုးသားလွှတ်တော်လို့

အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်သူ့လွှတ်တော် ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး တင်ပြပါမယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ကို အမတ်ဦးရေ ၂၅၀ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပြည်သူ့လွှတ်တော်ကို ပထမအကြိမ်သက်တမ်းမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၅၁ဦးဖြင့် လည်းကောင်း၊ ဒုတိယအကြိမ် သက်တမ်းမှာ ၄၆၄ဦးဖြင့်လည်းကောင်း၊ တတိယ အကြိမ်သက်တမ်းမှာ ၄၇၅ဦးဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ် သက်တမ်းမှာ ၄၈၉ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအရ လည်းကောင်း၊ ပြည်ထောင်စု တစ်ဝန်း လုံးမှာ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးအများစု ပါဝင်နိုင်ရေးအတွက် လည်းကောင်း ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်း လေ့လာရရှိပါတယ်။ အဲဒီလို ပြည်သူ့လွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ ဦးဖြင့် ဖွဲ့စည်းတဲ့အခါ ရွေးကောက် တင်မြှောက်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၃၃၀ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၁၁၀ဦးနဲ့ ဖွဲ့စည်းသင့်ပါတယ်။

ပြည်သူ့လွှတ်တော်မှာ ရွေးကောက် တင်မြှောက်တဲ့ လွှတ်တော် ကိုယ်စားလှယ် ၃၃၀ ဦးကို ထည့်သွင်း ဖွဲ့စည်းသင့်ကြောင်း တင်ပြရခြင်းမှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်မှာ လက်ရှိ မြို့နယ်ပေါင်း ၃၂၄ မြို့နယ်ရှိပါတယ်။ အဲဒီမြို့နယ်တွေမှာ တိုင်းရင်းသား လူမျိုးအားလုံး နေထိုင်လျက် ရှိကြပါတယ်။ အချို့မြို့နယ်တွေမှာ လူဦးရေများပြားပြီး အချို့မြို့နယ်တွေမှာတော့ လူဦးရေနည်းပါးပါတယ်။ ဒါပေမဲ့ မြို့နယ်တိုင်းလိုလိုမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ စုပေါင်း နေထိုင်လျက် ရှိကြတာကိုတွေ့ရတဲ့အတွက် လူဦးရေကို အခြေခံပြီး မြို့နယ်အလိုက် မဲဆန္ဒနယ် များကို သတ်မှတ်ရွေးကောက်တင်မြှောက် ခြင်းအားဖြင့် ပြည်သူ့လွှတ်တော်မှာ တိုင်းရင်းသား လူမျိုးအများအပြား ပါဝင် ခွင့်ရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူဦးရေသုံးသိန်းအထိရှိတဲ့ မြို့နယ်တိုင်းက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးစီ ကိုလည်းကောင်း၊ လူဦးရေ သုံးသိန်းထက် ပိုတဲ့မြို့နယ်တိုင်းအတွက်လဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီကိုလည်းကောင်း ရွေးကောက် တင်မြှောက်ဖို့လိုအပ်ပါတယ်။ အဲဒီလို ရွေးကောက်တင်မြှောက်ရာမှာ

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၃၀ ထက်မပိုစေဖို့ သတ်မှတ် သင့်ပါတယ်။ တကယ်လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၃၃၀ ပြည့်မီဖို့ ထပ်မံ လိုအပ်နေသေးရင်၊ အဲဒီလိုအပ်နေတဲ့ ကိုယ်စားလှယ်ဦးရေအတွက် လူဦးရေ သုံးသိန်းထက်ပိုတဲ့ မြို့နယ်များထဲက လူဦးရေအများအနည်းအလိုက် လူဦးရေ အများဆုံးရှိတဲ့ မြို့နယ်ကစပြီး လိုအပ်တဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တစ်မြို့နယ်လျှင် တစ်ဦးကျစီ ထပ်မံရွေးကောက်တင်မြှောက်နိုင်ဖို့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနဲ့ အညီသတ်မှတ်ပေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ဖို့ တပ်မတော်မှာ တာဝန်ရှိနေပါတယ်။ တပ်မတော်ဟာ နိုင်ငံတော်နဲ့ ပြည်သူ တွေအတွက် အနစ်နာခံရပ်တည်ခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားစွာနဲ့ ဒို့တာဝန် အရေးသုံးပါးကို အမြဲတစေ ကာကွယ်စောင့်ရှောက်ခဲ့တယ် ဆိုတာလဲ ထင်ရှားခဲ့ပြီး ဖြစ်ပါတယ်။

အနာဂတ် မြန်မာနိုင်ငံတော်ရဲ့ အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်ဟာ ပါဝင်ထမ်းဆောင်ခွင့်ရပြီး ဒို့တာဝန် အရေးသုံးပါးကို ဆက်လက် ကာကွယ်စောင့်ရှောက်နိုင်ဖို့ ပြည်သူ့လွှတ်တော်မှာ တပ်မတော်သား လွှတ်တော် ကိုယ်စား လှယ်ဦးရေ ၁၁၀ ပါဝင် စေသင့်ပါတယ်။ ဒါဟာလဲ သင့်တင့်တဲ့ အချိုးအစားဖြစ်မယ်လို့ ယူဆပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး—

- ပြည်သူ့လွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်—

(က) လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

ပြည်သူ့လွှတ်တော် ဖွဲ့စည်းပြီးတဲ့အခါ ပြည်သူ့လွှတ်တော်ကို ကြီးကြပ်ပေးဖို့ သဘာပတိများလဲ လိုအပ်လာပါမယ်။

ပြည်သူ့လွှတ် [illegible]
တစ်ခုအတွက် ပြည်သူ့လွှတ်တော် ပထမအကြိမ်ပထမအစည်းအဝေးကျင်းပတဲ့အခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ သဘာပတိရွေးမှောက်မှာ ကတိသစ္စာပြုနိုင်ဖို့ ပြည်သူ့လွှတ်တော် သဘာပတိရွေးချယ်တင် မြှောက်ပေးနိုင်ဖို့နဲ့ အဲဒီအစည်းအဝေးကို ကြီးကြပ်ပေးဖို့ ယာယီသဘာပတိတစ်ဦးကို တင်မြှောက်ပေးရန်လိုအပ်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ယာယီသဘာပတိ တင်မြှောက် ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ ပြည်သူ့လွှတ်တော် သက်တမ်းတစ်ရပ်၏ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်အခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ယာယီ သဘာပတိအဖြစ်တင်မြှောက်ရမည်၊

၂။ ယာယီ သဘာပတိသည် ပြည်သူ့ လွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်၊

၃။ ယာယီသဘာပတိသည် ပြည်သူ့လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

## သဘာပတိကြီးစင်များ–

ပြည်သူ့လွှတ်တော်သဘာပတိနဲ့ ဒုတိယသဘာပတိများ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဖို့ လွှတ်တော်အကြီးအမှူး များကို ခန့်အပ်တဲ့နည်းလမ်းနဲ့ဖြစ်စေ၊ ရွေးကောက်တင်မြှောက်တဲ့ နည်းလမ်းနဲ့ဖြစ်စေဆောင်ရွက်ကြတာကို နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ တွေ့ရှိရပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်ရဲ့ အကြီးအမှူးများကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ခဲ့ကြပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရလဲ ပြည်သူ့လွှတ်တော်ရဲ့ သဘာပတိအဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ခဲ့ကြပါတယ်။

တော
ကြပ်တဲ့
ည့်ကျ
။
.လွှတ်
ိုင်ရာ
ဆောင်
ုံးအမှူး
ကြောင့်
ိလျော့
ဘီ" လို့

ပြုရေး
ဝင်မှာ
စည်း
.လွှတ်
ကြပ်ဖို့
ဝန်ပေး
ဘာပတိ
တယ်။
းနိုင်ဖို့
ပေးမယ်

ကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍–

၁။ ပြည်သူ့လွှတ်တော်တွင်–

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည်ပြည်သူ့ လွှတ်တော် သဘာပတိ တစ်ဦးနှင့် ဒုတိယသဘာပတိ တစ်ဦးကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

(ခ) သဘာပတိသို့မဟုတ် ဒုတိယသဘာပတိနေရာ လစ်လပ်လျှင်အနီးကပ်ဆုံး ကျင်းပသော ပြည်သူ့ လွှတ်တော် အစည်း အဝေးတွင် အစားထိုး ရွေး ကောက် တင် မြှောက်ရမည်။

(ဂ) သဘာပတိသည် သဘာပတိတာဝန်ကို ထမ်းဆောင် နိုင်စွမ်း မရှိသည့်အခါ ဒုတိယသဘာပတိက သဘာပတိတာဝန်ကိုယာယီ ထမ်းဆောင်ရမည်။

၂။ ပြည်သူ့လွှတ်တော်၏ သဘာပတိ

သဘာဝပတ်ဝန်းကျင်ကြီးခင်များ–

ပြည်သူ့လွှတ်တော်ဟာ နိုင်ငံတော်ရဲ့ အရေးအရာများနဲ့စပ်လျဉ်းပြီး ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဆွေးနွေးခြင်း၊ လေ့လာခြင်းများကို ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖွဲ့စည်းခဲ့တဲ့ လွှတ်တော်များနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ များအရ ဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ရဲ့ အစည်းအဝေးများအရ လည်းကောင်း၊ အချို့သော နိုင်ငံများမှာ ဖွဲ့စည်းထားတဲ့လွှတ်တော်များရဲ့ အစည်းအဝေးအရ လည်းကောင်း၊ ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသင့်ကြောင်း လေ့လာရရှိပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်ဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြဖို့ လိုအပ်ရင်လွှတ်တော်ကော်မတီများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ,ကာလသတ်မှတ် ဖွဲ့စည်းတာဝန်ပေးအပ်ခွင့် ရှိစေသင့်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကြီးခင်များ–

ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စများအပြင် တပ်မတော်ဆိုင်ရာ ကိစ္စများကို လေ့လာတင်ပြစေဖို့ အကြောင်း ပေါ်ပေါက်လာရင် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်သင့်ပါတယ်။ အဲဒီ ကော်မတီကို တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းတာဝန် ပေးအပ်သင့်ပါတယ်။

ပြည်သူ့လွှတ်တော်ဟာ ပြည်သူ့လွှတ်တော်ကော်မတီများကို ဖွဲ့စည်းတဲ့ အခါ အဲဒီကော်မတီများရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းတို့ကိုလဲ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်ဟာ အမျိုးသားလွှတ်တော်နဲ့ ညှိနှိုင်းဖို့ ကိစ္စပေါ်ပေါက်ရင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စား လှယ်ဦးရေ တူညီစွာပါဝင်တဲ့ ပူးပေါင်းကော်မတီတစ်ရပ်ကိုလဲ ဖွဲ့စည်းဆောင်ရွက်ခွင့် ရှိစေသင့်ပါတယ်။ အဲဒီကော်မတီမှာပါဝင်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များကို ပြည်သူ့လွှတ်တော်က ရွေးကောက်တင်မြှောက် တာဝန်ပေးအပ် စေသင့်ပါတယ်။ ပူးပေါင်းကော်မတီရဲ့သက်တမ်းကိုလဲ

သက်ဆိုင်ရာလွှတ်တော် သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်အထိ သတ်မှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်ပေါ်ပေါက်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့က ဥပဒေများနဲ့အညီ လွှတ်တော်ကော်မတီများဖွဲ့စည်းပြီး နိုင်ငံတော်အရေးအရာနဲ့ စပ်လျဉ်းတဲ့အကြောင်းကိစ္စ တစ်ရပ်ရပ်ကို လေ့လာနိုင်ကြမှာဖြစ်ပါတယ်။ လွှတ်တော် နှစ်ရပ်စလုံးက တူညီသော အကြောင်းကိစ္စတစ်ရပ်ကို လေ့လာဖို့ရှိပြီး သီးခြားစီ လေ့လာနေမယ်ဆိုရင် လုပ်ငန်းကြန့်ကြာနေမှာ ဖြစ်တဲ့အတွက် လုပ်ငန်းများ လျင်လျင်မြန်မြန်ပြီးမြောက်စေဖို့ လွှတ်တော်နှစ်ရပ်ရဲ့ သဘာပတိ များဟာ အချင်းချင်း ညှိနှိုင်းပြီး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သင့်ကြပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်ကော်မတီများနဲ့ စပ်လျဉ်းပြီး–

၁။ ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်၊

၂။ ပြည်သူ့လွှတ်တော်သည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများအပြင် တပ်မတော်ဆိုင်ရာကိစ္စများကို လေ့လာ တင်ပြစေဖို့အကြောင်း ပေါ်ပေါက်ပါက ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်၊

၃။ ပြည်သူ့လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကို လေ့လာတင်ပြ စေရန်လိုအပ်ပါကလွှတ်တော်ကော်မတီများကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်၊

၄။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော် ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်၊

၅။ ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန် ကိစ္စပေါ်ပေါက်လျှင် ပြည်သူ့လွှတ်တော်နှင့်အမျိုးသား လွှတ်တော်တို့မှကိုယ်စားလှယ် ဦးရေ တူညီစွာ ပါဝင်သောပူးပေါင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက် နိုင်ရေး အတွက် ယင်းကော်မတီ တွင် ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့် အချိန်အထိ ဖြစ်သည်၊

၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် အထက်အပိုဒ်ခွဲ ၁ နှင့် ၂ ပါ ကော်မတီများက ဆောင်ရွက်ရမည့် ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်စလုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ သဘာပတိများသည် အချင်းချင်းညှိနှိုင်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ ပြည်သူ့လွှတ်တော်သည် ထိုကော်မတီတွင်ပါဝင်မည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။ ယင်းပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်း ပြီးသည့် အချိန်အထိဖြစ်သည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီရဲ့လုပ်ငန်းများမှ အပအခြားနိုင်ငံတော် အရေးအရာနဲ့စပ်လျဉ်းတဲ့ ကိစ္စတစ်ရပ်ရပ်ကို ပြည်သူ့ လွှတ်တော်က သိရှိလိုတဲ့အခါ လွှတ်တော်ကိုယ်စားလှယ် မဟုတ်တဲ့ သက်ဆိုင်ရာ ဘာသာရပ်နဲ့ လုပ်ငန်းကျွမ်းကျင်သူများရဲ့ အကူအညီကို ရယူဖို့လိုအပ်ရင် အဲဒီပုဂ္ဂိုလ်များရဲ့ အကူအညီကို ရယူရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဟာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖို့အကြောင်း ကိစ္စများရှိပါက ကော်မရှင်သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းပြီး အဲဒီကော်မရှင် သို့မဟုတ် အဖွဲ့များမှာ ပြည်သူ့လွှတ်တော် ကိုယ်စား

လုပ်ယ်များဖြင့်လည်းကောင်း၊ သင့်လျော်တဲ့ နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်ခွင့်ရှိစေ သင့်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းတဲ့ ကော်မရှင် သို့မဟုတ် အဖွဲ့များနဲ့စပ်လျဉ်းပြီး–

၁။ ပြည်သူ့ လွှတ်တော်သည်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်တော်သည့်နိုင်ငံသားများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်း နိုင်သည်၊

၂။ ပြည်သူ့လွှတ်တော်က လိုအပ်သည့် ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်း ကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်း သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အရလည်းကောင်း လွှတ်တော်များရဲ့ သက်တမ်းကို လေးနှစ်သတ်မှတ်ခဲ့ကြပါတယ်။ နောင်ပေါ်ပေါက်မယ့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်သမ္မတရဲ့ သက်တမ်းဟာ ငါးနှစ်ဖြစ်ကြောင်း အခြေခံရမယ့်မူချမှတ်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဟာ လွှတ်တော်များက ပြဋ္ဌာန်းပေးတဲ့ ဥပဒေများအရ နိုင်ငံတော်ရဲ့ လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက် ရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်းကို လေးနှစ်သာ သတ်မှတ်မယ်ဆိုပါက အတွေ့အကြုံများအရ လုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ သင့်တင့်လုံလောက်မယ့် အချိန်လိုအပ်မယ်လို့ လေ့လာရရှိပါတယ်။ ပြည်သူ့လွှတ်တော် သက်တမ်းကို ငါးနှစ်သတ်မှတ်ပေးပါမှ နိုင်ငံတော်သမ္မတကလဲ ယင်း၏ သက်တမ်းအတွင်း နိုင်ငံတော်၏လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သင့်တင့်သော အချိန်လုံလောက်မှု ရရှိ နိုင်မယ်လို့ ယူဆပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် သက်တမ်းနဲ့ စပ်လျဉ်းပြီး–

– ပြည်သူ့လွှတ်တော်၏ သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးစတင်ကျင်းပသည့်နေ့ရက်မှစ၍ငါးနှစ် ဖြစ်သည်

လို့အသေးစိတ် အခြေခံရမယ့်မူချမှတ်သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

အမျိုးသားလွှတ်တော် ဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ လေ့လာထားရှိချက်များကို ဆက်လက်တင်ပြပါ့မယ်။ ချမှတ်ထားတဲ့ အခြေခံရမယ့် မူများအရ အမျိုးသားလွှတ်တော်ကိုဖွဲ့စည်းရာမှာ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါရှိရပါ့မယ်။ ဒါ့အပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များလဲ ပါရှိရပါမယ်။

ဒါကြောင့် ပထမဦးစွာ အမျိုးသားလွှတ်တော်မှာ လွှတ်တော် ကိုယ်စားလှယ်ဦးရေမည်မျှရှိသင့်တယ် ဆိုတာကို စဉ်းစားဖို့ လိုလာပါတယ်။ ချမှတ်ထားတဲ့ အခြေခံရမယ့် မူတွေအရ အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး ခုနစ်ခုနဲ့ ပြည်နယ်ခုနစ်ခုတို့မှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ သဘာဝအားဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေကများပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေက နည်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် နောင်ပေါ်ပေါက်မယ့် ပြည်သူ့လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ အမျိုးသား လွှတ်တော်ရဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးရေထက် နှစ်ဆခန့် ဖြစ်သင့်ပါတယ်။

ကျွန်တော် စောစောက တင်ပြထားတဲ့အတိုင်း ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ဦးရေအများဆုံး ၄၄၀ နဲ့ ဖွဲ့စည်းမယ်ဆိုရင် အမျိုးသားလွှတ်တော် ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၂၀သို့မဟုတ် အဲဒီဦးရေဝန်းကျင်နဲ့ ဖွဲ့စည်းသင့်ကြောင်း လေ့လာရရှိပါတယ်။

အမျိုးသား လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းမယ်ဆိုရင် ချမှတ်ထားတဲ့ အခြေခံရမယ့် မူတွေနဲ့အညီ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီအတွက် တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆ဦးကျစီ သတ်မှတ်သင့်ပါတယ်။ အဲဒီ ၁၆ ဦးထဲက ၁၂ ဦးကို ရွေးကောက် တင်မြှောက်ပြီး အဲဒီလို ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးရေရဲ့ သုံးပုံတစ်ပုံဖြစ်တဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် လေးဦးပါဝင် သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

အမျိုးသား လွှတ်တော်မှာ တိုင်းရင်း

သား လူမျိုးပေါင်းစုံတို့ ပါဝင် နိုင်သမျှ ပါဝင်စေသင့်ပါတယ်။ အဲဒီလိုပါဝင်နိုင်စေဖို့ သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အသီးသီးက ရွေးကောက် တင်မြှောက်လိုက်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များလဲ အမျိုးသားလွှတ်တော်မှာ ပါဝင်ကြမယ်ဆိုရင် မိမိတို့နဲ့ဆိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုင်ရာ ကိစ္စများကို အမျိုးသား လွှတ်တော်မှာ တိုက်ရိုက်တင်ပြဆွေးနွေးခွင့် ရှိကြမှာ ဖြစ်ပါတယ်။ အဲဒီအကြောင်းတွေကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအသီးသီးက ရွေးကောက် တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်များလဲ အမျိုးသားလွှတ်တော်မှာ ပါဝင်စေသင့်ပါတယ်။

ဒါကြောင့် အမျိုးသား လွှတ်တော်ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး—

— အမျိုးသားလွှတ်တော်ကို လွှတ်တော် ကိုယ်စားလှယ် ဦးရေအများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(က)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှိလျှင် ယင်းတိုင်း သို့မဟုတ် ဒေသတစ်ခုစီအတွက် ကိုယ်စားလှယ် တစ်ဦးစီ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုမှ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက် တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊

(ခ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား—

အမျိုးသားလွှတ်တော် သက်တမ်းတစ်ရပ်ရဲ့ ပထမဆုံး အစည်းအဝေးကို စတင်ကျင်းပတဲ့အခါ အဲဒီ အစည်းအဝေးကို ကြီးကြပ်ပေးရန် ယာယီသဘာပတိ တစ်ဦး တင်မြှောက်ပေးဖို့ လိုအပ်ပါမယ်။ ဒါမှသာ အဲဒီ ယာယီသဘာပတိ ရှေ့မှောက်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာ ပြုနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အမျိုးသားလွှတ်တော်သဘာပတိနဲ့ ဒုတိယသဘာပတိ ရွေးကောက်တင်မြှောက်ပြီးသည့်အထိ ယာယီသဘာပတိက အမျိုးသားလွှတ်တော်၊ အစည်းအဝေးကို ကြီးကြပ်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားလွှတ်တော်ရဲ့ ယာယီသဘာပတိ တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ အမျိုးသားလွှတ်တော် သက်တမ်းတစ်ရပ်၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်အခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယာယီသဘာပတိ အဖြစ် တင်မြှောက်ရမည်။

၂။ ယာယီသဘာပတိသည် အမျိုးသားလွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာ ပြုရမည်။

၃။ ယာယီသဘာပတိသည် အမျိုးသားလွှတ်တော် သဘာပတိနှင့် ဒုတိယသဘာပတိ ရွေးကောက်တင်မြှောက်ပြီးသည့်အထိ အမျိုးသားလွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်များ–**

အမျိုးသားလွှတ်တော် သဘာပတိနဲ့ ဒုတိယသဘာပတိ ရွေးကောက် တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲဖို့ လည်းကောင်း၊ အမျိုးသား လွှတ်တော် အစည်းအဝေးများကို ကြီးကြပ် ဖို့လည်းကောင်း၊ ပြည်သူ့လွှတ်တော်နဲ့ လိုအပ်လျှင် ညှိနှိုင်းနိုင်ဖို့လည်းကောင်း အမျိုးသားလွှတ်တော် သဘာပတိ တစ်ဦးနဲ့ ဒုတိယ သဘာပတိ တစ်ဦးတို့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထဲက ရွေးကောက်တင်မြှောက်သင့်ပါတယ်။

ဒုတိယ သဘာပတိတစ်ဦးကို ထားရှိသင့်ကြောင်းတင်ပြရတဲ့အကြောင်း ကတော့ လုပ်ငန်း ဆောင်ရွက်ရာမှာ ဒုတိယ သဘာပတိက သဘာပတိကို အထောက်အကူပြုနိုင်ဖို့နဲ့ သဘာပတိဟာ သဘာပတိတာဝန်ကို အကြောင်းတစ်ခုခုကြောင့် ထမ်းဆောင်နိုင်စွမ်းမရှိတဲ့အခါ အမျိုးသားလွှတ်တော်ဆိုင်ရာ လုပ်ငန်းများ နှောင့်နှေးမှု မရှိစေရေးအတွက် သဘာပတိတာဝန်ကို ယာယီထမ်းဆောင်စေဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် သဘာပတိနဲ့ ဒုတိယသဘာပတိများကို အမျိုးသားလွှတ်တော်က ရွေးကောက်တင်မြှောက်တဲ့အခါ လိုက်နာရမယ့် နည်းလမ်းတွေကိုလဲ ဥပဒေဖြင့် သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ဒါ့ကြောင့် အမျိုးသားလွှတ်တော်

သဘာပတိနဲ့ ဒုတိယ သဘာပတိ ရွေးကောက်တင်မြှောက်ရေးနဲ့စပ်လျဉ်းပြီး–

၁။ အမျိုးသားလွှတ်တော်တွင်–

(က) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် သဘာပတိ တစ်ဦးနှင့် ဒုတိယသဘာပတိတစ်ဦးကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက် တင်မြှောက်ရမည်၊

(ခ) သဘာပတိ သို့မဟုတ် ဒုတိယသဘာပတိနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသောအမျိုးသား လွှတ်တော်အစည်းအဝေးတွင်အစားထိုး ရွေးကောက်တင်မြှောက်ရမည်၊

(ဂ) သဘာပတိသည် သဘာပတိတာဝန်ကို ထမ်း ဆောင် နိုင်စွမ်း မရှိသည့်အခါ ဒုတိယသဘာပတိက သဘာပတိတာဝန်ကို ယာယီထမ်းဆောင်ရမည်။

၂။ အမျိုးသားလွှတ်တော်၏ သဘာပတိနှင့် ဒုတိယသဘာပတိ ရွေးကောက်တင်မြှောက်ရန် နည်းလမ်းများကို ဥပဒေဖြင့် သတ်မှတ်ရမည်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားလွှတ်တော် သဘာပတိနဲ့ ဒုတိယသဘာပတိတို့ တာဝန် ထမ်းဆောင်ခြင်းနဲ့စပ်လျဉ်းပြီး တင်ပြပါ့မယ်။ သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ အမျိုးသားလွှတ်တော်ရဲ့နောက်သက်တမ်းအတွက် အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ယင်းတို့ရဲ့တာဝန်ကို ဆက်လက်ထမ်းဆောင်စေ သင့်ပါတယ်။ ဒါပေမယ့် သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ နုတ်ထွက်ရင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရရင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိတော့ရင်ဖြစ်စေ၊ သဘာပတိ သို့မဟုတ် ဒုတိယသဘာပတိ တာဝန်က အမျိုးသားလွှတ်တော်၏ ရုပ်သိမ်းခြင်းခံရရင်ဖြစ်စေ၊ ကွယ်လွန်ရင်ဖြစ်စေ သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိအဖြစ်က ရပ်စဲသင့်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ တာဝန် ထမ်းဆောင်ခြင်း၊ ရပ်စဲခြင်းတို့နဲ့ စပ်လျဉ်းပြီး–

၁။ အမျိုးသားလွှတ်တော် သဘာပတိနှင့် ဒုတိယ သဘာပတိတို့သည် နောက်တစ်ကြိမ်အမျိုးသားလွှတ်တော် သက်တမ်း ပထမ

အကြိမ် ပထမနေ့ အစည်းအဝေး စတင် မကျင်းပမီ အချိန်အထိ သဘာပတိ နှင့် ဒုတိယသဘာပတိ တာဝန်ကို ဆက်လက်ထမ်းဆောင် ရမည်။

၂။ အမျိုးသားလွှတ်တော် သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိ သည် နုတ်ထွက်လျှင်ဖြစ်စေ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း ခံရလျှင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိလျှင်ဖြစ်စေ၊ သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိအဖြစ်မှ အမျိုးသား လွှတ်တော်၏ ရပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိအဖြစ်မှ ရပ်စဲပြီး ဖြစ်စေ ရမည်လို့ အသေးစိတ်အခြေခံ ရမယ့်မူများချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားလွှတ်တော်ရဲ့ သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ အမျိုးသားလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်တဲ့အခါ ယင်းတို့ရဲ့ တာဝန်များနဲ့လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးမှသာ တိတိကျကျ ဆောင်ရွက် နိုင်စွမ်းရှိပါ့မယ်။ ယခင်လွှတ်တော်များကလဲ သဘာပတိရဲ့ လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းပြီး ဥပဒေများ ပြဋ္ဌာန်းသတ်မှတ် ပေးခဲ့တာကို လေ့လာ တွေ့ရှိရပါတယ်။

ဒါကြောင့်–

– အမျိုးသားလွှတ်တော် သဘာပတိနှင့် ဒုတိယသဘာပတိ တို့၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေ ဖြင့် သတ်မှတ် ပေးရ မည်လို့ အသေးစိတ် အခြေခံ ရမယ့် မူချမှတ်သင့်ပါတယ်။

ဒီလိုဥပဒေများပြဋ္ဌာန်းသတ်မှတ်တဲ့အခါ အမျိုးသားလွှတ်တော် သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ အမျိုးသား လွှတ်တော်ဆိုင်ရာ ကြီးမားတဲ့ တာဝန်များကို ထမ်းဆောင်ကြရတဲ့အလျောက် အဲဒီပုဂ္ဂိုလ် တွေရဲ့အဆင့် အတန်းများနဲ့ ရပိုင်ခွင့်များ ကိုလဲ ယင်းပုဂ္ဂိုလ်များ ထမ်းဆောင်ကြရမယ့် တာဝန်တွေနဲ့လိုက်လျောညီထွေ သတ်မှတ် ပေးဖို့ လိုအပ်ပါမယ်။ အမျိုးသား လွှတ်တော် သဘာပတိနဲ့ဒုတိယသဘာပတိတို့ရဲ့ ခံစားခွင့်များကို ဥပဒေနဲ့ သတ်မှတ်ပေး ဖို့ရှိပါမယ်။ ဒါကြောင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ်များက အဓိကကျတဲ့အချက် အချို့ကို အခြေခံရမယ့်မူအဖြစ် ချမှတ်ထား မယ်ဆိုရင် အဲဒီဥပဒေရေးဆွဲတဲ့အခါ လိုအပ် သလို ရေးဆွဲနိုင်ကြမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ရဲ့ ခံစားခွင့်များကို ပြည်သူ့လွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ရဲ့ ခံစားခွင့်အတိုင်း ခံစားခွင့်ပြုသင့်ပါတယ်။

အမျိုးသားလွှတ်တော် သဘာပတိဟာ ဒုတိယသမ္မတတစ်ဦးရဲ့ အဆင့်ကိုလည်းကောင်း၊ ဒုတိယသဘာပတိဟာ ပြည်ထောင်စုဝန်ကြီးတစ်ဦးရဲ့ အဆင့်ကိုလည်းကောင်း ရပိုင်ခွင့်ရှိကြောင်း အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားလွှတ်တော်ဟာ အမျိုးသားလွှတ်တော်နဲ့ စပ်လျဉ်းတဲ့ လုပ်ငန်းများကို လေ့လာတင်ပြစေနိုင်ဖို့ အမျိုးသားလွှတ်တော်ကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့များကို ပြည်သူ့လွှတ်တော်နည်းတူ ဖွဲ့စည်းထားသင့်ကြောင်း လေ့လာရရှိပါတယ်။ အဲဒီကော်မတီများ၊ ကော်မရှင်နဲ့အဖွဲ့များကို ဘာ့ကြောင့် ဖွဲ့စည်း သင့်တယ်ဆိုတာကိုလဲ ပြည်သူ့လွှတ်တော်နဲ့ စပ်လျဉ်းပြီး ရှင်းလင်းစဉ်အခါက ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော် ကော်မတီ၊ ကော်မရှင်နဲ့ အဖွဲ့များ ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး–

၁။(က) အမျိုးသားလွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) အမျိုးသားလွှတ်တော်သည် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စများအပြင် တပ်မတော်ဆိုင်ရာ ကိစ္စများကို လေ့လာ တင်ပြစေရန်အကြောင်း ပေါ်ပေါက်ပါက ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရမည်။

(ဂ) အမျိုးသားလွှတ်တော်သည် ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြ စေရန်လိုအပ်ပါကလွှတ်တော်ကော်မတီများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ဖွဲ့စည်းနိုင်သည်။

(ဃ) အမျိုးသား လွှတ်တော်သည်

အမျိုးသားလွှတ်တော် ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

(င) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စပေါ်ပေါက်လာလျှင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် ယင်းကော်မတီတွင်ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်နိုင်သည်။ပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

(စ) အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်တို့သည်အထက်အပိုဒ်ခွဲ(က)နှင့်(ခ)ပါ ကော်မတီများက ဆောင်ရွက်ရမည့် ကိစ္စများမှအပ အကြောင်း ကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ် စလုံးက လေ့လာရန်ရှိပါက ယင်းလွှတ်တော်များ၏ သဘောပတိများသည် အချင်းချင်း ညှိနှိုင်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သော ပူးပေါင်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်း ဆောင်ရွက်နိုင်သည်။ အမျိုးသားလွှတ်တော်သည် ထိုကော်မတီတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်တာဝန်ပေးအပ်နိုင်သည်။ ယင်း ပူးပေါင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိဖြစ်သည်။

၂။(က)အမျိုးသားလွှတ်တော်သည်လိုအပ်ပါကကော်မရှင်နှင့်အဖွဲ့ များကို အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။

(ခ) အမျိုးသား လွှတ်တော်သည် လိုအပ်သည့် ကော်မရှင်နှင့်အဖွဲ့ များကိုဖွဲ့စည်းသည့်အခါ ယင်းကော်မရှင်သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင် ဦးရေ၊တာဝန်၊လုပ်ပိုင်

ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ
သတ်မှတ်ပေးရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသား လွှတ်တော်ရဲ့ သက်တမ်း သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။ အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အခါ မဲဆန္ဒရှင်များဟာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို သာမန်အားဖြင့် တစ်ချိန်တည်း ရွေးကောက်တင်မြှောက်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ဟာလဲ တစ်ချိန်တည်း သက်တမ်းစပြီး တစ်ချိန်တည်းသက်တမ်းကုန်ဆုံးမှသာ နောက်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အခါလွယ်ကူမှုရှိမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ သက်တမ်းဟာ ပြည်သူ့လွှတ်တော်ရဲ့သက်တမ်းနဲ့အညီ ဖြစ်ပြီး ပြည်သူ့လွှတ်တော်ရဲ့ သက်တမ်း ကုန်ဆုံးတဲ့နေ့မှာပဲ အမျိုးသား လွှတ်တော်ရဲ့ သက်တမ်းလဲ ကုန်ဆုံး စေသင့်ပါတယ်။

ဒါကြောင့် အမျိုးသား လွှတ်တော်ရဲ့ သက်တမ်းနဲ့ စပ်လျဉ်းပြီး–

– အမျိုးသားလွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင်အမျိုးသားလွှတ်တော်၏ သက် တမ်းသည်လည်းကုန်ဆုံးသည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများအရ ပြည်သူ့ လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းဟာ ပြည်ထောင်စုလွှတ်တော်ဖြစ်ပါမယ်။ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကိုလဲ အခါအားလျော်စွာကျင်းပဖို့ ရှိပါမယ်။ ပြည်ထောင်စုလွှတ်တော်ဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်တို့လို အစည်းအဝေးများကို မကြာခဏကျင်းပဖွယ်ရာ မရှိနိုင်ဘူးလို့ ယူဆရပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ကြီးမှူးကျင်းပပေးဖို့ သဘာပတိနဲ့ ဒုတိယသဘာပတိတို့ကို သီးခြားရွေးကောက်တင်မြှောက်ဖို့ မလိုဘဲ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို အလှည့်ကျ ကြီးကြပ်ပေးမယ်ဆိုရင် ဖြစ်နိုင်မယ့် အခြေအနေရှိပါတယ်။ဒီလို ဆောင်ရွက်မယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်ရဲ့ အစည်းအဝေးများကို ကြီးမှူးကျင်းပပေးဖို့ သက်တမ်းထက်ဝက်ဖြစ်တဲ့ ပြည်သူ့လွှတ်တော် သက်

တမ်းတစ်ခု စတင်တဲ့နေ့ရက်မှလပေါင်း ၃၀ပြည့်မြောက်တဲ့နေ့ရက်အထိ အမျိုးသားလွှတ်တော်သဘာပတိနဲ့ ဒုတိယသဘာပတိတို့က ပြည်ထောင်စုလွှတ်တော် သဘာပတိနဲ့ ဒုတိယသဘာပတိအဖြစ် လည်းကောင်း၊ သက်တမ်းထက်ဝက်ဖြစ်တဲ့ ကျန်သက်တမ်းကာလမှာ ပြည်သူ့လွှတ်တော်သဘာပတိနဲ့ ဒုတိယ သဘာပတိတို့က ပြည်ထောင်စု လွှတ်တော်သဘာပတိနဲ့ ဒုတိယသဘာပတိအဖြစ် လည်းကောင်း ထမ်းဆောင်စေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု လွှတ်တော်သဘာပတိနဲ့ ဒုတိယသဘာပတိ တာဝန်ထမ်းဆောင်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ ပြည်သူ့လွှတ်တော် သက်တမ်းတစ်ခုစတင်သည့် နေ့ရက်မှ လပေါင်း ၃၀ပြည့်မြောက်သည့် နေ့ရက်အထိ အမျိုးသားလွှတ်တော် သဘာပတိနှင့် ဒုတိယသဘာပတိတို့သည် ပြည်ထောင်စုလွှတ်တော်သဘာပတိနှင့် ဒုတိယသဘာပတိ တာဝန်ကို ထမ်းဆောင်ရမည်။ ကျန်သက်တမ်းကာလအတွက် ပြည်သူ့လွှတ်တော်သဘာပတိနှင့် ဒုတိယသဘာပတိတို့သည် ပြည်ထောင်စုလွှတ်တော်သဘာပတိနှင့် ဒုတိယ သဘာပတိ တာဝန်များကို ထမ်းဆောင်ရမည်။

၂။ ပြည်ထောင်စု လွှတ်တော်သဘာပတိသည် သဘာပတိတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယ သဘာပတိက သဘာပတိ တာဝန်ကို ယာယီထမ်းဆောင်ရမည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီးလွှတ်တော်များနဲ့ ပြည်နယ်လွှတ်တော်များဟာ အဓိကအားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ပေးထားတဲ့ လုပ်ပိုင်ခွင့် အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေအတွက် လိုအပ်မယ့် ဥပဒေတွေကို ပြဋ္ဌာန်းကြရမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ပိုင်ခွင့်တွေ ရှိလာမယ့် တိုင်းဒေသကြီး လွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တွေမှာ လွှတ်တော် ကိုယ်စားလှယ်ဦးရေ ) သင့်တင့်လျောက်ပတ်စွာရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့်ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေနဲ့အညီ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှ သတ်မှတ်ထားသော မဲဆန္ဒနယ် အလိုက် ရွေးကောက် တင်မြှောက်ထားတဲ့ လွှတ်

တော် ကိုယ်စားလှယ်များ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသား လူမျိုးများအနက် လျာ်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကြမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်တွေအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်တွေအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ကြရမှာဖြစ်ပါတယ်။ စောစောက တင်ပြထားတဲ့ အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တွေမှာ လွှတ်တော်ကိုယ်စားလှယ်ဦးရေ သင့်တင့် လျောက်ပတ်စွာရှိဖို့ လိုအပ်တဲ့အတွက် သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ်တစ်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးကျစီ ရွေးကောက် တင်မြှောက်မယ်ဆိုရင် သင့်တင့်လျောက်ပတ်သော ဦးရေဖြစ်တဲ့ မြို့နယ်အလိုက် ကိုယ်စားပြုတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရရှိနိုင်ကြမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီးလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်များမှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များလည်း ပါဝင်ဖို့ရှိပါတယ်။ အဲဒီလိုပါဝင်မယ့် တပ်မတော်သား ကိုယ်စားလှယ်ဦးရေကလဲ သတ်မှတ်ဖို့လိုပါမယ်။

ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဟာ ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးရေရဲ့ သုံးပုံ တစ်ပုံ၊ တစ်နည်းအားဖြင့် အဲဒီလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းရဲ့ လေးပုံတစ်ပုံ ပါရှိသင့်ကြောင်း လေ့လာတွေ့ရှိရသလို တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေမှာလဲ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဟာ ရွေးကောက်တင်မြှောက် ထားတဲ့ ကိုယ်စားလှယ်ဦးရေရဲ့ သုံးပုံ တစ်ပုံ၊ တစ်နည်းအားဖြင့် အဲဒီလွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံတစ်ပုံပါရှိသင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး လျော်ကန်သင့်မြတ်တဲ့

လူဦးရေရှိတဲ့ တိုင်းရင်းသား လူမျိုးများ အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် လည်းကောင်း၊ အုပ်ချုပ်ရေးတွင်လည်းကောင်း အဓိကအားဖြင့် အဲဒီတိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရန် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိကြောင်း၊ ဒီလိုပါဝင်နိုင်ဖို့ နိုင်ငံတော်က ကော်မရှင်ဖွဲ့ပြီး ဆောင်ရွက်ပေးရမယ်လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။

လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့ တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့မှာ အဓိကအားဖြင့် ထိုတိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ဖို့ အဲဒီတိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိအောင် နိုင်ငံတော်ကကော်မရှင်ဖွဲ့ပြီး ဆောင်ရွက်ပေးမယ့်အစား တိုင်းရင်းသား လူမျိုးများအနက် တိုင်းရင်းသားလူမျိုး တစ်မျိုးဟာ လူဦးရေ ဘယ်ရွေ့ဘယ်မျှရှိရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့မှာ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရှိတယ်လို့ ညီလာခံ ကိုယ်စားလှယ်ကြီးများက တစ်ပါတည်းသတ်မှတ်ပေးမယ်ဆိုရင် တိုင်းရင်းသား များဟာ ကျေနပ်နှစ်သိမ့်မှုရှိကြမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းရင်းသား စည်းလုံးညီညွတ်မှု အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားလူမျိုးများအားလုံး စုပေါင်းညီညာလက်တွဲဆောင်ရွက် သွားကြမယ်ဆိုရင် ကျွန်တော်တို့အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ဟာ အမြဲရှင်သန်ဖွံ့ဖြိုးနေမှာဖြစ်ပါတယ်။

အဲဒီတော့ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့ တိုင်းရင်းသား လူမျိုးဟာ ဘယ်လိုလူမျိုး ဖြစ်သင့်တယ်ဆိုတာကို သတ်မှတ်ကြမယ်ဆိုရင် အဲဒီ လူမျိုးများရဲ့ လူဦးရေ အရေအတွက်ပေါ်မူတည်ပြီး စဉ်းစားကြရမှာ ဖြစ်ပါတယ်။ လူဦးရေစာရင်းဇယားကိုလဲ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနက ကောက်ယူပြုစုထားရှိပါတယ်။ အဲဒီလို လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့ တိုင်းရင်းသား လူမျိုးစာရင်း ရရှိရေးအတွက် ကော်မရှင်ဖွဲ့စည်းပြီး ဆောင်ရွက်မယ့်အစား လူဦးရေစာရင်းများ ပြုစုထိန်းသိမ်းထားတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဦးစီးဌာနရဲ့ စာရင်းအထောက်အထားများကို အသုံးပြုခြင်းအားဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု

ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့တွင် အဓိကအားဖြင့် ထိုတိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်များ အမြန်ဆုံးပါဝင်ခွင့်ရရှိကြမှာဖြစ်လို့ ညီလာခံကိုယ်စားလှယ်ကြီးများနဲ့တကွ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများဟာ နှစ်ထောင်းအားရဖြစ်ကြမယ်လို့ ယုံကြည်ပါတယ်။

ယခု တင်ပြခဲ့တဲ့အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့မှာ တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်များအဖြစ် ပါဝင်နိုင်ဖို့ သတ်မှတ်ရာမှာ အဲဒီ တိုင်းရင်းသားလူမျိုးရဲ့ လျော်ကန်သင့်မြတ်တဲ့ လူဦးရေကို ဘယ်လို သတ်မှတ်သင့်သလဲဆိုတာ ဆက်လက်တင်ပြပါမယ်။ တိုင်းရင်းသားလူမျိုးအချို့ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ နယ်မြေအချို့မှာ စုစုစည်းစည်း နေထိုင်ကြသလို အချို့ဟာ မြို့နယ်အနှံ့ အပြားမှာနေထိုင်ကြတာလဲ ရှိကြပါတယ်။ အချို့တိုင်းရင်းသား လူမျိုးများဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု ရရှိနိုင်ကြမှာဖြစ်ပါတယ်။ လျော်ကန် သင့်မြတ်တဲ့ လူဦးရေရှိပေမယ့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေရာဒေသအနှံ့အပြားမှာ နေထိုင်ကြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု မရရှိတဲ့ တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးမှာ လျော်ကန်သင့်မြတ်တဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးစီကို ကိုယ်စားပြုပြီး အဲဒီ တိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ဖို့ တိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်များ ပါဝင်ခွင့် ရရှိသင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

အခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ လူဦးရေဟာ ၄၄သန်းခန့်ရှိကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ လူဦးရေ တိုးတက် များပြားလာတဲ့ အလျောက် လျော်ကန်သင့်မြတ်သော လူဦးရေရှိတဲ့ တိုင်းရင်းသားလူမျိုးများအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာ ကိုယ်စားပြုမှု ပိုမိုရရှိစေဖို့နဲ့ တစ်ဖက်မှာလဲ ကိုယ်စားလှယ်ဦးရေ ဖောင်းပွမှု မရှိစေဖို့ စဉ်းစားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အခုအခါ လူဦးရေ ၄၄သန်းခန့် ရှိတဲ့အနက် အဲဒီ လူဦးရေရဲ့ သုညဒဿမတစ်(၀.၁)ရာခိုင်နှုန်း လူဦးရေရှိတဲ့ တိုင်းရင်းသားလူမျိုးများဟာ သက်ဆိုင်

ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့မှာ ပါဝင်ခွင့် ရှိစေသင့်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော်တို့နိုင်ငံတော်ရဲ့ လက်ရှိလူဦးရေရဲ့ သုညဒသမတစ်(၀.၁)ရာခိုင်နှုန်းကို အခြေခံ သတ်မှတ်မယ်ဆိုရင် လူဦးရေလေးသောင်းလေးထောင်ခန့် ဖြစ်ပါမယ်။

သဘာဝပတိကြီးခင်ဗျား–

တိုင်းရင်းသား စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲရေးကိုရှေးရှုပြီးရှေ့မှာတင်ပြခဲ့တဲ့ အတိုင်းအခြေခံရမယ့်မူများချမှတ်မယ် ဆိုရင် နိုင်ငံတော်ရဲ့ လက်ရှိလူဦးရေစာရင်းအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့မှာ ပါဝင်နိုင်ကြမယ့်တိုင်းရင်းသားလူမျိုးတွေဟာ ဆိုရင်–

| | |
|---|---|
| – ကချင်ပြည်နယ်မှာ | – ဗမာတိုင်းရင်းသားနဲ့ ရှမ်းတိုင်းရင်းသား၊ |
| – ကယားပြည်နယ်မှာ | – ဗမာတိုင်းရင်းသား၊ |
| – ကရင်ပြည်နယ်မှာ | – ပအိုဝ်းတိုင်းရင်းသား၊ ဗမာတိုင်းရင်းသားနဲ့ မွန်တိုင်းရင်းသား၊ |
| – စစ်ကိုင်းတိုင်းဒေသကြီးမှာ | – ချင်းတိုင်းရင်းသားနဲ့ ရှမ်းတိုင်းရင်းသား၊ |
| – တနင်္သာရီတိုင်းဒေသကြီးမှာ | – ကရင်တိုင်းရင်းသား၊ |
| – ပဲခူးတိုင်းဒေသကြီးမှာ | – ကရင်တိုင်းရင်းသား၊ |
| – မကွေးတိုင်းဒေသကြီးမှာ | – ချင်းတိုင်းရင်းသား၊ |
| – မန္တလေးတိုင်းဒေသကြီးမှာ | – ရှမ်းတိုင်းရင်းသား၊ |
| – မွန်ပြည်နယ်မှာ | – ကရင်တိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသားနဲ့ ဗမာတိုင်းရင်းသား၊ |
| – ရခိုင်ပြည်နယ်မှာ | – ချင်းတိုင်းရင်းသား၊ |
| – ရန်ကုန်တိုင်းဒေသကြီးမှာ | – ကရင်တိုင်းရင်းသားနဲ့ ရခိုင်တိုင်းရင်းသား၊ |
| – ရှမ်းပြည်နယ်မှာ | – ကချင်တိုင်းရင်းသား၊ ကယန်းတိုင်းရင်းသား၊ ဗမာတိုင်းရင်းသား၊ လီဆူ တိုင်းရင်းသား၊ လားဟူတိုင်းရင်းသား၊ အခါတိုင်းရင်းသားနဲ့ အင်းသားတိုင်းရင်းသား၊ |
| – ဧရာဝတီတိုင်းဒေသကြီးမှာ | – ကရင်တိုင်းရင်းသားနဲ့ ရခိုင်တိုင်းရင်းသား |

တို့ ဖြစ်ကြပါတယ်။ ချင်းပြည်နယ်မှာတော့ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့ အခြား တိုင်းရင်းသား လူမျိုးမရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။

အဲဒီလို သတ်မှတ်ချက်နဲ့ အကျုံးဝင်တဲ့ လူဦးရေအနေအထား ရှိတဲ့ တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတို့မှာ တိုင်းရင်းသား လူမျိုးရေးရာ ကိုယ်စားလှယ်များ ပါဝင်ခွင့် ရှိမှာဖြစ်ပါတယ်။ လူဦးရေ လေးသောင်းလေးထောင်ထက် လျော့နည်းတဲ့တိုင်းရင်းသားများ အတွက် ယင်းတို့ရဲ့ အရေးအရာများကို တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်များကို တင်ပြလိုရင် မိမိတို့ မဲဆန္ဒနယ်မှ ရွေးကောက် တင်မြှောက်လိုက်တဲ့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကတစ်ဆင့် တင်ပြခွင့်ရှိကြမှာဖြစ်ပါတယ်။

အဲဒီလို အခြေခံရမယ့်မှုများ ချမှတ်ကြမယ်ဆိုရင်မိမိတို့ ဦးတည်ထားတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဟာ ပိုမိုကျစ်လျစ်ခိုင်မာစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်း ရေးနဲ့ စပ်လျဉ်းပြီး–

–တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက် တင်မြှောက်သည့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးများတွင် ထိုတိုင်းဒေသကြီး ရရှိပြီးသောသို့မဟုတ် ထိုတိုင်း ဒေသကြီး အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု ရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှ အပ ကျန်တိုင်းရင်းသား လူမျိုးများ အနက် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ သုည ဒသမ တစ် (၀.၁) ရာခိုင်နှုန်းနှင့် အထက်ရှိသော တိုင်းရင်းသား လူမျိုး အသီးသီးက လူမျိုး တစ်မျိုးလျှင်တစ်ဦးကျစီ ရွေးကောက် တင်မြှောက်သည့် တိုင်း ဒေသကြီး လွှတ် တော် ကိုယ် စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ် ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်

နွင့်ရစီရင်စုရရှိ ပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏သုညဒသမတစ် (၀ ၁) ရာခိုင်နှုန်းနှင့် အထက်ရှိသော တိုင်းရင်းသား လူမျိုးအသီးသီးကလူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက် တင်မြှောက်သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊

(ဃ) အပိုဒ်ခွဲ(က)၊ (ခ) နှင့် (ဂ)တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း တစ်ခုအတွက် ယင်းလွှတ်တော်များရဲ့ ပထမအကြိမ်၊ ပထမအစည်းအဝေးစတင်ကျင်းပတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များဟာ သဘာပတိ ရွေးမှောက်မှာ ကတိသစ္စာ ပြုနိုင်ရေးနဲ့ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ် လွှတ်တော် သဘာပတိနဲ့ ဒုတိယသဘာပတိတို့ကို ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် အဲဒီအစည်းအဝေးကို ကြီးကြပ်ရန်ယာယီသဘာပတိတစ်ဦးကို တင်မြှောက်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ယာယီ သဘာပတိ တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်၏ ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယာယီ သဘာပတိ အဖြစ်တင်မြှောက်ရမည်။

(၂) ယာယီသဘာပတိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်။

(၃) ယာယီ သဘာပတိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိနှင့် ဒုတိယသဘာပတိ ရွေးကောက် တင်

မြှောက် ပြီး သည့် အထိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ လုပ်ပိုင်ခွင့်အတွင်းက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ဥပဒေပြုရေးအပါအဝင် အရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလွှတ်တော် တွေဟာဆိုရင် မိမိတို့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် အတွင်း ဥပဒေပြုရေး အပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားတဲ့ အရေးအရာတွေကို ဆွေးနွေး ဆုံးဖြတ်ဖို့ရှိတဲ့ အတွက် အဲဒီအစည်းအဝေးတွေကို ကြီးကြပ်ဖို့နဲ့ လွှတ်တော်ဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်ပေးဖို့ သဘာပတိတစ်ဦးနဲ့ အဲဒီ သဘာပတိကို အထောက်အကူပြုဖို့ ဒုတိယ သဘာပတိတစ်ဦးလိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိရွေးကောက် တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင်–

(က) တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် သဘာပတိ တစ်ဦးနှင့် ဒုတိယ သဘာပတိ တစ်ဦးကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ထဲမှ ရွေးကောက် တင်မြှောက်ရမည်၊

(ခ) သဘာပတိ သို့မဟုတ် ဒုတိယသဘာပတိနေရာ လစ်လပ်လျှင် အနီးကပ်ဆုံး ကျင်းပသော လွှတ်တော် အစည်းအဝေးတွင် အစား ထိုးရွေးကောက် တင်မြှောက်ရမည်၊

(ဂ) သဘာပတိသည် ယင်း၏ တာဝန်ကိုထမ်းဆောင်နိုင်ခြင်း မရှိသည့်အခါဒုတိယ သဘာပတိကသဘာပတိတာဝန်ကို ယာယီထမ်းဆောင်ရမည်၊

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ သဘာပတိနှင့်ဒုတိယသဘာပတိ ရွေးကောက်တင်မြှောက်ရန် နည်းလမ်း များကို

ဥပဒေဖြင့် သတ်မှတ်ရမည် လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ တာဝန်ထမ်းဆောင်ခြင်းနဲ့ စပ်လျဉ်းပြီး တင်ပြရမယ်ဆိုရင်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ်ကြီးကြပ် ဆောင်ရွက်နိုင်ဖို့ အဲဒီလွှတ်တော်တွေရဲ့သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ နောက်တစ်ကြိမ် သက်ဆိုင်ရာ လွှတ်တော်သက်တမ်း ပထမအစည်းအဝေး စတင်မကျင်းပမီ အချိန်အထိ သဘာပတိနဲ့ ဒုတိယ သဘာပတိတာဝန်ကို ဆက်လက်ထမ်းဆောင်စေဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် သဘာပတိနဲ့ ဒုတိယသဘာပတိတို့ဟာ နုတ်ထွက်ရင်ဖြစ်စေ၊ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း ခံရရင်ဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ရင်ဖြစ်စေ၊ သဘာပတိ သို့မဟုတ် ဒုတိယသဘာပတိ တာဝန်မှ သက်ဆိုင်ရာလွှတ်တော်၏ ရပ်သိမ်းခြင်းကို ခံရရင်ဖြစ်စေ၊ ကွယ်လွန်ရင်ဖြစ်စေ သဘာပတိ သို့မဟုတ် ဒုတိယသဘာပတိ အဖြစ်က ရပ်စဲသင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ရဲ့ တာဝန်ထမ်းဆောင်ခြင်း၊ ရပ်စဲခြင်းတို့နဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီးသို့မဟုတ်ပြည် နယ်လွှတ်တော်သဘာပတိနှင့် ဒုတိယသဘာပတိတို့သည် နောက်တစ်ကြိမ်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်သက်တမ်း ပထမအကြိမ်ပထမနေ့ အစည်း အဝေးစတင်မကျင်းပမီအချိန်အထိသဘာပတိနှင့် ဒုတိယသဘာပတိ တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်၊

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိသည် နုတ်ထွက်လျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခြင်း ခံရလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည် ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိတာဝန်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ရုပ်သိမ်းခြင်းခံရ

လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ သဘာပတိ သို့မဟုတ် ဒုတိယ သဘာပတိအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ဟာ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်တဲ့အခါ ယင်းတို့ရဲ့ တာဝန်များနဲ့ လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးထားမှသာ လုပ်ငန်းတာဝန်များကို တိတိကျကျ ဆောင်ရွက်နိုင်စွမ်းရှိပါမယ်။

ဒါကြောင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတို့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်များ သတ်မှတ်ခြင်း နဲ့စပ်လျဉ်းပြီး–

– တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် သဘာပတိနှင့် ဒုတိယ သဘာပတိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ပေးရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

အဲဒီလို သတ်မှတ်တဲ့အခါ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိနဲ့ ဒုတိယ သဘာပတိတွေရဲ့အဆင့်အတန်း များနဲ့ ရပိုင်ခွင့်များကို ယင်းပုဂ္ဂိုလ်များ ထမ်းဆောင်ကြရမယ့် တာဝန်တွေနဲ့ လိုက်လျောညီထွေ သတ်မှတ်ပေးဖို့လိုအပ်ပါမယ်။ အဲဒီသဘာပတိနဲ့ ဒုတိယ သဘာပတိတို့ရဲ့ ရပိုင်ခွင့်များကိုသီးခြားဥပဒေနဲ့ သတ်မှတ်ပေးဖို့ရှိတဲ့အားလျော်စွာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အဓိကကျတဲ့ အချက်အချို့ကို အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ထားမယ်ဆိုရင် သက်ဆိုင်ရာဥပဒေကို ရေးဆွဲတဲ့အခါ လိုအပ်သလို ထည့်သွင်းရေးဆွဲနိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိအား ပြည်ထောင်စုဝန်ကြီးအဆင့်ကိုလည်းကောင်း၊ ဒုတိယ သဘာပတိဟာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့်ကို လည်းကောင်း ရပိုင်ခွင့်ရှိကြောင်း အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်မသင့်ဆွေးနွေး အကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ဟာ မိမိတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ ဥပဒေပြုရေးနဲ့ စပ်လျဉ်းတဲ့ ကိစ္စများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အရေးအရာ စသည်များကိုလည်းကောင်း ဆွေးလာဖို့ရှိတဲ့အခါ သက်ဆိုင်ရာလွှတ်တော် ကော်

မတီနဲ့ အဖွဲ့များဖွဲ့စည်းပြီး လေ့လာဖို့ရှိလာနိုင်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကော်မတီများ၊ အဖွဲ့များနဲ့စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများ အရေးအရာ စသည်များကို လေ့လာတင်ပြနိုင်စေရေးအတွက်လည်းကောင်း၊ လွှတ်တော်လုပ်ငန်းများကို အထောက် အကူပြုနိုင်ရေးအတွက် လည်းကောင်း၊ လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လိုအပ်ပါက ကော်မတီနှင့်အဖွဲ့များတွင်သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများအပြင် တပ်မတော်ဆိုင်ရာ ကိစ္စများကို လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက လေ့လာတင်ပြနိုင်ရေးအတွက် ကော်မတီ တစ်ရပ်ကို ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်၊

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ရဲ့ သက်တမ်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါ့မယ်။ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပြီးတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ကို ဖွဲ့စည်းကြရမှာဖြစ်ပါတယ်။ ယခင်အတွေ့အကြုံများအရ ရွေးကောက်ပွဲ ကျင်းပပြီးစီးတဲ့နေ့ရက်မတူညီနိုင်ခြင်းအချို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များတွင်

လမ်းပန်းဆက်သွယ်မှု အခက်အခဲရှိနိုင်ခြင်းတို့ကြောင့် လွှတ်တော် တစ်ရပ်နဲ့တစ်ရပ် ပထမအစည်းအဝေးစတင်ကျင်းပတဲ့နေ့ရက်များဟာ ကွာခြား မှုရှိနိုင်မယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမယ့် လွှတ်တော်အားလုံးရဲ့ သက်တမ်း ကုန်ဆုံးတဲ့ နေ့ရက်ကတော့ တစ်ပြိုင်တည်းဖြစ်သင့်ပါတယ်။ အဲဒီလိုဖြစ်စေရေးအတွက် အမျိုးသားလွှတ်တော်ရဲ့ သက်တမ်းကို ပြည်သူ့လွှတ်တော်သက်တမ်းနဲ့အညီ သတ်မှတ်တဲ့နည်းတူ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်တို့ရဲ့ သက်တမ်းကိုလဲ ပြည်သူ့လွှတ်တော် သက်တမ်းနဲ့အညီ ဖြစ်စေသင့်ပါတယ်။ ပြည်သူ့လွှတ်တော်သက်တမ်းကုန်ဆုံးတဲ့နေ့မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ သက်တမ်းလဲ ကုန်ဆုံးစေသင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ သက်တမ်းသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်း ကုန်ဆုံးသောနေ့တွင် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်၏ သက်တမ်းသည် လဲကုန်ဆုံးသည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေအရ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတို့ဟာလဲ သတ်မှတ်ထားတဲ့ အခွင့်အာဏာအတွင်းက ဥပဒေပြုရေး ကိစ္စတွေကို ဆောင်ရွက်ခွင့် ရရှိကြမှာဖြစ်ပါတယ်။ အဲဒီလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် ဥပဒေပြုရေးကိစ္စကို သီးခြားအဖွဲ့ဖွဲ့စည်းပြီး ဆောင်ရွက်မယ့်အစား အဲဒီနယ်မြေတွေက ရွေးကောက် တင်မြှောက်ထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ အုပ်ချုပ်ရေးအဖွဲ့မှ ပါဝင်မယ့် ပုဂ္ဂိုလ်များစုပေါင်းပြီး မိမိတို့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ် ခွင့်ပြုထားတဲ့ ဥပဒေပြုရေး ကိစ္စကို ဆောင်ရွက်မယ်ဆိုရင် လုပ်ငန်းများ လျင်မြန် သွက်လက်စေမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတွေရဲ့ ဥပဒေပြုရေးကိစ္စတွေနဲ့ စပ်လျဉ်းပြီး ကိုယ်ပိုင်အုပ်

ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေရဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားတဲ့အခါ ထည့်သွင်းပြောကြားမှာဖြစ်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား–**

ပြည်သူ့လွှတ်တော် အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်များ သို့မဟုတ် ပြည်နယ် လွှတ်တော်တွေကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်တွေနဲ့ဖွဲ့ စည်းကြရမှာ ဖြစ်ပါတယ်။ အဲဒီလွှတ်တော်တွေမှာ ပါဝင်တဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တို့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်များကို သီးခြားဥပဒေနဲ့ သတ်မှတ် ပေးမှသာလျှင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေဟာ မိမိတို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို တိတိကျကျဆောင်ရွက်နိုင်စွမ်းရှိကြပါမယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရဲ့ တာဝန် လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်များ သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

– ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ် လွှတ်တော် ကိုယ်စားလှယ်တို့၏ တာဝန် လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် သတ်မှတ်ရမည်လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား–**

ဥပဒေပြုရေး ဆိုင်ရာ လွှတ်တော်များဖွဲ့စည်းမှုနဲ့ စပ်လျဉ်းပြီး အသေးစိတ်ချမှတ်သင့်တဲ့ အခြေခံရမယ့်မူအချို့ကို ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ အဲဒီလွှတ်တော်တွေက လွှတ်တော် ကိုယ်စားလှယ် တွေရဲ့ အရည်အချင်းများကို ဘယ်လိုသတ်မှတ်သင့်တယ်ဆိုတာအခြေခံရမယ့်မူများချမှတ်နိုင်ရေးအတွက် ဆက်လက်ရှင်းလင်း တင်ပြပါ့မယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အရည်အချင်းသတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီးစဉ်းစားနိုင်ဖို့ လေ့လာထားတဲ့ အချက်အချို့ကို တင်ပြပါမယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပြည်သူ့ လွှတ်တော် အမတ်ရဲ့ အသက်ကို အနည်းဆုံး ၂၁နှစ်လို့ သတ်မှတ်ထားပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရဲ့ အသက် ကို အနည်းဆုံး ၂၈နှစ်လို့ သတ်မှတ်ခဲ့တာတွေ့ရပါတယ်။

၁၉၈၉ခုနှစ်တွင် ပြဋ္ဌာန်းခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဥပဒေမှာ အသက်၂၁နှစ်ပြည့်ပြီး အဲဒီဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မဆန့်ကျင် သူများဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်

ရွေးကောက်ခံ ပိုင်ခွင့်ရှိကြောင်း ပါရှိခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဟာဆိုရင်လဲ နိုင်ငံတော်နဲ့စပ်လျဉ်းပြီး လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းခြင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ လုပ်ငန်း တာဝန်တွေကို ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ထမ်းဆောင်ခြင်းများ ရှိမှာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်နဲ့စပ်လျဉ်းပြီး အရေးကြီးတဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ အတွေ့အကြုံရင့် ကျက်ပြီး ဗဟုသုတကြွယ်ဝသူများ ဖြစ်သင့်ပါတယ်။

အသက်(၂၅)နှစ်အရွယ်ဟာဆိုရင် သာမန်အားဖြင့် အတွေ့ အကြုံရင့်ကျက်လာပြီး ဗဟုသုတကြွယ်ဝနိုင်တဲ့ အသက်အရွယ်ဖြစ်တဲ့အတွက် မိမိတို့နိုင်ငံရဲ့ အရေးအရာများနဲ့စပ်လျဉ်းပြီး ဥပဒေပြုရာမှာ ကောင်းမွန်တဲ့ အကြံဉာဏ်များ ပေးနိုင်စွမ်းရှိလိမ့်မယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရဲ့ အသက်ကိုအနည်းဆုံး (၂၅)နှစ်ပြည့်ပြီးသူဖြစ်ရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ နိုင်ငံသားဖြစ်မှုနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ (၁) မှာ အသက် (၂၁)နှစ်ပြည့်သည့်အုပြင် အဲဒီအခြေခံဥပဒေက သော်လည်းကောင်း၊ တရားဥပဒေကသော်လည်းကောင်း လိုအပ်သော အရည်အချင်း ချို့ငဲ့သည်ဟု ပြဋ္ဌာန်းခြင်းမခံရသော နိုင်ငံသားတိုင်းသည် ပါလီမန် အမတ်အဖြစ်ဖြင့် အရွေးခံခွင့်ရှိရမယ်လို့ ပြဋ္ဌာန်းချက်ရှိခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းချက်ကြောင့် နိုင်ငံခြားသားအဖြစ်မှ နိုင်ငံသားအဖြစ်ခံယူခဲ့သူများလဲ ပြည်သူ့လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ကြတာကို တွေ့ရပါတယ်။

အဲဒီလိုအခြေအနေမျိုး မပေါ်ပေါက်ရအောင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသား ဖြစ်သူများသာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ဟာ ကျွန်တော်တို့ နိုင်ငံတော်အတွက် ဥပဒေပြုအာဏာကို ကိုင်တွယ် ကျင့်သုံးရာမှာ အမြင့်ဆုံးအဖွဲ့အစည်းများ ဖြစ်ပါတယ်။ အဲဒီလို အဖွဲ့အစည်းတွေမှာ မိမိတို့ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားများသာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်သင့်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံလိုသူများဟာ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားများ ဖြစ်ရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား—

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံမယ့် ပုဂ္ဂိုလ်တစ်ဦးဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ် သိရှိထားဖို့ လိုအပ်ပါမယ်။ ဒီလိုသိရှိထားနိုင်ဖို့ အဲဒီ ပုဂ္ဂိုလ်ဟာ နိုင်ငံတော်မှာအနည်းဆုံး ဆယ်နှစ် အဆက်မပြတ်နေထိုင်ခဲ့သူ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေမှာ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရည် အချင်းသတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး—

- အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူသည် ပြည်သူ့ လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။
  - (က) အသက် ၂၅ နှစ်ပြည့်ပြီးသူ၊
  - (ခ) နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊
  - (ဂ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ်နေထိုင်ခဲ့သူ၊
  - (ဃ) ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား—

အခုလို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရည်အချင်းများ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူတွေနဲ့အတူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများနဲ့ ပတ်သက်လို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုလဲ တစ်ပါတည်း တင်ပြမှသာပြည့်စုံမှာ ဖြစ်ပါတယ်။ အဲဒီ ရွေးကောက်တင် မြှောက်ခံပိုင်ခွင့် မရှိသူများဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်တယ်ဆိုတာ ပေါ်လွင်နေတဲ့အတွက် ရှင်းလင်းခြင်းမပြုတော့ဘဲ ချမှတ်သင့်တဲ့အသေးစိတ် အခြေခံရမယ့်မူတွေကိုသာ တင်ပြသွားပါမယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ကိုယ်

စားလှယ် အဖြစ် ရွေး ကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများနဲ့ ပတ်သက်ပြီး—

— အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့လွှတ်တော်၊ ကိုယ်စားလှယ်အဖြစ်ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မရှိစေရ—

(က) ပြစ်မှုတစ်ရခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာ တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ

(ခ) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအာဏာ မတည်မီက ဖြစ်စေ၊ အာဏာတည်ပြီးမှ ဖြစ်စေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အရည်အချင်း ပျက်ယွင်းစေသည့် ပြစ်မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရခြင်းအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့် အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(င) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊

(စ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဆ) နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ အစိုးရသို့မဟုတ်ဘာသာရေးအဖွဲ့အစည်းသို့မဟုတ်အခြားအဖွဲ့အစည်းများမှငွေကြေး၊မြေ၊အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေအထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင် ဖြစ်သူ၊

(ဇ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော် လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) သာသနာ့ဝန်ထမ်း၊

(ည) နယ်ဘက်ဝန်ထမ်းများ၊

(ဋ) နိုင်ငံတော်ပိုင်ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။

ခြွင်းချက်(၁)နိုင်ငံတော်ပိုင် ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစား လစာငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော် အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော ငွေကြေး သော်လည်းကောင်း မပါဝင်၊

(၂)နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ပစ္စည်းဟူသောစကားရပ်တွင် နိုင်ငံတော်က ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ နိုင်ငံတော်တာဝန်အရသော် လည်းကောင်း သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှအခကြေးငွေဖြင့်ငှားရမ်းနေထိုင်သော နိုင်ငံတော်ပိုင် မြေ၊အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်စသည်များ မပါဝင်။

(ဌ) နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာ မတည်မီကဖြစ်စေ၊ အာဏာ တည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် အညီဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်းမရှိသေးသူ

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

များဟာလဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းနဲ့ စပ်လျဉ်းပြီး–

- တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် အမည်စာရင်းတင်သွင်းသော တပ်မတော်သား ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၏ အရည်အချင်းများနှင့် ပြည့်စုံရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာဝပတိကြီးခင်များ–

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းနဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရပ်တည်ပိုင်ခွင့်မရှိသူများနဲ့ စပ်လျဉ်းပြီး တင်ပြပြီးဖြစ်ပါတယ်။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ အသက်ကို ၂၅ နှစ်ပြည့်ပြီး သူလို့ သတ်မှတ်သင့်ကြောင်း တင်ပြခဲ့ခြင်းဟာ နောင်တစ်နေ့ နိုင်ငံတော်တာဝန်ကို ပခုံးလွှဲထမ်းဆောင်ရမယ့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးဆိုတဲ့ အကြောင်းတစ်ချက်လဲ ပါဝင်ပါတယ်။ အခု အမျိုးသား လွှတ်တော်ကိုယ်စားလှယ် များရဲ့အသက် သတ်မှတ်ရာမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ လူမှုရေးရာတွေမှာ ဗဟုသုတ ကြွယ်ဝပြီး အတွေ့အကြုံရင့် ကျက်သူများဖြစ်ဖို့ လိုအပ်တဲ့အလျောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဟာ အသက်၃၀ နှစ်ပြည့်ပြီးသူများ ဖြစ်သင့်ပါတယ်။

ဒါ့အပြင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် အရည်အချင်းများနဲ့ ပြည့်စုံရမှာဖြစ်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိတဲ့ သတ်မှတ်ချက်များနဲ့လဲ ငြိစွန်းခြင်း မရှိသူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်း သတ်မှတ်ချက်နဲ့ စပ်လျဉ်းပြီး–

- အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များသည်–

(က) အသက် ၃၀ နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်၊

(ခ) အသက် ကန့်သတ်ချက်မှ အပ ပြည်သူ့ လွှတ်တော်ကိုယ် စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်

ခံပိုင်ခွင့် ရှိသော အရည်အချင်းများ နှင့် ပြည့်စုံရမည်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် အဖြစ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက် များနှင့်လည်း သက်ဆိုင်စေရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဟာလဲအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက်သတ်မှတ်ထားတဲ့အရည်အချင်းများနဲ့ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းနဲ့ စပ်လျဉ်းပြီး–

– တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား ကိုယ်စားလှယ်များသည် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံ ရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး ဆက်လက် တင်ပြပါမယ်။ တိုင်း ဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေဟာ ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အတွင်း အဓိက အားဖြင့် မိမိတို့ရဲ့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုရေး ကိစ္စတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေဟာလဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနည်းတူ ဗဟုသုတနဲ့ အတွေ့အကြုံ ကြွယ်ဝသူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းနဲ့စပ်လျဉ်းပြီး–

– တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များသည်–

(က) ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် အဖြစ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် ရှိသော အရည်အချင်းများ နှင့် ပြည့်စုံရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် အဖြစ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက် များနှင့် လည်း သက်ဆိုင်စေရမည်

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဟာလဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်းနဲ့စပ်လျဉ်းပြီး–

– တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ် ထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တာဆိုရင် ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှု အပိုင်းကို ဆက်လက်ရှင်းလင်းတင်ပြပါမယ်။

သဘာပတိကြီးခင်ဗျား–

ယခုဆက်လက်ပြီးအုပ်ချုပ်ရေး အခန်းတွင် ပါဝင်မယ့်အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုများအတွက် အခြေခံရမယ့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရဲ့လေ့လာတွေ့ရှိချက်များကို ရှင်းလင်းပြောကြားပါမယ်။

ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသား ညီလာခံမှာ အုပ်ချုပ်ရေးနဲ့ စပ်လျဉ်းလို့ ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူ အချို့ကတော့–

– နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်၊
– နိုင်ငံတော်၏ အုပ်ချုပ်ရေး အာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေ အပ်နှင်းသည်။
– ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်။
– ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ခရိုင် အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ် အုပ်ချုပ်ရေး စသည့် တာဝန်များ ထမ်းဆောင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့်တပ်မတော်သားများ ပါဝင်သည်။
– သက်ဆိုင်ရတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင်ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိသည့်တိုင်းရင်းသားလူမျိုး ဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအုပ်ချုပ်ရေးတွင် အဓိက အားဖြင့် ထိုတိုင်းရင်းသားလူမျိုးများ ရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရန် ဖြစ်သည်။

ဆိုတဲ့ အခြေခံရမယ့် မူတွေ ဖြစ်ပါတယ်။ အဲဒီမူတွေကို အခြေခံထားပြီး အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုများနဲ့ စပ်လျဉ်းလို့ အသေးစိတ် အခြေခံရမယ့် မူများကို ချမှတ်သွားရန် ဖြစ်ပါတယ်။

“နိုင်ငံတော်၏ အုပ်ချုပ်ရေး အာဏာကို ပြည်ထောင်စု၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်” ဆိုတဲ့ ချမှတ်ထားတဲ့ အခြေခံမူရမယ့်အရ နိုင်ငံတော် အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးနိုင်ရန် ပြည်ထောင်စုအစိုးရနဲ့ တိုင်း ဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး အစိုးရများ၊ ပြည်နယ်တိုင်းတွင် ပြည်နယ် အစိုးရများ အသီးသီး ဖွဲ့စည်းထားရှိရပါမယ်။

ရှေးဦးစွာ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းမှုကို ရှင်းလင်းပြောကြားလိုပါတယ်။ “နိုင်ငံ

တော် အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော် သမ္မတဖြစ်သည်”ဆိုတဲ့ ချမှတ်ထားတဲ့ အခြေခံရမယ့်မူအရ ပြည်ထောင်စုအစိုးရကို နိုင်ငံတော်သမ္မတက ဦးဆောင်ရန် ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရတွင် နိုင်ငံတော်သမ္မတအား အထောက်အကူပြုနိုင်ဖို့ ဒုတိယသမ္မတများလဲ ပါဝင်ကြရန် ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတက ခွဲဝေ အပ်နှင်းတဲ့ အုပ်ချုပ်ရေး တာဝန်ကို ဆောင်ရွက်နိုင်ဖို့ အစိုးရအဖွဲ့ဝင်များအား ခန့်အပ် တာဝန်ပေးရန်ဖြစ်ပါတယ်။ “နိုင်ငံတော်သည် ပြည်ထောင်စု သမ္မတနိုင်ငံတော် ဖြစ်သည်” ဆိုတဲ့ ချမှတ်ထားတဲ့ အခြေခံရမယ့်မူသဘောပေါ်လွင်စေဖို့ အစိုးရအဖွဲ့ဝင်များအား ပြည်ထောင်စု ဝန်ကြီးများလို့ ခေါ်ဝေါ် သုံးနှုန်းသင့်ပါတယ်။ဒါ့အပြင် ဥပဒေဆိုင်ရာ အကြံပေးဖို့ ကိစ္စများပေါ်ပေါက်ရင် ဆွေးနွေးညှိနှိုင်းနိုင်ရန် နိုင်ငံတော် ရှေ့နေချုပ်သို့မဟုတ်ပြင်ဆင်ခေါ်ဝေါ်သုံးနှုန်းဖို့ရည်ရွယ်ထားတဲ့ ပြည်ထောင်စုရှေ့နေချုပ်အား အစိုးရအဖွဲ့ဝင်အဖြစ် ထည့်သွင်းထားသင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ပြည်ထောင်စုရှေ့နေချုပ်တို့ဖြင့် ဖွဲ့စည်းသင့်ပါတယ်။-

နိုင်ငံတော် သမ္မတဟာ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲ ဖြစ်တဲ့အတွက် နိုင်ငံအတွင်းဖြစ်ပေါ်နေတဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေ အေးချမ်းသာယာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ အခြေအနေ အရပ်ရပ်ကို ထောက်ရှုပြီး ပြည်ထောင်စုဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအစိုးရဖွဲ့စည်းရာတွင် ပါဝင်သင့်တဲ့ ပြည်ထောင်စုဝန်ကြီး ဦးရေကိုလဲ လိုအပ်သလို သတ်မှတ်နိုင်ခွင့် ရှိသင့်ပါတယ်။

ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတဲ့အခါ နိုင်ငံတော် သမ္မတဟာ ပြည်ထောင်စုဝန်ကြီးများအား ရွေးချယ်ခန့်အပ် တာဝန်ပေးရပါမယ်။ ပြည်ထောင်စု ဝန်ကြီးများအား ရွေးချယ်ရာတွင် စိစစ်နိုင်ရန် အရည်အချင်းသတ်မှတ်ချက်များရှိရပါမယ်။ ပြည်ထောင်စု ဝန်ကြီး တစ်ဦးဟာ အသက် ၄၀ နှစ်ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူလဲ ဖြစ်ရပါမယ်။

ဒါကြောင့် ပြည်ထောင်စု အစိုးရဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး–

၁။ နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်။

၂။ (က)နိုင်ငံတော်၏ အုပ်ချုပ်ရေး

အာဏာကို ပြည်ထောင်စုတိုင်း ဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ပေးသည့် အတိုင်း ခွဲဝေအပ်နှင်းသည်။

၃။ နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်–

(က) နိုင်ငံတော် သမ္မတ၊

(ခ) ဒုတိယသမ္မတများ၊

(ဂ) ပြည်ထောင်စု ဝန်ကြီးများ၊

(ဃ) ပြည်ထောင်စု ရှေ့နေချုပ်။

၄။ နိုင်ငံတော် သမ္မတသည်–

(က) ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်။

(ခ) ပြည်ထောင်စု ဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းပြုနိုင်သည်။

၅။ ပြည်ထောင်စု ဝန်ကြီးများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံရမည်–

(က) အသက် ၄၀ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက် ကန့်သတ်ချက်မှအပ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံခြင်း၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း။

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း လေ့လာရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံအချို့တွင် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတဟာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းနဲ့မှ ညှိနှိုင်းတိုင်ပင်ခြင်း၊ သဘောတူညီချက် ရယူခြင်းမပြုဘဲ မိမိသဘောအလျောက် ဝန်ကြီးများအား ခန့်အပ်တာဝန်ပေးတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံအချို့တွင်မူ နိုင်ငံတော် သမ္မတဟာ လွှတ်တော်အဖွဲ့အစည်းရဲ့ သဘောတူညီချက်ရယူပြီး ဝန်ကြီးများအား ခန့်အပ် တာဝန်ပေးတာကို လေ့လာတွေ့ရှိရပါတယ်။ ရေးဆွဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတဟာ ပြည်

ထောင်စု ဝန်ကြီးများအား ရွေးချယ်ခန့်အပ်တာဝန်ပေးရာမှာ ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောတူညီချက်ရယူပြီး ခန့်အပ်တာဝန်ပေးတဲ့ နည်းလမ်းကိုကျင့်သုံး သင့်တယ်လို့ သဘောရရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးနိုင်ဖို့ လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံပြီး သင့်လျော်တဲ့ ပုဂ္ဂိုလ်များအား ရွေးချယ်ခွင့် ရှိရပါမယ်။ ပြည်ထောင်စု ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးနိုင်ဖို့ နိုင်ငံတော် သမ္မတအား လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲက ရွေးချယ်ခွင့် ပေးခြင်းဟာ နိုင်ငံတော်သမ္မတအနေနဲ့ လိုအပ်ရင် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရင့်ကျက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များအား ရွေးချယ်ခန့်အပ် တာဝန်ပေးနိုင်တဲ့ အခွင့်အလမ်း ရရှိစေဖို့ ဖြစ်ပါတယ်။

"ပြည်ထောင်စုတိုင်းဒေသကြီးပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ခရိုင်အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေးစသည့် တာဝန်များထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများ ပါဝင်သည်" ဆိုပြီး ချမှတ်ထားတဲ့ အခြေခံရမယ့်မူအရ နိုင်ငံတော် သမ္မတဟာ ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သားများ၏ အမည်စာရင်းကို ရယူရန် ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလဲ တပ်မတော်သားများအား ရွေးချယ်အမည် စာရင်းပေးရာတွင် ပြည်ထောင်စုဝန်ကြီးများအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများကိုသာ ရွေးချယ်အမည်စာရင်း ပေးရန် ဖြစ်ပါတယ်။

နိုင်ငံတော် သမ္မတဟာ ပြည်ထောင်စုဝန်ကြီးများအဖြစ် တာဝန်ပေးဖို့ မိမိရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်များရဲ့ အမည်စာရင်းနဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိတဲ့ တပ်မတော်သားများရဲ့ အမည်စာရင်းတို့ကို စုစည်းလျက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရပါမယ်။ အဲဒီလို သဘောတူညီချက် ရယူလာတဲ့အခါ ပြည်ထောင်စုလွှတ်တော်ဟာ နိုင်ငံတော် သမ္မတတင်သွင်းလာတဲ့အမည်စာရင်းပါ ပုဂ္ဂိုလ်၊ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စု ဝန်ကြီးများအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ရင် ထိုပုဂ္ဂိုလ်၊ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စု

ဝန်ကြီးအဖြစ်ခန့်အပ် တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရလို့ သတ်မှတ်ထားသင့်ပါတယ်။

နိုင်ငံတော် သမ္မတဟာ မိမိအမည် စာရင်းတင်သွင်းတဲ့ ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်က သဘောတူညီကြောင်း ပြန်ကြားလာရင် ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ဖြစ်ပါတယ်။ အကယ်၍ မိမိအမည် စာရင်းတင်သွင်းတဲ့ ပုဂ္ဂိုလ်၊ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စု လွှတ်တော်က သဘောမတူညီကြောင်း ပြန်ကြားလာရင် နိုင်ငံတော် သမ္မတဟာ အမည် စာရင်းသစ်များ တင်သွင်းလျက် ပြည်ထောင်စု လွှတ်တော်ရဲ့ သဘောတူညီချက် ပြန်လည်ရယူ နိုင်ခွင့် ရှိသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု ဝန်ကြီးများအား ခန့်အပ် တာဝန်ပေးတဲ့အခါ ပြည်ထောင်စု ဝန်ကြီးတစ်ဦးချင်း အလိုက် တာဝန်ယူရမယ့် ဝန်ကြီးဌာန၊ သို့မဟုတ် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရန် ဖြစ်ပါတယ်။

နိုင်ငံတော် သမ္မတဟာ ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေးနယ်စပ်ရေးရာ ဝန်ကြီးဌာနများအပြင် နိုင်ငံတော်အကျိုးကို ရှေးရှုလျက် အခြား ဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ပြည်ထောင်စု ဝန်ကြီးများအဖြစ်ခန့်အပ်တာဝန်ပေးလိုပါက တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ ညှိနှိုင်းဆောင်ရွက်ခွင့် ရှိသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု ဝန်ကြီးများ ခန့်အပ် တာဝန်ပေးတဲ့အခါ ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားရန် တာဝန်ရှိကြောင်းသတ်မှတ်ထားသင့်ပါတယ်။

ပြည်ထောင်စု ဝန်ကြီးများဟာ နိုင်ငံတော် သမ္မတက ခန့်အပ်တာဝန် ပေးခြင်းခံရသူများဖြစ်လို့ နိုင်ငံတော်သမ္မတအား တိုက်ရိုက်တာဝန်ခံရမယ်လို့ သတ်မှတ်ထားသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဝန်ကြီးများ ခန့်အပ် တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–,

၁။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်–

(က) လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။

(ခ) ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများ အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့်

တပ်မတော်သားများ၏အမည်စာရင်းကို ရယူရမည်။

၂။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

၃။ ပြည်ထောင်စုဝန်ကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော် သမ္မတက အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စု ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။

၄။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံ တင်သွင်းခွင့်ရှိသည်။

၅။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု ဝန်ကြီးတစ်ဦးချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာနသို့မဟုတ် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်။

၆။ နိုင်ငံတော်သမ္မတသည် ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများ အပြင်အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စု ဝန်ကြီးများ ခန့်အပ်တာဝန်ပေးသည့်အခါတိုင်း ပြည်ထောင်စု လွှတ်တော်သို့ အကြောင်းကြားရမည်။

၈။ ပြည်ထောင်စု ဝန်ကြီးများသည် နိုင်ငံတော် သမ္မတအား တိုက်ရိုက်တာဝန်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်

သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

ပြည်ထောင်စု ဝန်ကြီး တစ်ဦးဦးအား စွပ်စွဲ ပြစ်တင်နိုင်ခွင့် ရှိရပါမယ်။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာ ပျက်ပြားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စု ဝန်ကြီးအရည်အချင်း ပျက်ယွင်းခြင်းဆိုတဲ့ အကြောင်းတစ်ရပ်ရပ်ဖြင့် ပြည်ထောင်စု ဝန်ကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်နိုင်ခွင့် ရှိရပါမယ်။

ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲ ပြစ်တင်လိုပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ရန် သတ်မှတ်သင့်ပါတယ်။ ပြည်ထောင်စု ဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုဟာ မှန်ကန်ပြီး အဲဒီစွပ်စွဲခံရတဲ့သူဟာ ပြည်ထောင်စု ဝန်ကြီးတာဝန်တွင် ဆက်လက်တာဝန် ထမ်းဆောင်စေဖို့ မသင့်ကြောင်း သက်ဆိုင်ရာ စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့လွှတ်တော်ကအကြောင်းကြားလာရင် နိုင်ငံတော် သမ္မတက စွပ်စွဲပြစ်တင်ခြင်းခံရတဲ့ ပြည်ထောင်စု ဝန်ကြီးအား တာဝန်မှရပ်စဲဖို့ ဖြစ်ပါတယ်။

စွပ်စွဲပြစ်တင်မှုဟာ မမှန်ကန်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က ဆုံးဖြတ်တဲ့အခါ ထိုသို့ဆုံးဖြတ်ကြောင်းသက်ဆိုင်ရာလွှတ်တော် သဘာဝပတိက နိုင်ငံတော်သမ္မတထံ အသိပေး တင်ပြရပါမယ်။

ဒါကြောင့် ပြည်ထောင်စု ဝန်ကြီး တစ်ဦးဦးအပေါ်စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်။

(က) နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် သတ်မှတ်ထားသည့်ပြည်ထောင်စု ဝန်ကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း။

၂။ ပြည်ထောင်စု ဝန်ကြီး တစ်ဦးဦး အပေါ် စွပ်စွဲပြစ်တင် လိုပါက နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယ သမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

၃။ ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် ပြည်ထောင်စုဝန်ကြီး ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်စေရန် မသင့်ကြောင်းသက်ဆိုင်ရာလွှတ်တော်ကတင်ပြလျှင် နိုင်ငံတော်သမ္မတက စွပ်စွဲ ပြစ်တင်ခြင်း ခံရသည့်ပြည်ထောင်စုဝန်ကြီးအား တာဝန်မှရပ်စဲရမည်။

၄။ စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း သက်ဆိုင်ရာလွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်သဘာပတိသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်များ–

နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုဝန်ကြီးများကိုအထောက်အကူပြုဖို့ လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ သင့်လျော်သူများအား မိမိ သဘောဆန္ဒအလျောက် ရွေးချယ်လျက် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ခွင့် ရှိသင့်ပါတယ်။ ဒုတိယ ဝန်ကြီးများဟာ အသက် ၃၅ နှစ် ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် အသက်ကန့်သတ်ချက်မှ အပပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။ ဒုတိယ ဝန်ကြီးများအဖြစ် တာဝန် ပေးအပ်ခံရမယ့် ပုဂ္ဂိုလ်များဟာ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်မှာ သစ္စာရှိသူ ဖြစ်ရပါမယ်။

ကာကွယ်ရေး၊ လုံခြုံရေး/ပြည် ထဲရေး၊ နယ်စပ်ရေးရာ ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးရန် ဖြစ်ပါက နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းယူရပါမယ်။ ဒါ့အပြင် အခြားဝန်ကြီးဌာန များမှာလဲ တပ်မတော်သားများအား ဒုတိယ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုရင် နိုင်ငံတော် သမ္မတဟာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ ညှိနှိုင်း ဆောင်ရွက်ရပါမယ်။

နိုင်ငံတော် သမ္မတဟာ ဒုတိယဝန်ကြီးများ ခန့်အပ် တာဝန်ပေးရာတွင် တာဝန်ယူရမယ့် ဝန်ကြီးဌာနများကိုလဲ သတ်မှတ်ပေးရပါမယ်။

ဒုတိယ ဝန်ကြီးများဟာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရပါမယ်။

ဒါကြောင့် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုဝန်ကြီးများအားအထောက်

အကျုံးဝင်ရန်လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများကို ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်–

(က)အသက် ၃၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ)အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(ဂ)နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း။

၂။နိုင်ငံတော် သမ္မတသည် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန် ပေးရာတွင် ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာ တာဝန်များပေးအပ်ရန်ဖြစ်ပါကတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ အမည်စာရင်း တောင်းယူလျက် ခန့်အပ်တာဝန်ပေးရမည်။

၃။နိုင်ငံတော် သမ္မတသည် ကာကွယ်ရေး၊ လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအပြင် အခြား ဝန်ကြီးဌာနများတွင် တပ်မတော်သားများအား ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄။နိုင်ငံတော် သမ္မတသည် ဒုတိယဝန်ကြီးများအား ခန့်အပ် တာဝန်ပေးရာတွင်တာဝန်ယူရမည့် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်။

၅။ဒုတိယဝန်ကြီးများသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ တစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့် မူများချမှတ်သင့်ပါတယ်။

**သဘောပေါက်ကြိုးခင်ဗျား–**

ပြည်ထောင်စုဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများရဲ့ ရာထူးသက်တမ်းဟာ သာမန်အားဖြင့်နိုင်ငံတော်သမ္မတရဲ့ရာထူးသက်တမ်းအတိုင်း ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးဟာ ရာထူးသက်တမ်းမကုန်ဆုံးမီ မိမိ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုရင် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်ခွင့်ရှိရပါမယ်။

ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်တဲ့ ပြည်ထောင်စုဝန်ကြီးသို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦးအား

ရာထူးမှ နုတ်ထွက်ရန် နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်ခွင့် ရှိရပါမယ်။ ညွှန်ကြားတဲ့အတိုင်း မလိုက်နာရင် တာဝန်မှ ရပ်စဲခွင့်ရှိရပါမယ်။ အဲဒီလို အရေးယူရမယ့် ပုဂ္ဂိုလ်ဟာ တပ်မတော်သားဖြစ်ရင် နိုင်ငံတော် သမ္မတဟာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နဲ့ ညှိနှိုင်းဆောင်ရွက်ရပါမယ်။

ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့် ဖြစ်စေ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး ရာထူးနေရာ လစ်လပ်ရင် နိုင်ငံတော်သမ္မတဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပြည်ထောင်စုဝန်ကြီးအသစ် သို့မဟုတ် ဒုတိယဝန်ကြီးအသစ်ကို ခန့်အပ် တာဝန်ပေးခွင့်ရှိရပါမယ်။ အဲဒီလို တာဝန်ပေးခြင်း ခံရတဲ့ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးရဲ့ ရာထူးသက်တမ်းဟာ နိုင်ငံတော်သမ္မတရဲ့ ကျန်ရှိနေတဲ့ ရာထူးသက်တမ်းအတွက်သာ ဖြစ်စေသင့်ပါတယ်။

"နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်" ဆိုတဲ့ ချမှတ်ထားတဲ့ အခြေခံရမယ့် မူနဲ့အညီ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးဟာ လွှတ်တော် တစ်ရပ်ရပ်ရဲ့ ကိုယ်စားလှယ်ဖြစ်ရင် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးခြင်းခံရတဲ့နေ့မှစပြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်တယ်လို့ မှတ်ယူရမည်ဖြစ်ကြောင်း သတိမှတ်ထားသင့်ပါတယ်။

ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးဟာ နယ်ဘက်ဝန်ထမ်းဖြစ်လျှင်လဲ မိမိ ဆိုင်ရာဌာနတွင် လည်းကောင်း၊ အခြားအစိုးရဌာန တစ်ခုခုတွင် လည်းကောင်း တာဝန်ပြန်လည် ထမ်းဆောင်ရန် မသင့်ဟုယူဆပါတယ်။ဒါကြောင့်ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရတဲ့ နေ့မှစပြီး တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနဲ့အညီ နယ်ဘက်ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်တယ်လို့ မှတ်ယူရမည် ဖြစ်ကြောင်း သတိမှတ်ထားသင့်ပါတယ်။

ပြည်ထောင်စုဝန်ကြီးသို့မဟုတ်ဒုတိယဝန်ကြီးဟာ ပြည်ထောင်စုအကျိုး၊ ပြည်သူလူထု အကျိုးကို ရှေးရှုဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီတစ်ခုခုရဲ့အဖွဲ့ဝင်ဖြစ်ရင်လဲပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရတဲ့နေ့မှစပြီး

မိမိ ရာထူးသက်တမ်းအတွင်း မိမိပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုဖို့ တားမြစ်တဲ့ ပြဋ္ဌာန်းချက်ကို ထည့်သွင်းထားသင့်ပါတယ်။

ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယ ဝန်ကြီးတို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယ ဝန်ကြီးတို့ရဲ့ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခွင့်၊ တာဝန်မှ ရပ်စဲခွင့်၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခွင့် စသည်တို့နဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့်နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၂။ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည်ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက် လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၃။ နိုင်ငံတော် သမ္မတသည်–

(က) ပေး အပ် သည့် တာ ဝန် ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး တစ်ဦးဦးအား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်းလိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်၊

(ခ) အရေးယူရမည့် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကအမည်စာရင်း တင်သွင်းခဲ့၍ ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် တပ်မတော်သား ဖြစ်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၄။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြား အကြောင်း တစ်ခုခုကြောင့် ဖြစ်စေ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီး ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ဝန်ကြီးအသစ် သို့မဟုတ် ဒုတိယဝန်ကြီး

အသစ်အား ခန့်အပ်တာဝန် ပေးနိုင်သည်။ ထိုသို့ခန့်အပ်တာဝန် ပေးခြင်းခံရသည့် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၏ ရာထူးသက်တမ်းသည် နိုင်ငံတော် သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်း အတွက်သာ ဖြစ်စေရမည်။

၅။ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးသည် လွှတ်တော် တစ်ရပ်ရပ်၏ ကိုယ်စားလှယ် ဖြစ်လျှင် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၆။ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးသည် နယ်ဘက် ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အဖြစ် ခန့်အပ် တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့် အညီ နယ်ဘက်ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟုမှတ်ယူ ရမည်။

၇။ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယ ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ မိမိ ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၈။ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေ ပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာဝတိကြီးခင်ဗျား—**

ပြည်ထောင်စုရှေ့နေချုပ်ခန့်အပ်တာဝန်ပေးခြင်းကိစ္စကို ဆက်လက်ရှင်းလင်း ပြောကြားပါမယ်။ "နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်" လို့ အခြေခံရမယ့်မူအဖြစ် ချမှတ်ထားပြီးဖြစ်ပါတယ်။ "နိုင်ငံတော်" ဆိုတဲ့ စကားရပ်နဲ့တွဲလျက် သမ္မတတစ်ဦးတည်း အတွက်သာ ခွဲခွဲခြားခြား သုံးနှုန်းသင့်တယ်လို့ သဘောရရှိပါတယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော် စာရင်းစစ်ချုပ်ဆိုတဲ့ ခေါ်ဝေါ် သုံးနှုန်းမှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် "နိုင်ငံတော်" ဆိုတဲ့ စကားရပ်နဲ့တွဲလျက် ဆက်လက် ခေါ်ဝေါ်သုံးနှုန်း

ခြင်း မပြုတော့ဘဲ ပြည်ထောင်စု တစ်ခုလုံးနှင့် သက်ဆိုင်ကြောင်း သို့မဟုတ် ကိုယ်စားပြုကြောင်းဆိုတဲ့ အသွင်သဏ္ဌာန်ပေါ်စေရန် "နိုင်ငံတော်ရှေ့နေချုပ်" အစား "ပြည်ထောင်စုရှေ့နေချုပ်"၊ "နိုင်ငံတော် စာရင်းစစ်ချုပ်" အစား "ပြည်ထောင်စု စာရင်းစစ်ချုပ်" လို့ ပြောင်းလဲ ခေါ်ဝေါ်သုံးနှုန်းသင့်ကြောင်း အကြံပြုလိုပါတယ်။

နိုင်ငံတော်သမ္မတဟာဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နဲ့ ဥပဒေဆိုင်ရာ တာဝန်များ ပေးအပ်နိုင်ဖို့ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံတဲ့ သင့်လျော်သူ ပုဂ္ဂိုလ်တစ်ဦးဦးအားရွေးချယ်ပြီး ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရန်ဖြစ်ပါတယ်။ အဲဒီလို ရွေးချယ်ခန့်အပ်တာဝန်ပေးရာမှာ လွှတ်တော် ကိုယ်စားလှယ်များ ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ များထဲကဖြစ်စေ ရွေးချယ်ခွင့်ရှိသင့်ပါတယ်။ ရွေးချယ်ပြီးတဲ့အခါ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်သို့ပေးပို့ပြီး သဘောတူညီချက် ရယူရပါမယ်။ ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် တာဝန်ပေးခြင်းခံရမယ့် ပုဂ္ဂိုလ်ဟာ အတွေ့အကြုံရင့်ကျက်သူဖြစ်ဖို့လိုအပ်တဲ့အတွက် အသက် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူ ဖြစ်ရပါမယ်။ ဒါ့အပြင် တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ၄၊နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် တရားရေး ဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်ရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ် တရား လွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး အနှစ် ၂၀ အမှုလိုက်ပါ ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းရှိတဲ့ ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူလဲ ဖြစ်ရပါမယ်။

ပြည်ထောင်စု လွှတ်တော်ဟာ နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းတဲ့ ပုဂ္ဂိုလ်အား ပြည်ထောင်စု ရှေ့နေချုပ်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ရင် ယင်းပုဂ္ဂိုလ်အား ပြည်ထောင်စုရှေ့နေချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိကြောင်း သတ်မှတ်ထားသင့်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ဟာ ရှင်းလင်းပြောကြားပြီးခဲ့တဲ့အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်သင့်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ဟာ နိုင်ငံ

တော်သမ္မတအား တိုက်ရိုက် တာဝန်ခံရပါမယ်။

ဒါကြောင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ် တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ နိုင်ငံတော် သမ္မတသည် ဥပဒေ အကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန်များ ပေးအပ်နိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ် ဦး ဦး အား ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ်ခန့်အပ် တာဝန်ပေးရမည်–

(က)အသက် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ခြင်း၊

(ခ)အသက်ကန့်သတ်ချက်မှအပ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း၊

(ဂ)(၁) တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့ဖူး သူ သို့မဟုတ်

(၂) တရား ရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ်

(၃) တရားလွှတ်တော် ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး အနှစ်၂၀အမှုလိုက်ပါဆောင်ရွက် ခဲ့ဖူးသူ သို့မဟုတ်

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော် သမ္မတက ယူဆသူဖြစ်ခြင်း၊

(ဃ)နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း။

၂။ ပြည်ထောင်စု ရှေ့နေချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော် သမ္မတက အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် ငြင်းပယ်ခွင့်

မရှိစေရ။

၃။ ပြည်ထောင်စုရှေ့နေချုပ်သည် ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဖြစ်သည်။

၄။ ပြည်ထောင်စု ရှေ့နေချုပ်သည် နိုင်ငံတော် သမ္မတအား တိုက်ရိုက်တာဝန်ခံရမည်။

လို့အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား--**

ပြည်ထောင်စု ဝန်ကြီးများအား စွပ်စွဲပြစ်တင်နိုင်တဲ့နည်းတူ ပြည်ထောင်စု ရှေ့နေချုပ်အား နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာ ပျက်ပြားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စုရှေ့နေချုပ်၏ အရည်အချင်း ပျက်ယွင်းခြင်းဆိုတဲ့ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်ခွင့် ရှိရပါမယ်။

ပြည်ထောင်စု ရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယ သမ္မတကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ရန် သတ်မှတ်သင့်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်မှုဟာ မှန်ကန်ပြီး စွပ်စွဲခံရသူဟာ ပြည်ထောင်စု ရှေ့နေချုပ်ရာထူးတွင် ဆက်လက် တာဝန်ထမ်းဆောင်စေဖို့မသင့်ကြောင်းသက်ဆိုင်ရာ စုံစမ်းစစ်ဆေးတဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်ကတင်ပြရင် နိုင်ငံတော် သမ္မတက ပြည်ထောင်စု ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရန် ဖြစ်ပါတယ်။

စွပ်စွဲပြစ်တင်မှုဟာ မမှန်ကန်ကြောင်း သက်ဆိုင်ရာလွှတ်တော်က ဆုံးဖြတ်တဲ့အခါ ထိုသို့ ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်သဘာပတိက နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရပါမယ်။

ဒါကြောင့် ပြည်ထောင်စု ရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး--

၁။ ပြည်ထောင်စု ရှေ့နေချုပ်အား အောက်ပါ အကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင် နိုင်သည်--

(က) နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စု ရှေ့နေချုပ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

၂။ ပြည်ထောင်စု ရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော် သမ္မတ

သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃။ ပြည်ထောင်စု ရှေ့နေချုပ်အပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် ပြည်ထောင်စု ရှေ့နေချုပ်ရာထူးတွင် ဆက်လက်တာဝန် ထမ်းဆောင်စေရန်မသင့်ကြောင်းသက်ဆိုင်ရာ လွှတ်တော်က တင်ပြလျှင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရမည်။

၄။ စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်သဘာပတိသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု ရှေ့နေချုပ်အား အထောက်အကူပြုဖို့ လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေသင့်လျော်သူ တစ်ဦးဦးအား မိမိ သဘောဆန္ဒအလျောက် ရွေးချယ်ပြီး ဒုတိယ ရှေ့နေချုပ်အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ခွင့် ရှိသင့်ပါတယ်။ အဲဒီလို ခန့်အပ်တာဝန်ပေးရာတွင် ဒုတိယရှေ့နေချုပ်ဟာ အသက် ၄၀နှစ် ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက်သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူဖြစ်သင့်ပါတယ်။ဒါ့အပြင် တရားလွှတ်တော်တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ်ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်ရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော ရာထူးတွင် အနည်းဆုံး ၁၀နှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ် တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းရှိတဲ့ ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်သင့်ပါတယ်။ ဒုတိယ ရှေ့နေချုပ်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူလဲ ဖြစ်ရပါမယ်။

ဒုတိယ ရှေ့နေချုပ်ဟာ ပြည်ထောင်စု ရှေ့နေချုပ်မှတစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန် ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု

ရှေ့နေချုပ်အား အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေအောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ် တစ်ဦးဦးအား မိမိသဘော ဆန္ဒအလျောက် ဒုတိယ ရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်–

(က) အသက် ၄၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက် ကန့်သတ်ချက်မှ အပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံခြင်း၊

(ဂ) (၁)တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ်

(၂) တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ထက်မနိမ့်သော ရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင် ခဲ့ဖူးသူသို့မဟုတ်

(၃) တရားလွှတ်တော် ရှေ့နေ (Advocate) အဖြစ် အနည်း ဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ်

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်း ရှိသော ဥပဒေ ပညာရှင် အဖြစ် နိုင်ငံတော် သမ္မတက ယူဆသူ ဖြစ်ခြင်း။

(ဃ)နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း။

၂။ ဒုတိယ ရှေ့နေချုပ်သည် ပြည်ထောင်စု ရှေ့နေချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရှေ့နေချုပ်နဲ့ ဒုတိယ ရှေ့နေချုပ်တို့ရဲ့ ရာထူးသက်တမ်းဟာ သာမန်အားဖြင့် နိုင်ငံတော်သမ္မတရဲ့ ရာထူးသက်တမ်း အတိုင်းဖြစ်သင့်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယ ရှေ့နေချုပ်ဟာ ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိသဘော ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုရင် နိုင်ငံတော် သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်ခွင့်

ပြုသင့်ပါတယ်။

ပေးအပ်တဲ့တာဝန်ကိုကျေပွန်စွာမထမ်းဆောင်နိုင်တဲ့ ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အား ရာထူးမှ နုတ်ထွက်ရန်နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်ခွင့်ရှိသင့်ပါတယ်။ ညွှန်ကြားတဲ့အတိုင်း မလိုက်နာရင် တာဝန်မှရပ်စဲခွင့်လဲ ရှိရပါမယ်။

ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရှေ့ချုပ် သို့မဟုတ် ဒုတိယ ရှေ့နေချုပ်ရာထူးနေရာ လစ်လပ်ရင် ဖြည့်စွက်ခန့်အပ်တာဝန်ပေးဖို့ လိုအပ်ပါမယ်။ အဲဒီအခါ နိုင်ငံတော်သမ္မတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပြည်ထောင်စု ရှေ့နေချုပ်အသစ် သို့မဟုတ် ဒုတိယရှေ့နေချုပ် အသစ်ကို ခန့်အပ်တာဝန်ပေးရပါမယ်။ အဲဒီလို တာဝန်ပေးခြင်းခံရတဲ့ ပြည်ထောင်စု ရှေ့နေချုပ်၊ သို့မဟုတ် ဒုတိယရှေ့နေချုပ်ရဲ့ ရာထူးသက်တမ်းဟာ နိုင်ငံတော် သမ္မတရဲ့ ကျန်ရှိတဲ့ ရာထူးသက်တမ်းအတွက်သာ ဖြစ်စေသင့်ပါတယ်။

ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးကဲ့သို့ပင် ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်ဟာ လွှတ်တော် တစ်ရပ်ရပ်ရဲ့ ကိုယ်စားလှယ်ဖြစ်ရင် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ်ခန့်အပ် တာဝန်ပေးခြင်းခံရတဲ့နေ့မှစပြီး လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်တယ်လို့ မှတ်ယူရမည်ဖြစ်ကြောင်း သတ်မှတ်ထားသင့်ပါတယ်။

ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယ ရှေ့နေချုပ်ဟာ နယ်ဘက် ဝန်ထမ်းဖြစ်ရင်လဲ မိမိဆိုင်ရာဌာနတွင် လည်းကောင်း၊ အခြားအစိုးရဌာန တစ်ခုခုတွင် လည်းကောင်း တာဝန်ပြန်လည်ထမ်းဆောင်ရန်မသင့်လို့ သဘောရရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရတဲ့ နေ့မှစပြီး တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနဲ့အညီ နယ်ဘက် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်တယ်လို့ မှတ်ယူရမည် ဖြစ်ကြောင်း သတ်မှတ်ထားသင့်ပါတယ်။

ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယ ရှေ့နေချုပ်ဟာ ပြည်ထောင်စုအကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှုဆောင်ရွက်ရမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်နေရင် ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရတဲ့နေ့မှစပြီး မိမိရာထူး

သက်တမ်းအတွင်း မိမိပါတီ အဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုဖို့ တားမြစ်တဲ့ ပြဋ္ဌာန်းချက်ကို ထည့်သွင်းထားသင့်ပါတယ်။

ပြည်ထောင်စု ရှေ့နေချုပ်နဲ့ ဒုတိယရှေ့နေချုပ်တို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရှေ့နေချုပ်နဲ့ ဒုတိယရှေ့နေချုပ်တို့ရဲ့ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခွင့်၊ တာဝန်မှ ရပ်စဲခွင့်၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခွင့် စသည်တို့နဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စု ရှေ့နေချုပ်နှင့် ဒုတိယ ရှေ့နေချုပ်တို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

၂။ ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် ရာထူး သက်တမ်း မကုန်ဆုံးမီ အကြောင်း တစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော် သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၃။ နိုင်ငံတော် သမ္မတသည် ပေးအပ်သည့် တာဝန်ကိုကျေပွန်စွာမထမ်းဆောင်နိုင်သော ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။

၄။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့် ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြား အကြောင်း တစ်ခုခုကြောင့် ဖြစ်စေ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ဝန်ကြီးအသစ် သို့မဟုတ် ဒုတိယဝန်ကြီးအသစ်အား ခန့်အပ်တာဝန် ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၏ ရာထူးသက်တမ်းသည် နိုင်ငံတော် သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။

၅။ ပြည်ထောင်စု ရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည်လွှတ်တော် တစ်ရပ်ရပ်၏

ကိုယ်စားလှယ် ဖြစ်လျှင် ပြည်ထောင်စု ရှေ့နေချုပ်သို့ မဟုတ် ဒုတိယ ရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၆။ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် နယ်ဘက်ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ရှေ့နေချုပ်သို့မဟုတ် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နယ်ဘက်ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၇။ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယ ရှေ့နေချုပ်သည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင် ဖြစ်လျှင် ပြည်ထောင်စု ရှေ့နေချုပ်သို့မဟုတ် ဒုတိယရှေ့နေချုပ် အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် နေ့မှစ၍ မိမိ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၈။ ပြည်ထောင်စု ရှေ့နေချုပ်နှင့်ဒုတိယ ရှေ့နေချုပ် တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား–**

ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းကိစ္စကို ဆက်လက် ရှင်းလင်းပြောကြားပါမယ်။ နိုင်ငံတော်ရှေ့နေချုပ်ကို ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ပြောင်းလဲခေါ်ဝေါ်သုံးနှုန်းရန် ရှေ့တွင်ရှင်းလင်းပြောပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီနည်းတူ နိုင်ငံတော် စာရင်းစစ်ချုပ်ကိုလဲ ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ပြောင်းလဲခေါ်ဝေါ် သုံးနှုန်းရန်သင့်ကြောင်း အကြံပြုလိုပါတယ်။

အစိုးရဌာန အဖွဲ့အစည်းအသီးသီးရဲ့ အရအသုံးစာရင်းများကို စစ်ဆေးပြီး သက်ဆိုင်ရာလွှတ်တော်များသို့ တင်ပြနိုင်ဖို့ နိုင်ငံတော် သမ္မတဟာ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ပြည့်စုံပြီး သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးအားရွေးချယ်ကာ ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဖြစ်ပါတယ်။ အဲဒီလိုရွေးချယ်ခန့်အပ်တာဝန်ပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်ခွင့်ရှိ သင့်ပါတယ်။ နိုင်ငံတော်သမ္မတဟာ မိမိရွေးချယ်တဲ့ ပုဂ္ဂိုလ်ရဲ့ အမည်

စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ပြီး သဘောတူညီ ချက်ရယူရပါမယ်။

ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် တာဝန်ပေးခြင်းခံရမယ့် ပုဂ္ဂိုလ်ဟာ အတွေ့အကြုံရင့်ကျက်သူဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အသက်အားဖြင့် ၄၅နှစ်ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အသက်ကန့် သတ်ချက်မှအပ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ပြည့်စုံသူဖြစ်ရပါမယ်။ ဒါ့အပြင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်တက် မနိမ့်သော စာရင်းစစ် အရာရှိအဖြစ် အနည်းဆုံး ၁၀နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် မှတ်ပုံတင် စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး အနှစ် ၂၀ ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းရှိတဲ့ စာရင်းအင်း ပညာရှင် သို့မဟုတ် စီးပွားရေး ပညာရှင် အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူလဲဖြစ်ရပါမယ်။

ပြည်ထောင်စုလွှတ်တော်ဟာ နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းတဲ့ ပုဂ္ဂိုလ်အား ပြည်ထောင်စု စာရင်းစစ်ချုပ် အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း၊ အထင်အရှား မပြသနိုင်ရင် ယင်းပုဂ္ဂိုလ်အား ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိကြောင်း သတ်မှတ်ထားသင့်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ဟာ နိုင်ငံတော်သမ္မတအား တိုက်ရိုက်တာဝန်ခံရပါမယ်။

ဒါကြောင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ခန့်အပ်တာဝန်ပေးခြင်း နှင့်စပ်လျဉ်းပြီး–

၁။ နိုင်ငံတော်သမ္မတသည် အစိုးရဌာန အဖွဲ့အစည်း အသီးသီး၏ အရအသုံး စာရင်းများကို စစ်ဆေး၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(က) အသက်၄၅နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက်ကန့်သတ်ချက်မှအပ လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်

အချင်းများနှင့် ပြည့်စုံခြင်း၊

(ဂ) (၁)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော စာရင်းစစ် အရာရှိအဖြစ် အနည်းဆုံး၁၀နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ်

(၂) မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ်လက်မှတ်ရပြည်သူ့ စာရင်းကိုင်အဖြစ် အနည်းဆုံး အနှစ် ၂၀ ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ်

(၃)ထင်ပေါ် ကျော်ကြားသည့် ဂုဏ်သတင်းရှိသော စာရင်းအင်း ပညာရှင် သို့မဟုတ် စီးပွားရေး ပညာရှင်အဖြစ်နိုင်ငံတော် သမ္မတက ယူဆသူ ဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာရှိသူဖြစ်ခြင်း။

၂။ ပြည်ထောင်စု စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြသနိုင်ပါကပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့်ပုဂ္ဂိုလ်အား ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။

၃။ ပြည်ထောင်စု စာရင်းစစ်ချုပ်သည် နိုင်ငံတော် သမ္မတအားတိုက်ရိုက် တာဝန်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့် မှုများ ချမှတ်သင့်ပါတယ်။

**သဘာဝပတိကြီးခင်ဗျား–**

ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်တို့အား စွပ်စွဲပြစ်တင်နိုင်သည့်နည်းတူ ပြည်ထောင်စု စာရင်းစစ်ချုပ်အား နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားတဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရဲ့ အရည်အချင်းပျက်ပွင်းခြင်း ဆိုတဲ့ အကြောင်းတစ်ရပ်ရပ်နဲ့ စွပ်စွဲပြစ်တင် နိုင်ခွင့်ရှိသင့်ပါတယ်။

ပြည်ထောင်စု စာရင်း စစ်ချုပ်အပေါ် စွပ်စွဲ ပြစ်တင်လိုပါက နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ရန် သတ်မှတ်သင့်ပါတယ်။ ပြည်

ထောင်စု စာရင်းစစ်ချုပ်အပေါ်တွင် စွပ်စွဲပြစ်တင်မှုဟာ မှန်ကန်ပြီး စွပ်စွဲခံရတဲ့သူဟာ ပြည်ထောင်စု စာရင်းစစ်ချုပ် ရာထူးတွင် ဆက်လက် တာဝန်ထမ်းဆောင်စေဖို့ မသင့်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က တင်ပြရင် နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု စာရင်း စစ်ချုပ်အား တာဝန်မှ ရပ်စဲဖို့ ဖြစ်ပါတယ်။

စွပ်စွဲပြစ်တင်မှုဟာ မမှန်ကန်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က ဆုံးဖြတ်တဲ့အခါ ထိုသို့ ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်သဘာပတိက နိုင်ငံတော် သမ္မတထံ တင်ပြအစီရင် ခံရပါမယ်။

ဒါကြောင့် ပြည်ထောင်စု စာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စု စာရင်းစစ်ချုပ်အား အောက်ပါ အကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင် နိုင်သည်–
(က)နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊
(ခ)ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊
(ဂ)အကျင့်သိက္ခာ ပျက်ပြားခြင်း၊
(ဃ)ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အရည်အချင်း ပျက်ယွင်းခြင်း။

၂။ ပြည်ထောင်စု စာရင်းစစ်ချုပ်အပေါ် စွပ်စွဲ ပြစ်တင်လိုပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်အပေါ်တွင် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်ပြီး စွပ်စွဲ ခံရသူသည် ပြည်ထောင်စု စာရင်းစစ်ချုပ်ရာထူးတွင်ဆက်လက် တာဝန်ထမ်းဆောင်စေရန် မသင့်ကြောင်းသက်ဆိုင်ရာလွှတ်တော် က တင်ပြလျှင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု စာရင်းစစ်ချုပ်အား တာဝန်မှ ရပ်စဲရမည်။

၄။ စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း သက်ဆိုင်ရာလွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ဆုံးဖြတ်ကြောင်း သက်ဆိုင်ရာ လွှတ်တော် သဘာပတိသည် နိုင်ငံတော် သမ္မတထံ တင်ပြအစီရင်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စု စာရင်းစစ်ချုပ်အား အထောက်အကူပြုဖို့ လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများ

ထဲကဖြစ်စေ သင့်လျော်သူ တစ်ဦးဦးအား မိမိသဘော ဆန္ဒအလျောက် ရွေးချယ်လျက် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ခွင့်ရှိသင့်ပါတယ်။ အဲဒီလို ခန့်အပ် တာဝန်ပေးရာတွင် ဒုတိယ စာရင်းစစ်ချုပ်ဟာ အသက်၄၀ နှစ်ပြည့်ပြီးသူဖြစ်သင့်ပါတယ်။ အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့်အရည်အချင်းများနှင့်လဲ ပြည့်စုံသူဖြစ်သင့်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော စာရင်းစစ်အရာရှိအဖြစ် အနည်းဆုံး ၁၀နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် မှတ်ပုံတင် စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်း ကိုင်အဖြစ် အနည်းဆုံး ၁၅နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းရှိတဲ့စာရင်းအင်းပညာရှင်၊သို့မဟုတ် စီးပွားရေးပညာရှင်အဖြစ် နိုင်ငံတော် သမ္မတက ယူဆသူ ဖြစ်သင့်ပါတယ်။ဒုတိယစာရင်းစစ်ချုပ်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူလဲ ဖြစ်ရပါမယ်။

ဒုတိယစာရင်းစစ်ချုပ်ဟာပြည်ထောင်စုစာရင်းစစ်ချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒုတိယ စာရင်းစစ်ချုပ် ခန့်အပ် တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ နိုင်ငံတော် သမ္မတသည်ပြည်ထောင်စုစာရင်းစစ်ချုပ်အား အထောက်အကူပြုရန် လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိသဘောဆန္ဒ အလျောက် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်–

(က)အသက် ၄၀ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ)အသက်ကန့်သတ်ချက်မှအပ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံခြင်း၊

(ဂ) (၁)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော စာရင်းစစ်အရာရှိအဖြစ် အနည်းဆုံး ၁၀နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ်

(၂)မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၁၅ နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ်

(၃)ထင်ပေါ် ကျော်ကြားသည့်

ဂုဏ်သတင်းရှိသော စာရင်းအင်းပညာရှင် သို့မဟုတ် စီးပွားရေးပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

၂။ ဒုတိယ စာရင်းစစ်ချုပ်သည် ပြည်ထောင်စု စာရင်းစစ်ချုပ်မှ တစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်လို့ အသေးစိတ်အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု စာရင်းစစ်ချုပ်နဲ့ ဒုတိယစာရင်းစစ်ချုပ်တို့ရဲ့ ရာထူးသက်တမ်းဟာ သာမန်အားဖြင့် နိုင်ငံတော်သမ္မတရဲ့ ရာထူးသက်တမ်းအတိုင်း ဖြစ်သင့်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ဟာ ရာထူးသက်တမ်း မကုန်ဆုံးမီ မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုရင် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်ခွင့် ပြုသင့်ပါတယ်။

ပေးအပ်တဲ့တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်တဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အား ရာထူးမှ နုတ်ထွက်ရန် နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်ခွင့် ရှိရပါမယ်။ ညွှန်ကြားတဲ့အတိုင်း မလိုက်နာရင် တာဝန်မှရပ်စဲနိုင်ခွင့် ရှိရပါမယ်။

ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ရာထူးနေရာ လစ်လပ်ရင် နိုင်ငံတော်သမ္မတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပြည်ထောင်စု စာရင်းစစ်ချုပ်အသစ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အသစ် ခန့်အပ်တာဝန်ပေးနိုင်ခွင့်ရှိရပါမယ်။ အဲဒီလို တာဝန်ပေးခြင်းခံရတဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ရဲ့ ရာထူးသက်တမ်းဟာ နိုင်ငံတော်သမ္မတရဲ့ ကျန်ရှိနေတဲ့ ရာထူးသက်တမ်းအတွက်သာ ဖြစ်စေသင့်ပါတယ်။

ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးကဲ့သို့ပင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ဟာ လွှတ်တော် တစ်ရပ်ရပ်ရဲ့ ကိုယ်စားလှယ်ဖြစ်ရင် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရတဲ့ နေ့မှစပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ကြောင်း သဘောမှတ်ထားသင့်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ်

ဒုတိယစာရင်းစစ်ချုပ်ဟာနယ်ဘက်ဝန်ထမ်း ဖြစ်ရင်လဲ မိမိဆိုင်ရာဌာနတွင်လည်းကောင်း၊ အခြားအစိုးရဌာန တစ်ခုခုတွင်လည်းကောင်း၊ တာဝန် ပြန်လည်ထမ်းဆောင်ရန် မသင့်လို့ သဘောရရှိပါတယ်။ဒါကြောင့် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရတဲ့နေ့မှစပြီး တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနဲ့အညီ နယ်ဘက်ဝန်ထမ်း အဖြစ်မှ အငြိမ်းစားယူပြီးဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ကြောင်း သတ်မှတ်ထားသင့်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ဟာ ပြည်ထောင်စု အကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှုဆောင်ရွက်ရမယ့် ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီ တစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်နေရင် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရတဲ့နေ့မှစပြီး မိမိရာထူး သက်တမ်းအတွင်း မိမိပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းများမှာ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်တဲ့ ပြဋ္ဌာန်းချက်ကို ထည့်သွင်းထားသင့်ပါတယ်။

ပြည်ထောင်စု စာရင်းစစ်ချုပ်နဲ့ ဒုတိယ စာရင်းစစ်ချုပ်တို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ဒုတိယစာရင်းစစ်ချုပ်တို့ရဲ့ ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခွင့်၊ တာဝန်မှ ရပ်စဲခွင့်၊ လစ်လပ် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခွင့် စသည်တို့နဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယ စာရင်းစစ်ချုပ်တို့၏ ရာထူးသက်တမ်းသည်သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်သည်။

၂။ ပြည် ထောင် စု စာ ရင်း စစ် ချုပ် သို့မဟုတ်ဒုတိယစာရင်းစစ်ချုပ်သည် ရာထူးသက်တမ်းမကုန်ဆုံးမီအကြောင်း တစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံစာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၃။ နိုင်ငံတော် သမ္မတသည် ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန် မှ ရပ်စဲရမည်။

၄။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်

ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုစာရင်းစစ်ချုပ်သို့မဟုတ်ဒုတိယစာရင်းစစ်ချုပ် ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီပြည်ထောင်စု စာရင်းစစ်ချုပ် အသစ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်း စစ်ချုပ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူး သက်တမ်းအတွက်သာ ဖြစ်စေရမည်။

၅။ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်သည် လွှတ်တော် တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင်ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးခြင်း ခံရသည့် နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၆။ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်သည် နယ်ဘက်ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ်သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နယ်ဘက် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇။ ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စု စာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ မိမိ ရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၈။ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ယခု ဆက်လက်ပြီး ပြည်ထောင်စု

ရာထူးဝန်အဖွဲ့ ဖွဲ့စည်းရေး ကိစ္စကို ဆက်လက် ရှင်းလင်း ပြောကြားပါမယ်။ ယခုလက်ရှိအားဖြင့် နယ်ဘက် ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ နယ်ဘက် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ရေး တာဝန်များကို ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ယင်းအဖွဲ့ကို ဥပဒေ သီးခြား ပြဋ္ဌာန်းပြီး ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။

နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရဲ့ သတ်မှတ်ဝန်ထမ်းအဆင့်များအတွက် ရွေးချယ်ရေး၊ လေ့ကျင့်ရေး ကိစ္စများကို တူညီမှုရှိစေခြင်းဟာ ဆောင်ရွက်ပေးဖို့ ဗဟိုအဖွဲ့အစည်း တစ်ရပ်ရပ်က တာဝန်ယူပေးရမှာဖြစ်ပါတယ်။ ထို့နည်းတူပင် နယ်ဘက် ဝန်ထမ်းများ လိုက်နာရမယ့် စည်းမျဉ်း စည်းကမ်းများဟာလဲ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာ တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်စေဘဲ တူညီမှု ရှိစေခြင်းဟာ သတ်မှတ်ပေးဖို့၊ ထိန်းသိမ်းပေးဖို့ ဗဟိုအဖွဲ့အစည်းတစ်ရပ်က တာဝန်ယူပေးရမှာဖြစ်ပါ တယ်။ ယင်းတာဝန်များကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပြီးဆောင်ရွက်စေသင့်ပါတယ်။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို ယခုလက်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကဲ့သို့ သီးခြားဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းတဲ့ အဖွဲ့အစည်းမျိုး မဟုတ်စေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတဲ့ အဖွဲ့အစည်းမျိုး ဖြစ်စေသင့်ပါတယ်။ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ရာထူးဝန်အဖွဲ့ ဖွဲ့စည်းရေးနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်များပါရှိတာကိုလေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် နယ်ဘက်ဝန်ထမ်း ရွေးချယ်ရေး၊ လေ့ကျင့်ရေးတာဝန်နဲ့ နယ်ဘက်ဝန်ထမ်း စည်းမျဉ်းစည်းကမ်း သတ်မှတ်ရေး တာဝန်များကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စု ရာထူးဝန်အဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခွင့်ရှိဖို့ ပြဋ္ဌာန်းထားသင့်ပါတယ်။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကို သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများထဲက သင့်လျော်တဲ့ပုဂ္ဂိုလ်များအား နိုင်ငံတော် သမ္မတက မိမိသဘောဆန္ဒအလျောက် ရွေးချယ်တာဝန်ပေးရန် ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ငါးဦးမှ ကိုးဦးအထိ ခန့်အပ်တာဝန် ပေးနိုင်ကြောင်း သတ်မှတ်ထားသင့်ပါတယ်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများဟာ ဘက်စုံအတွေ့အကြုံနဲ့ ဗဟုသုတကြွယ်ဝသူများ ဖြစ်သင့်ပါတယ်။ အသက်အားဖြင့်လဲ ၅၀ နှစ်ပြည့်ပြီး သူများ ဖြစ်သင့်ပါတယ်။ အသက်ကန့်သတ်ချက်မှ အပ လွှတ်တော် ကိုယ်စားလှယ်များအတွက်

သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူ ဖြစ်ရပါမယ်။ ဒါ့အပြင် အတွေ့အကြုံရင့်ကျက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များလဲ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းသူများလဲ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ လွှတ်တော်ကိုယ်စားလှယ်များလဲ မဖြစ်သင့်လို့ သဘောရရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ နိုင်ငံတော် သမ္မတအား တိုက်ရိုက်တာဝန်ခံရမယ့်အပြင် ယင်းတို့၏ သက်တမ်းဟာ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်စေသင့်ပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း စသည်တို့ကို ဥပဒေပြဋ္ဌာန်းပြီးသတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့–ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး–

၁။ နိုင်ငံတော် သမ္မတသည် နယ်ဘက်ဝန်ထမ်း ရွေးချယ်ရေး၊ လေ့ကျင့်ရေးတာဝန်နှင့် နယ်ဘက်ဝန်ထမ်းစည်းမျဉ်းစည်းကမ်း သတ်မှတ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းရမည်။

၂။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ငါးဦးမှ ကိုးဦးအထိ ခန့်အပ်တာဝန်ပေးနိုင်သည်။

၃။ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအား ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်–

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက် ကန့်သတ်ချက်မှအပ လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူဖြစ်ခြင်း၊

(ဂ) အတွေ့အကြုံ ရင့်ကျက်သော အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

(င) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ခြင်း၊

(စ) လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ခြင်း၊

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်နိုင်ငံတော်

သမ္မတအား တိုက်ရိုက် တာဝန်ခံရမည်။

၅။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၆။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းတို့ကို ဥပဒေ ပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

လို့ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား—

ယခုဆက်လက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဖွဲ့စည်းမှုကို ရှင်းလင်းပြောကြားပါမယ်။ စောစောက ရှင်းလင်း ပြောကြားခဲ့တဲ့ အတိုင်းတိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး အစိုးရများ၊ ပြည်နယ်တိုင်းတွင် ပြည်နယ်အစိုးရများ အသီးသီး ဖွဲ့စည်းထားရှိရမှာဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတွင် အကြီးအကဲတစ်ဦးနဲ့ အဖွဲ့ဝင်များရှိပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကောင်အထည် ဖော်လာတဲ့အခါ တိုင်းဒေသကြီး အစိုးရများနဲ့ ပြည်နယ်အစိုးရများ ပီပီပြင်ပြင် ပေါ်ပေါက်လာပြီး ပြည်ထောင်စု အသွင်သဏ္ဌာန် ထင်ရှားလာစေဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အကြီးအကဲကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် (Chief Minister of the Region or State)လို့ ခေါ်ဝေါ်သုံးနှုန်းသင့်ကြောင်း အကြံပြု လိုပါတယ်။အလားတူပင်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင်များကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများ (Ministers of the Region or State)လို့ ခေါ်ဝေါ်သုံးနှုန်းသင့်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင်အဖြစ် ပြည်ထောင်စု ရှေ့နေချုပ်အား ပါဝင်စေခဲ့သည့်နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေချုပ်ကိုလဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင် အဖြစ် ပါဝင်စေသင့်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ပြည်ထောင်စုကဲ့သို့ ရှေ့နေချုပ်ဟူ၍ ခေါ်ဝေါ်သုံးနှုန်းခြင်းမပြုဘဲ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် ဥပဒေချုပ် (**Advocate-General of the Region or State**) လို့ ခွဲခြား ခေါ်ဝေါ်သုံးနှုန်းသင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်ဝန်ကြီးများနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်တို့ဖြင့် ဖွဲ့စည်းသင့်ကြောင်းအကြံပြုလိုပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖြစ်ပေါ်လျက်ရှိတဲ့ အခြေအနေ အရပ်ရပ်အပေါ် မူတည်ပြီး နိုင်ငံတော်သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ဝန်ကြီးဌာနများကို လိုအပ်သလိုသတ်မှတ် ခွင့်ရှိရပါမယ်။ ဒါ့အပြင် နိုင်ငံတော် သမ္မတဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အသီးသီးတွင် ခန့်အပ်တာဝန်ပေးသင့်တဲ့ ဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်ခွင့်ရှိရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသူများဟာ အနည်းဆုံး အသက် ၃၅နှစ်ပြည့်ပြီးသူများ ဖြစ်သင့်ပါတယ်။ အသက်ကန့်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူများဖြစ်ရပါမယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများဟာ နိုင်ငံတော်နှင့်နိုင်ငံသားများ အပေါ် သစ္စာရှိသူများလဲ ဖြစ်ရပါမယ်။

သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများကို ရာထူးအလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးရမှာဖြစ်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်များအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နဲ့ဝန်ကြီးများအတွက် သတ်မှတ်ထားတဲ့ အသက် ၃၅နှစ် ပြည့်ပြီးသူ ဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ကို လျှော့ပေါ့ပေးရန် လိုအပ်ကောင်း လိုအပ်ပါမယ်။ အဲဒီလို လိုအပ်လာတဲ့အခါ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးနိုင်ကြောင်း ခြွင်းချက် အဖြစ် ပြဋ္ဌာန်းချက် ထည့်သွင်းထား သင့်ပါတယ်။

နိုင်ငံတော် သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ဖို့ ရှေးဦးစွာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အနက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများထဲက သင့်လျော်သူ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ရွေးချယ်ရပါမယ်။ အဲဒီလို ရွေးချယ်ထားတဲ့ လွှတ်တော် ကိုယ်စားလှယ်ရဲ့ အမည်စာရင်း

ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့ပြီး သဘောတူညီချက် ရယူရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက်ရရှိပြီးတဲ့ လွှတ်တော် ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရပါမယ်။ နိုင်ငံတော်သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးဖို့ ရွေးချယ်ရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထဲကပင် ရွေးချယ်ရန်ဖြစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ရွေးချယ်ခွင့် မရှိကြောင်းသတ်မှတ်ထားသင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဟာ နိုင်ငံတော် သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးဖို့ အမည်စာရင်း တင်သွင်းလာတဲ့ လွှတ်တော် ကိုယ်စားလှယ်ကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အတွက်သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ရင် ငြင်းပယ်ခွင့်မရှိကြောင်း သတ်မှတ်ထားသင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး အစိုးရ သို့မဟုတ် ပြည်နယ်အစိုးရ ဖွဲ့စည်းခြင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန် ပေးခြင်းများနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး အစိုးရ၊ ပြည်နယ်တိုင်းတွင် ပြည်နယ် အစိုးရအသီးသီး ဖွဲ့စည်းထားရှိသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်။

၃။ နိုင်ငံတော်သမ္မတသည်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ထို့ပြင်သတ်မှတ်ဝန်ကြီးဌာနများကိုပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း ပြုနိုင်သည်၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီး ဦးရေကို လိုအပ်သလို သတ်မှတ်နိုင်

သည်။ ထို့ပြင် သတ်မှတ် ဦးရေကို တိုးခြင်း၊ လျှော့ခြင်းပြုနိုင်သည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) အသက် ၃၅နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက် ကန့်သတ်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

၅။ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ရမည်၊

(ခ) ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ ပေးပို့လျက် သဘောတူညီချက်ရယူရမည်။

၆။ နိုင်ငံတော် သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူ ညီချက်ရရှိပြီးသည့် လွှတ်တော် ကိုယ်စားလှယ်အား သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

လို့ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ်သင့်ပါတယ်။

## လုံခြုံရေးနှင့်နယ်စပ်ရေးရာတာဝန်များပေးအပ်နိုင်ဖို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကိုတောင်းခံရပါမည်

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ်ခန့်အပ် တာဝန်ပေးဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများထဲကသင့်လျော်တဲ့ ပုဂ္ဂိုလ်များကိုမိမိ သဘောဆန္ဒအလျောက်ရွေးချယ်ရပါမယ်။ နောက်ပြီး လုံခြုံရေးနဲ့ နယ်စပ်ရေးရာတာဝန်များပေးအပ်နိုင်ဖို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်တဲ့ တပ်မတော်သားများရဲ့ အမည်စာရင်းကို တောင်းခံရပါမယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ်ခန့်အပ်တာဝန်ပေးဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ထံမှ ယင်းတို့၏ ဥက္ကဋ္ဌအမည်စာရင်းကို ရယူရပါမယ်။ အလားတူပင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုး ရေးရာဆောင်ရွက်ဖို့ ရွေးကောက်တင် မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံမှ ရယူရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိမိသဘော ဆန္ဒအလျောက် ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်များနဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားများရဲ့ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့တင်သွင်းလျက် သဘောတူညီချက်ရယူရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း အထင်

အရှားမပြနိုင်ရင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိကြောင်း သတ်မှတ်ထားသင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရဲ့ သဘောတူညီချက်ရရှိပြီးတဲ့ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌများနဲ့ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်ဖို့အတွက် ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးဖို့ နိုင်ငံတော်သမ္မတထံတင်ပြရပါမယ်။ နိုင်ငံတော် သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာတဲ့ ပုဂ္ဂိုလ်တွေကိုသက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ဖြစ်ပါတယ်။ အဲဒီလို ခန့်အပ်တာဝန်ပေးရာမှာလဲတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး တစ်ဦးချင်း အလိုက်တာဝန်ယူရမယ့်ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရန်ဖြစ်ပါတယ်။

နိုင်ငံတော် သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးရာမှာလဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုင်ရာ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရပါမယ်။ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ဖို့အတွက် ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလဲ သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရပါမယ်။ ဒါ့အပြင် နိုင်ငံတော် သမ္မတဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုင်ရာ ဝန်ကြီးများကိုဖြစ်စေ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများကိုဖြစ်စေ အခြားဝန်ကြီးဌာန တာဝန်များကိုလဲ ပူးတွဲတာဝန်ပေးအပ်နိုင်ခွင့် ရှိသင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ လုံခြုံရေးနဲ့ နယ်စပ်ရေးရာတာဝန်များအပြင် အခြားတာဝန်များအတွက် တပ်မတော်သားများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုရင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ ညှိနှိုင်းဆောင်ရွက်ရပါမယ်။ ဒါ့အပြင် သက်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရဲ့ သဘောတူညီချက်ကိုလဲ ရယူဆောင်ရွက်ရပါမယ်။

နိုင်ငံတော် သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော် သို့ အကြောင်းကြားရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ဟာ နိုင်ငံတော် သမ္မတကို တိုက်ရိုက်တာဝန်ခံရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများဟာလဲ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများရဲ့ ရာထူးသက်တမ်းဟာ သာမန်အားဖြင့် နိုင်ငံတော် သမ္မတရဲ့ ရာထူးသက်တမ်းအတိုင်း ဖြစ်ရပါမယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်း ဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်သည်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စား လှယ်များထဲက ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် မဟုတ်သူများ ထဲက ဖြစ်စေသတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောသင့်လျော်သည့် ပုဂ္ဂိုလ် များကို ရွေးချယ်ရမည်၊

(ခ) လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တောင်းခံရမည်၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ထံမှယင်း တို့၏ဥက္ကဋ္ဌအမည်စာရင်းကိုရယူရမည်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုသက်ဆိုင်ရာ ရွေးကောက်ပွဲကော် မရှင်ထံမှ ရယူရမည်။

၂။ တိုင်း ဒေသကြီး သို့မဟုတ်ပြည်နယ် ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများ၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၄။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်သည် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ သဘောတူညီချက် ရရှိ ပြီးသည့် ပုဂ္ဂိုလ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌများ၏ အမည်စာရင်းနှင့် တိုင်းရင်းသား ရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းပါ ပုဂ္ဂိုလ်များအား တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးရန် နိုင်ငံတော် သမ္မတထံ တင်ပြရမည်။

၅။ နိုင်ငံတော် သမ္မတသည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန် ပေးရမည်။ ထိုသို့ ခန့်အပ်တာဝန် ပေးရာတွင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး တစ်ဦး ချင်းအလိုက် တာဝန်ယူရမည့် ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာန များကို သက်ဆိုင်ရာ ဝန်ကြီးချုပ် နှင့် ညှိနှိုင်းလျက် သတ်မှတ်ပေး ရမည်။

၆။ နိုင်ငံတော် သမ္မတသည်-

(က)တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ် ဝန်ကြီးများဖြစ်သည့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌ များအား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရေးရာများကို တာဝန် ပေးအပ် ဆောင်ရွက်စေရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများဖြစ်သည့် တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်များအား သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာများကို တာဝန် ပေးအပ် ဆောင်ရွက်စေရမည်။

၇။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌအား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော် ကိုယ်စားလှယ်အားလည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးရာတွင် နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ် ထားသည့် အသက် ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။

၈။ နိုင်ငံတော် သမ္မတသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုင်ရာ ဝန်ကြီးများအားလည်းကောင်း၊ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးများအားလည်းကောင်း အခြား ဝန်ကြီးဌာန တာဝန်များကိုလဲ ပူးတွဲ တာဝန်ပေးအပ်နိုင်သည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်များအပြင် အခြားတာဝန်များအတွက် တပ်မတော်သားများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော် သမ္မတထံ တင်ပြရမည်။

၁၀။ နိုင်ငံတော် သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်သို့ လည်းကောင်း အကြောင်းကြား ရမည်။

၁၁။(က)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအားတိုက်ရိုက် တာဝန်ခံရမည်။

(ခ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည်သက်ဆိုင်ရာ ,တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်။

၁၂။တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ ရာထူးသက်တမ်းသည်သာမန်အားဖြင့် နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

လို့ အသေးစိတ်အခြေခံရမယ့် မှုများချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်နိုင်တဲ့ ကိစ္စရပ်ကို ဆက်လက်ရှင်းလင်းပြောကြားလိုပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအား နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်း၊နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီး၏ အရည်အချင်း ပျက်ယွင်းခြင်းဆိုတဲ့ အကြောင်းတစ်ရပ်ရပ်ကြောင့် စွပ်စွဲပြစ်တင်နိုင်ခွင့်ရှိ ရပါမယ်။

အဲဒီလို စွပ်စွဲပြစ်တင်ရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်တွင် လွှတ်တော်တစ်ရပ်တည်းရှိတဲ့အတွက် ပြည်ထောင်စု အဆင့်တွင် လွှတ်တော်နှစ်ရပ်ရှိသကဲ့သို့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအား စွပ်စွဲပြစ်တင်တဲ့ နည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်မှာ မဟုတ်တဲ့အတွက် သီးခြားနည်းလမ်းများ သတ်မှတ်ထားရန် လိုအပ်မှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအပေါ် ရှင်းလင်းပြောကြားခဲ့တဲ့ အကြောင်းတစ်ရပ်ရပ်နဲ့ စွပ်စွဲ ပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်

အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့ရဲ့ စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော် သဘာပတိထံ တင်ပြရပါမယ်။

ယင်းစွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်သဘာပတိက စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေရပါမယ်။ စုံစမ်းစစ်ဆေးရမယ့် လုပ်ငန်းပမာဏကို ထောက်ရှုပြီးသက်ဆိုင်ရာလွှတ်တော် သဘာပတိက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာမှာ စုံစမ်းစစ်ဆေးမှု ပြီးမြောက်ရမယ့် အချိန်ကာလကို သတ်မှတ်ပေးသင့်ပါတယ်။ သို့မှာသာ စုံစမ်းစစ်ဆေးမှုများ အချိန်ကြန့်ကြာမှုမရှိဘဲ ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။

စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲပြစ်တင်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ် လွှတ်တော်ရဲ့စွပ်စွဲပြစ်တင်မှုနဲ့ စပ်လျဉ်းလို့ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြလာရင် လွှတ်တော် သဘာပတိဟာ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်ပြရပါမယ်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်သုံးပုံနှစ်ပုံကစွပ်စွဲပြစ်တင်မှုဟာ မှန်ကန်ပြီး စွပ်စွဲခံရသူဟာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်းဆုံးဖြတ်ရင် သဘာပတိဟာ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော် သမ္မတထံတင်ပြအစီရင်ခံရပါမယ်။ နိုင်ငံတော်သမ္မတဟာ စွပ်စွဲပြစ်တင်ခြင်းခံရတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှ ရပ်စဲရပါမယ်။

စွပ်စွဲပြစ်တင်မှုဟာ မမှန်ကန်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က ဆုံးဖြတ်ရင် ထိုသို့ဆုံးဖြတ်ကြောင်းကို သက်ဆိုင်ရာ လွှတ်တော် သဘာပတိဟာ နိုင်ငံတော် သမ္မတထံ တင်ပြအစီရင်ခံရပါမယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ်ဝန်ကြီး တစ်ဦးဦးအားအောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့်စွပ်စွဲပြစ်တင်နိုင်သည်–

(က) နိုင်ငံတော်၏ ကျေးဇူး

ဖြစ်ရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရတဲ့ နေ့မှစပြီး တည်ဆဲ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနဲ့ အညီ နယ်ဘက်ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီးဖြစ်တယ်လို့ မှတ်ယူရန် ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေ ပြဋ္ဌာန်းပြီး သတ်မှတ်ရန် ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ် သက် ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဌာန အကြီးအကဲက ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဌာနဟာလဲ သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရုံးလဲ ဖြစ်ရပါမယ်။

ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦး နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲ ခြင်း၊ လစ်လပ်ရာထူးနေရာ ဖြည့်စွက်ခန့် ထားခြင်းစသည်တို့နဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခု ကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော် သမ္မတထံစာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၂။ နိုင်ငံတော် သမ္မတသည်––

(က) လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်း ဒေသကြီးသို့မဟုတ်ပြည် နယ် ဝန်ကြီးချုပ် သို့မဟုတ်ဝန်ကြီး အား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားမှု သည့်အတိုင်း လိုက်နာခြင်း မပြုလျှင်တာဝန်မှ ရပ်စဲရမည်၊

(ခ) ရာထူးမှ နုတ်ထွက် ရမည့် သို့မဟုတ် တာဝန်မှ ရပ်စဲ ခံရမည့် ပုဂ္ဂိုလ်သည် တပ်မ တော်ကာကွယ်ရေး ဦးစီးချုပ် က အမည်စာရင်းတင် သွင်း သည့် တပ်မတော်သား ဖြစ် လျှင် တပ်မတော် ကာကွယ် ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင် ရွက်ရမည်။

၃။ ရာထူးမှနုတ်ထွက်ခြင်းကြောင့် ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်း ကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်း ကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ တိုင်းဒေသ ကြီး သို့မဟုတ်ပြည်နယ် ဝန်ကြီး

ချုပ် သို့မဟုတ် ဝန်ကြီးရာထူး နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ် တော်နှင့် ညှိနှိုင်းလျက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

လစ်လပ်သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်း သည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက် သာ ဖြစ်စေရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးသည် နယ်ဘက်ဝန်ထမ်း ဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသည့် နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နယ်ဘက်ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေ ပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူး အဖြစ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဌာန အကြီးအကဲက ဆောင်ရွက်ရမည်။ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဌာန သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရရုံးလည်း ဖြစ်သည်

လို့ အသေးစိတ် အခြေခံရမည့်မှုများ ချမှတ်သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ဟာ ဥပဒေအကြံဉာဏ်များ ရယူနိုင်ဖို့နဲ့ ဥပဒေဆိုင်ရာ တာဝန်များ ပေးအပ်နိုင်ဖို့ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူ တစ်ဦးဦးအား ရွေးချယ်လျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြ သဘောတူညီချက် ရယူရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် အဖြစ်ခန့်အပ် တာဝန်ပေးခံရမယ့် ပုဂ္ဂိုလ်ဟာ အသက် ၄၀နှစ် ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အသက်ကန့်သတ်ချက်မှအပ တိုင်း

ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် တရားရေး ဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်ရင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော ရာထူးတွင် အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ် ခရိုင်အဆင့်ထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ၁၀နှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ် တရား လွှတ်တော်ရှေ့နေ (Advocate) ဖြစ်ရင် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက် ခဲ့ဖူးသူ ဖြစ်သင့်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူလဲ ဖြစ်ရပါမယ်။

နိုင်ငံတော် သမ္မတဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အဖြစ် တာဝန်ပေးအပ်ဖို့တင်ပြလာတဲ့ ပုဂ္ဂိုလ်အား သဘောတူညီရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ရင် နိုင်ငံတော်သမ္မတဟာ အဆိုပြုတင်ပြလာတဲ့ ပုဂ္ဂိုလ်အား သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ်ခန့်အပ် တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေသင့်လို့ သဘောရရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင် ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အပေါ် စွပ်စွဲပြစ်တင်ဖို့ကိစ္စ ပေါ်ပေါက်လာရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်တဲ့ နည်းလမ်းများအတိုင်း ဆောင်ရွက်ရပါမယ်။

ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူး နေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊ နယ်ဘက်မှ ဝန်ထမ်းဖြစ်ပါက အငြိမ်းစား ယူပြီးသည်ဖြစ်သည်ဟု မှတ်ယူခြင်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများအတွက် ချမှတ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်နဲ့လဲ သက်ဆိုင်စေရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

ဥပဒေချုပ်ရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ရန် ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ခန့်အပ် တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန်များပေးအပ် နိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူ တစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်ပြသဘောတူညီချက် ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်–

(က) အသက်(၄၀)နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက်ကန့်သတ်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(ဂ) (၁)တရားရေး ဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော ရာထူးတွင် အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ် ခရိုင်အဆင့်ထက်မနိမ့်သောရာထူးတွင်အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင် ခဲ့ဖူးသူ၊ သို့မဟုတ်၊

(၂) တရားလွှတ်တော်ရှေ့နေ (Advocate)ဖြစ်လျှင်အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့ဖူးသူ ဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

၂။ နိုင်ငံတော် သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အဖြစ် တာဝန်ပေးအပ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ပုဂ္ဂိုလ်အား သဘောတူ ညီပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက နိုင်ငံတော် သမ္မတသည် အဆိုပြု တင်ပြလာသည့် ပုဂ္ဂိုလ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင် ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်အား စွပ်စွဲ ပြစ်တင်ရန်ကိစ္စပေါ်ပေါက်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရုပ်စဲခြင်း၊ လစ်လပ်သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊ နယ်ဘက်ဝန်ထမ်းဖြစ်ပါက အငြိမ်းစား ယူပြီး ဖြစ်သည်ဟု မှတ်ယူခြင်းတို့နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများအတွက် ချမှတ်ထားသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်နှင့်လည်း သက်ဆိုင်စေရမည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ဟာ အရအသုံး ငွေစာရင်းများကို စစ်ဆေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ဖို့ သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူတစ်ဦးဦးအား ရွေးချယ်လျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သက်ဆိုင်

ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်ပြသဘောတူညီချက် ရယူခွင့် ရှိသင့်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးခြင်းခံရမယ့် ပုဂ္ဂိုလ်ဟာ အသက် (၄၀)နှစ် ပြည့်ပြီးသူ ဖြစ်သင့်ပါတယ်။ အသက်ကန့်သတ်ချက်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူ ဖြစ်သင့်ပါတယ်။ဒါ့အပြင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စာရင်းစစ်အရာရှိထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ခရိုင်အဆင့် စာရင်းစစ် အရာရှိထက် မနိမ့်သော ရာထူးတွင် အနည်းဆုံးဆယ်နှစ်ဆောင်ရွက် ခဲ့ဖူးသူ သို့မဟုတ် မှတ်ပုံတင်စာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် အနည်းဆုံး ၁၅ နှစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်သင့်ပါတယ်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရပါမယ်။

နိုင်ငံတော် သမ္မတဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် တာဝန်ပေးအပ်ဖို့ တင်ပြလာတဲ့ ပုဂ္ဂိုလ်အား သဘောတူညီရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အတွက် သတ် မှတ်ထားတဲ့ အရည်အချင်းများနဲ့ မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ရင် နိုင်ငံတော် သမ္မတဟာ အဆိုပြုတင်ပြလာတဲ့ ပုဂ္ဂိုလ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန် ပေးပို့ခြင်းပယ်ခွင့် မရှိစေသင့်လို့ သဘောရရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ဟာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော် သမ္မတအား တာဝန်ခံရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ် အပေါ် စွပ်စွဲ ပြစ်တင်ဖို့ ကိစ္စပေါ်ပေါက်လာရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်တဲ့နည်းလမ်းများ အတိုင်း ဆောင်ရွက်ရပါမယ်။

သဘာပတိကြီးခင်ဗျား–

ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရုပ်သိမ်းခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊ နယ်ဘက် ဝန်ထမ်းဖြစ်ပါက အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူခြင်းတို့နဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ်

ဝန်ကြီးများအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါရှိမယ့် ပြဋ္ဌာန်းချက်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်နဲ့လဲ သက်ဆိုင်စေရပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ရန်ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်သည် အရအသုံးငွေစာရင်းများကိုစစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့တင်ပြနိုင်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်ပြသဘောတူညီချက် ရယူလျက် နိုင်ငံတော်သမ္မတထံတင်ပြရမည်–

(က) အသက် ၄၅နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) အသက် ကန့်သတ်ချက်မှအပ တိုင်း ဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ် တော်ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း၊

(ဂ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင် အနည်းဆုံး ၅ နှစ် ဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ခရိုင်အဆင့်စာရင်းစစ်အရာရှိထက် မနိမ့်သောရာထူးတွင်အနည်းဆုံး ၁၀ နှစ်ဆောင် ရွက်ခဲ့ဖူးသူ၊ သို့မဟုတ်–

(၂)မှတ်ပုံတင် စာရင်းကိုင် သို့မဟုတ် လက် မှတ်ရပြည်သူ့ စာရင်းကိုင်အဖြစ်အနည်းဆုံး ၁၅ နှစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

၂။ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် တာဝန်ပေးအပ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်

နယ် ဝန်ကြီးချုပ်က သက်ဆိုင်ရာ လွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ပုဂ္ဂိုလ်အား သဘောတူညီပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အတွက်သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက နိုင်ငံတော်သမ္မတသည် အဆိုပြုတင်ပြလာသည့် ပုဂ္ဂိုလ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်း စစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး ချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အား စွပ်စွဲပြစ်တင်ရန်ကိစ္စ ပေါ်ပေါက်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်း ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူး နေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊ နယ်ဘက် ဝန်ထမ်းဖြစ်ပါက အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးများအတွက် ချမှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်နှင့် လည်း သက်ဆိုင်စေရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရဲ့ အုပ်ချုပ်ရေးအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းဖို့ လိုအပ်ပါမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွက် အုပ်ချုပ်ရေးအဖွဲ့ကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း ဦးစီးအဖွဲ့လို့ ခေါ်ဝေါ်

သုံးနှုန်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရဲ့ အုပ်ချုပ်ရေးအဖွဲ့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသဦးစီးအဖွဲ့လို့ ခေါ်ဝေါ်သုံးနှုန်း သင့်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဦးစီး အဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ ဖွဲ့စည်းမှုနဲ့စပ်လျဉ်းပြီး ရှင်းလင်း ပြောကြားပါမယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ် ရရှိပြီးဖြစ်တဲ့ တိုင်းရင်းသားလူမျိုး များမှအပ ကျန်တိုင်းရင်းသား လူမျိုးများ အနက် လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိပြီး နယ်မြေ တစ်ဆက်တစ်စပ်တည်း စုစုစည်း စည်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုး များဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရရှိကြမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး အသေးစိတ်ရှင်းလင်းပြော ကြားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကိုယ်ပိုင် အုပ် ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ကိုယ်ပိုင်အုပ် ချုပ်ရေး အာဏာကို ခွဲဝေအပ်နှင်းပေးမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတို့ဟာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စုများ ဖြစ်ကြလို့ အဆင့်အတန်း တူညီကြပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများမှာ အုပ်ချုပ်ရေး အာဏာများ ကျင့်သုံးဆောင်ရွက်နိုင်ဖို့ ဖွဲ့စည်းထားတဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ ဦးစီးအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးတဲ့ ဥပဒေပြုရေးအာဏာကိုလဲ ခွဲဝေ အပ်နှင်းမှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ များတွင် သီးခြားဥပဒေပြုအဖွဲ့ ဖွဲ့စည်းထား ခြင်းမပြုဘဲ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့တို့ကပင် ခွဲဝေအပ်နှင်းထားတဲ့ ဥပဒေပြု မှုအာဏာကိုကျင့်သုံးဆောင် ရွက်ရန်ဖြစ် ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့မှာအဖွဲ့ဝင် ဦးရေအနည်းဆုံး ၁၀ဦး ပါဝင်စေသင့်တယ်လို့ သဘော ရရှိပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းရှိမြို့နယ်များမှ ရွေးကောက်တင်

ရွေးကောက်တင်မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနဲ့ လုံခြုံရေးတာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာ တာဝန်ဖြစ်စေ ပေးအပ်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားများနဲ့ အခြေခံဖွဲ့စည်းရန် ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များဟာ မိမိတို့အချင်းချင်း ညှိနှိုင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထဲက သင့်လျော်သူ တစ်ဦးအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌအဖြစ် ရွေးချယ်ရပါမယ်။ အဲဒီလို ရွေးချယ်ထားတဲ့ ဥက္ကဋ္ဌရဲ့ အမည်စာရင်း ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြရပါမယ်။

နိုင်ငံတော်သမ္မတဟာ တင်ပြလာတဲ့ အမည်စာရင်းပါ ပုဂ္ဂိုလ်အား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရပါမယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌဟာ ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနဲ့ သက်ဆိုင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတ အား တာဝန်ခံခြင်း၊ ရာထူးသက်တမ်း သတ်မှတ်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊ နယ်ဘက်ဝန်ထမ်းများ ဖြစ်ပါက အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူခြင်းတို့နဲ့ စပ်လျဉ်းလို့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ပါရှိမယ့် ပြဋ္ဌာန်းချက်များဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနဲ့လဲ သက်ဆိုင် စေရပါမယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ ဖွဲ့စည်းရာမှာ အဖွဲ့ဝင်ဦးရေ ၁၀ဦး မပြည့်ရင် အဖွဲ့ဝင်ဦးရေကို အနည်းဆုံး ၁၀ဦးပြည့်စေဖို့လိုအပ်တဲ့ အဖွဲ့ဝင်ဦးရေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနဲ့ ဦးစီးအဖွဲ့ဝင်များက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ

အတွင်း နေထိုင်သူများထဲက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံပြီး သင့်လျော်တဲ့ ပုဂ္ဂိုလ်များအား ရွေးချယ် ဖြည့်စွက်ရပါမယ်။

အဲဒီလို ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက်တဲ့အခါ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများအနက် လူဦးရေအနည်းဆုံး ၁၀၀၀၀ အထက်ရှိတဲ့ တိုင်းရင်းသားလူမျိုးများရှိရင် အဲဒီတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် တစ်ဦးကျစီကို ရွေးချယ် ဖြည့်စွက်ရန် ဖြစ်ပါတယ်။

အဲဒီလို ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက်တဲ့အခါ ဦးစီးအဖွဲ့ဝင်ဦးရေ ၁၀ဦး မပြည့်သေးရင် ၁၀ဦးပြည့်တဲ့အထိ မိမိတို့သဘောဆန္ဒအလျောက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများအား ရွေးချယ်ဖြည့်စွက်ရန် ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဖွဲ့စည်းရာမှာ မူလကပင် ဦးစီးအဖွဲ့ဝင်ဦးရေ ၁၀ဦးပြည့်ပေမယ့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများအနက် လူဦးရေအနည်းဆုံး ၁၀၀၀၀ အထက်ရှိတဲ့ တိုင်းရင်းသား လူမျိုးများရှိရင် ယင်းတိုင်းရင်းသား လူမျိုးကိုယ်စားလှယ် တစ်ဦးကျစီကိုလဲ ဦးစီးအဖွဲ့ဝင်များအဖြစ်ရွေးချယ်ဖြည့်စွက်ရန် ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ဟာ အုပ်ချုပ်ရေးအာဏာအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းမယ့် ဥပဒေပြုရေးအာဏာကိုပါ ကျင့်သုံးကြမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးအာဏာ ကျင့်သုံးမယ့် အဖွဲ့အစည်းများဖြစ်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေမှာ တပ်မတော်သားကိုယ်စားလှယ်များ လေးပုံတစ်ပုံပါဝင်ခွင့်ရှိရန် ဥပဒေပြုရေး အပိုင်းတွင် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွေမှာလဲ စုစုပေါင်း ဦးစီးအဖွဲ့ဝင်ဦးရေရဲ့ လေးပုံတစ်ပုံဟာ တပ်မတော်သားကိုယ်စားလှယ် များဖြစ်သင့်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှာ ဦးစီးအဖွဲ့ဝင် စုစုပေါင်းရဲ့လေးပုံတစ်ပုံဟာ တပ်မတော်သားဦးစီးအဖွဲ့ဝင်များ ဖြစ်စေရေးအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟာ လိုအပ်သလို ဖြည့်စွက်တာဝန်ပေးခွင့်ရှိသင့်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌနဲ့ ဦးစီးအဖွဲ့ဝင်တို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေ ပြဋ္ဌာန်းပြီး သတ်မှတ်ပေးရန် ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေအုပ်ချုပ်ရေးဌာန အကြီးအကဲက ဆောင်ရွက်ရပါမယ်။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အထွေထွေအုပ်ချုပ်ရေးဌာနဟာလဲ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ရုံးလဲ ဖြစ်ရပါမယ်။

ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့သည် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရစီရင်စုများဖြစ်ကြသည့် အားလျော်စွာ အဆင့်အတန်း တူညီကြသည်။

၂။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအသီးသီး ဖွဲ့စည်းထားရှိသည်။ ယင်း ဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကိုလည်း ကျင့်သုံးသည်။

၃။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေအနည်းဆုံး ၁၀ ဦး ပါဝင်စေရမည်။

၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်များမှရွေးကောက်တင် မြှောက်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊

(ခ) လုံခြုံရေး တာဝန်ဖြစ်စေ၊ နယ်စပ်ရေးရာ တာဝန်ဖြစ်စေပေးအပ်နိုင်ရန်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားကိုယ်စား လှယ်များ၊

(ဂ) အပိုဒ်ခွဲ (က)နှင့် (ခ)ပါ ပုဂ္ဂိုလ်များကရွေးချယ် ဖြည့်စွက်ခန့်ထားသည့် ကိုယ်စားလှယ်များ။

၅။ အထက် အပိုဒ်၄အပိုဒ်ခွဲ(က)နှင့် (ခ)ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များသည် မိမိတို့အချင်းချင်း ညှိနှိုင်းလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ထားသောလွှတ်တော် ကိုယ်စားလှယ်များ အနက် သင့်လျော်သူတစ်ဦးအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌအဖြစ်ရွေးချယ်ရမည်။ ထိုသို့ ရွေးချယ်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၆။ နိုင်ငံတော် သမ္မတသည် အမည်စာရင်းတင်သွင်းလာသည့် ပုဂ္ဂိုလ်အား သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌအဖြစ် ခန့်အပ် တာဝန်ပေးရမည်။

၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသဥက္ကဋ္ဌသည်ရာထူးအလျောက် သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည်။ သို့ဖြစ်၍တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ တွင်ပါရှိမည့် ပြဋ္ဌာန်းချက်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥက္ကဋ္ဌနှင့်လည်း သက်ဆိုင်စေရမည်။

၈။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များသည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင် ဦးရေ ၁၀ ဦး မပြည့်ပါက အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦးပြည့်စေရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်သူများထဲမှ တိုင်း

ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ် ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များအား ရွေးချယ်ဖြည့်စွက် ခန့်ထားရမည်။

(ခ) ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက်ရာတွင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများ အနက် လူဦးရေအနည်းဆုံး ၁၀၀၀၀အထက်ရှိသည့် တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်းတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တစ်ဦးကျစီကို ရွေးချယ်ဖြည့်စွက်ခန့်ထားရမည်။

(ဂ) ဦးစီးအဖွဲ့ဝင်များ ရွေးချယ်ဖြည့်စွက်ရာတွင် ဦးစီးအဖွဲ့ဝင် ဦးရေ ၁၀ဦးမပြည့်သေးပါက ၁၀ဦးပြည့်သည်အထိ မိမိတို့ သဘောဆန္ဒအလျောက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသူများအား ရွေးချယ်ဖြည့်စွက် ခန့်ထားနိုင်သည်။

၉။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် မူလကာပင် ဦးစီးအဖွဲ့ဝင်ဦးရေ ၁၀ဦးပြည့်ပြီးဖြစ်သော်လည်း သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများအနက်လူဦးရေအနည်းဆုံး ၁၀၀၀၀ အထက်ရှိသည့် တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်း တိုင်းရင်းသား လူမျိုးကိုယ်စားလှယ် တစ်ဦးကျစီကိုလည်း ဦးစီးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ဖြည့်စွက် ခန့်ထားရမည်။

၁၀။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့တွင် ဦးစီးအဖွဲ့ဝင် စုစုပေါင်း၏ လေးပုံတစ်ပုံဖြစ်သည့် ဦးစီးအဖွဲ့ဝင် ဦးရေကို တပ်မတော်သားများဖြင့် လိုအပ်သလိုဖြည့်စွက် တာဝန်ပေးနိုင်သည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဥက္ကဋ္ဌ

သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးရမည်။

၁၂။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အထွေထွေအုပ်ချုပ်ရေးဌာနအကြီးအကဲက ဆောင်ရွက်ရမည်။ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသအထွေထွေအုပ်ချုပ်ရေးဌာနသည် သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ရုံးလည်း ဖြစ်သည်။

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့် ပါတယ်။

သဘာဝပတ်ကြီးခင်ဗျား —

ယခု ဆက်လက်ပြီး ပြည်ထောင်စုနယ် မြေဆိုင်ရာ အုပ်ချုပ်ရေးနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားပါမယ်။

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေရှိတဲ့ နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပြီး နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိဖို့ အခြေခံရမယ့်မူတစ်ရပ်ကို ချမှတ်ခဲ့ပါတယ်။ ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်ရဲ့ မြို့တော်ဖြစ်တဲ့အလျောက် နိုင်ငံတော်ရဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့နဲ့စပ်လျဉ်းပြီး အဓိကကျ ထူးခြားတဲ့အခြေအနေရှိတဲ့ နယ်မြေဖြစ်တဲ့အပြင် နိုင်ငံခြားသံရုံး အသီးသီးတည်ရှိရာ နယ်မြေဖြစ်လို့ နိုင်ငံခြားသံတမန်ဆက်ဆံရေးလုပ်ငန်းများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ ရုံးစိုက်ရာဒေသဖြစ်လို့ ယင်းအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နိုင်ငံတကာ လေကြောင်း၊ ရေကြောင်းဆက်သွယ်မှုအဓိက နယ်မြေဖြစ်လို့ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ နယ်မြေဖြစ်တဲ့အတွက် "နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်" လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့တော်ဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာ ရှိပါမယ်။ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအာဏာ

သက်ရောက်တဲ့နေ့၌ တည်ရှိနေတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ခရိုင်နဲ့ မြို့နယ်များအားလုံး ပါဝင်သင့်ပါတယ်။ နိုင်ငံတော်သမ္မတဟာ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော်အတွင်းရှိ ခရိုင်နဲ့မြို့နယ်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင် ခွင့်ရှိသင့်ပါတယ်။

ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော့်မှာ နိုင်ငံတော်သမ္မတက အုပ်နှင်းတဲ့ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ဖို့ ရန်ကုန်မြို့တော် ကောင်စီ (Yangon City Council) တစ်ရပ်ကို ဖွဲ့စည်း ထားသင့်ပါတယ်။ နိုင်ငံတော်သမ္မတဟာ ရန်ကုန်မြို့တော် ကောင်စီကို ဦးဆောင်ရမယ့် ဥက္ကဋ္ဌတစ်ဦး ခန့်အပ်တာဝန်ပေးရပါမယ်။ ကောင်စီဝင်များကိုလဲ လိုအပ်သလို ခန့်အပ် တာဝန်ပေးရပါမယ်။ နိုင်ငံတော်သမ္မတဟာ ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီဝင်များရဲ့ အရည်အချင်းများကို သတ်မှတ်ရပါမယ်။ အဲဒီလို သတ်မှတ်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများကို အခြေခံသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ ရန်ကုန်မြို့တော် ကောင်စီတွင် လုံခြုံရေးတာဝန်များ ညှိနှိုင်း ပေါင်းစပ်ပေးနိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ တပ်မတော်သားများ၏ အမည်စာရင်းကိုရယူပြီး ကောင်စီဝင်များအဖြစ် တာဝန် ပေးရန်ဖြစ်ပါတယ်။

ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီဝင်များဟာ နိုင်ငံတော် သမ္မတကို တိုက်ရိုက်တာဝန်ခံရပါမယ်။

နိုင်ငံတော် သမ္မတဟာ ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးကို လုပ်ငန်းတာဝန်ဆောင်ရွက်မှု မကျေနပ်ရင် ရာထူးမှ နုတ်ထွက်စေခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်း ပြုနိုင်ခွင့်ရှိရပါမယ်။ အကြောင်း အမျိုးမျိုးကြောင့် လစ်လပ်တဲ့ ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦးရဲ့ ရာထူးနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖြည့်စွက်ခန့်အပ် တာဝန်ပေးနိုင်ခွင့် ရှိရပါမယ်။ အဲဒီလို ဆောင်ရွက်ရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားများနဲ့ သက်ဆိုင်နေရင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နဲ့ ညှိနှိုင်းဆောင်ရွက်ရပါမယ်။

ရန်ကုန်မြို့တော် ကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီ ဝင်များရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ် ရန်ဖြစ်ပါတယ်။

ရန်ကုန်မြို့တော်ဆိုင်ရာ အထွေထွေ အုပ်ချုပ်ရေးဌာန အကြီးအကဲဟာ ရန်ကုန်

မြို့တော် ကောင်စီအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဌာနဟာ ရန်ကုန်မြို့တော် ကောင်စီရုံးအဖြစ် ဆောင်ရွက်စေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော်အုပ်ချုပ်ရေးနဲ့စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်သည့်နေ့၌ တည်ရှိနေသည့် ရန်ကုန်မြို့တော် စည်ပင် သာယာရေး နယ်နိမိတ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များအားလုံး ပါဝင်သည်။

၂။ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုနယ်မြေဖြစ်သည့်ရန်ကုန်မြို့တော်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

၃။ ပြည်ထောင်စုနယ်မြေဖြစ်သည့် ရန်ကုန်မြို့တော်တွင် နိုင်ငံတော်သမ္မတက အပ်နှင်းသည့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံး ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်ကောင်စီ (Yangon City Council)ကို ဖွဲ့စည်းထားရှိရမည်။

၄။ နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များအတွက် အရည်အချင်းများကို သတ်မှတ်ရမည်။

၅။ နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့တော်ကောင်စီတွင် ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးရမည်။

၆။ နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့တော်ကောင်စီတွင် လုံခြုံရေးတာဝန်များ ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သားများ၏ အမည်စာရင်းကို ရယူလျက် ကောင်စီဝင်များအဖြစ် တာဝန်ပေးရမည်။

၇။ ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များသည် နိုင်ငံတော်သမ္မတအား တိုက်ရိုက်တာဝန်ခံရမည်။

၈။ နိုင်ငံတော် သမ္မတသည်–

(က) ရန်ကုန်မြို့တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင် တစ်ဦးဦးအား လုပ်ငန်းတာဝန်ဆောင်ရွက်မှု မကျေနပ်ပါက ရာထူးမှနုတ်ထွက်စေခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်း ပြုနိုင်သည်။

(ခ) အကြောင်းအမျိုးမျိုး ကြောင့် လစ်လပ်သည့် ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်တစ်ဦးဦး၏ ရာထူးနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခန့်အပ်တာဝန်ပေး နိုင်သည်။

(ဂ) တပ်မတော် ကာကွယ်ရေး ဦးစီး ချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော် သားများနှင့် သက်ဆိုင်ပါက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ညှိနှိုင်းဆောင် ရွက်ရမည်။

၉။ ရန်ကုန်မြို့တော်ကောင်စီ ဥက္ကဋ္ဌ နှင့် ကောင်စီဝင်များ၏ တာဝန် များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရ မည်။

၁၀။ ရန်ကုန်မြို့တော်ဆိုင်ရာ အထွေ ထွေအုပ်ချုပ်ရေးဌာနအကြီးအကဲ သည် ရန်ကုန်မြို့တော် ကောင်စီ အတွင်းရေးမှူး ဖြစ်သည်။ ရန်ကုန် မြို့တော်ဆိုင်ရာအထွေထွေ အုပ် ချုပ်ရေးဌာနသည် ရန်ကုန်မြို့ တော်ကောင်စီရုံး ဖြစ်သည်

လို့ အသေးစိတ်အခြေခံရမယ့် မူများချမှတ် သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

"ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ် သည်" လို့ အခြေခံရမယ့်မူ ချမှတ်ပြီးဖြစ် ပါတယ်။ အဲဒါကြောင့် ကိုကိုးကျွန်းမြို့နယ် ဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ် ချုပ်မှုအောက်မှာ ရှိပါတယ်။

ပြည်ထောင်စုနယ်မြေဖြစ်တဲ့ ကိုကိုး ကျွန်းမြို့နယ်မှာ နိုင်ငံတော် သမ္မတက အပ်နှင်းတဲ့ အုပ်ချုပ်ရေးအာဏာကိုကျင့် သုံးဆောင်ရွက်နိုင်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦးကို ခန့်အပ် တာဝန်ပေးရပါမယ်။ နိုင်ငံတော်သမ္မတဟာ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် လွှတ်တော် ကိုယ်စား လှယ်များအတွက် သတ်မှတ်ထားတဲ့အရည် အချင်းများနဲ့ ပြည့်စုံသူတစ်ဦးအား မိမိ သဘောဆန္ဒ အလျောက် ရွေးချယ်ခန့်အပ် တာဝန်ပေးသင့်ပါတယ်။

ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေး မှူးဟာ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံ တော်သမ္မတက တာဝန်ပေးအပ်ထားသူကို တိုက်ရိုက် တာဝန်ခံရပါမယ်။

နိုင်ငံတော်သမ္မတဟာ ကိုကိုးကျွန်း မြို့နယ် အုပ်ချုပ်ရေးမှူးအား လုပ်ငန်း

တာဝန်ဆောင်ရွက်မှု မကျေနပ်ရင် ရာထူးမှ နုတ်ထွက်စေခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲ စေခြင်း ပြုနိုင်ရပါမယ်။ အကြောင်း အမျိုးမျိုးကြောင့် လစ်လပ်တဲ့ အုပ်ချုပ်ရေးမှူး ရာထူးနေရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ အညီ ဖြည့်စွက်ခန့် အပ် တာဝန်ပေးနိုင်ရပါမယ်။

ကိုကိုးကျွန်းမြို့နယ်အုပ်ချုပ် ရေးမှူးရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ရန် ဖြစ်ပါတယ်။

ကိုကိုးကျွန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဌာန အကြီးအကဲဟာ ကိုကိုးကျွန်း မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ရုံးအဖွဲ့မှူးဖြစ်ရပါမယ်။ ကိုကိုးကျွန်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဌာနဟာ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရဲ့ ရုံးဖြစ်ပါမယ်။

ဒါကြောင့် ပြည်ထောင်စုနယ်မြေ ဖြစ်တဲ့ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးနဲ့ စပ်လျဉ်းပြီး–

၁။ ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော် သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ထားရှိသည့်ပြည် ထောင်စုနယ်မြေအဖြစ် သတ်မှတ် သည်။

၂။ နိုင်ငံတော် သမ္မတသည် ကိုကိုး ကျွန်းမြို့နယ်အတွက် အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး (Township Administrator)တစ်ဦး ခန့်အပ်ထား ရမည်။

၃။ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး သည်တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်လွှတ်တော် ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသည့် အရည် အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၄။ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး သည် နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ် သူအား တိုက်ရိုက် တာဝန်ခံရမည်။

၅။ နိုင်ငံတော်သမ္မတသည်–

(က) ကိုကိုးကျွန်းမြို့နယ်အုပ်ချုပ် ရေးမှူးအား လုပ်ငန်း တာဝန် ဆောင်ရွက်မှု မကျေနပ်ပါက ရာထူးမှ နုတ်ထွက် စေခြင်း သို့မဟုတ်တာဝန်မှ ရပ်စဲခြင်း ပြုနိုင်သည်။

(ခ) အကြောင်း အမျိုးမျိုးကြောင့် လစ်လပ်သည့်အုပ်ချုပ်ရေး မှူး ရာထူး နေရာတွင် ဖွဲ့စည်း ပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ဖြည့်စွက် ခန့်အပ် တာဝန်ပေးနိုင်သည်။

၆။ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ ရပိုင်ခွင့် များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ် ရမည်။

၇။ ကိုကိုးကျွန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဌာန အကြီးအကဲသည် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး၏ ရုံးအဖွဲ့မှူးဖြစ်သည်။ ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနသည် ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဖြစ်သည်

လို့ အသေးစိတ် အခြေခံရမယ့်မူများချမှတ်သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

ဒေသဆိုင်ရာ အုပ်ချုပ်ရေးနဲ့ စပ်လျဉ်းပြီး ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်တို့တွင် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့ အစည်းများဖြစ်တဲ့ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများအား စဉ်ဆက်မပြတ်တာဝန်ယူ ဆောင်ရွက်စေသင့်ပါတယ်။

ခရိုင်အဆင့်မှာ ခရိုင်အုပ်ချုပ်ရေးမှူးများနဲ့အတူ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေး တာဝန်များကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးတဲ့ တပ်မတော်သားများက လိုအပ်သလို ပါဝင်ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဆင့်ဟာ ပြည်သူလူထုနဲ့ ထိတွေ့မှု အများဆုံး ဆောင်ရွက်ရတဲ့ အဆင့်ဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက် နဲ့ ကျေးရွာအုပ်စု အဆင့် အုပ်ချုပ်ရေးမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်ပေး ဆောင်ရွက်စေသင့်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးကောက်တင်မြှောက်ခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းတို့နဲ့ စပ်လျဉ်းပြီး သီးခြား ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန်ဖြစ်ပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနဲ့ စပ်လျဉ်းလို့ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရဲ့ လေ့လာထားရှိချက် များကို ရှင်းလင်း ပြောကြားပြီးလို့ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းကို ဆက်လက်ရှင်းလင်း ပြောကြားမှာ ဖြစ်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

တရားစီရင်ရေး အခန်းနဲ့ စပ်လျဉ်းပြီး ဆက်လက် ရှင်းလင်းပြောကြားပါမယ်။ ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ တရားစီရင် ရေးဆိုင်ရာ အခြေခံရမယ့် မူများမှာ အောက်ပါမူများ ပါဝင်ပါတယ်–

၁။ နိုင်ငံတော်၏ တရားစီရင်ရေး အာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ် တရားလွှတ်တော်များနှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်၊

၂။ ပြည်ထောင်စုတွင် ပြည်ထောင်စု တရား လွှတ်တော်တစ်ရပ် ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်၊

၃။ တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီးတရားလွှတ်တော်တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရား လွှတ်တော်တစ်ရပ်စီလည်းကောင်းထားရှိသည်၊

ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ အထက်ပါ အခြေခံရမယ့် မူများအပြင် တပ်မတော်နဲ့ စပ်လျဉ်းပြီး "တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်" လို့ အခြေခံရမယ့် မူတစ်ရပ်လဲ ချမှတ်ထားပါတယ်။ အဲဒီ စုံညီအစည်းအဝေးမှာပဲ အတွေ့တွေ့ ပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ "နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီး အချင်းချင်း၊ ပြည်နယ် အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန် နိုင်ငံတော်

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းမည်” လို့ ချမှတ်ထားပါတယ်။

**သဘာဝပတိကြီးစင်များ–**

အထက်တွင်ကျွန်တော်ရှင်းလင်းပြောကြားခဲ့တဲ့ အခြေခံရမယ့်မူများ အပေါ်မူတည်ပြီး နိုင်ငံတော်ရဲ့ တရားစီရင်ရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ဖို့ လိုအပ်ပါတယ်။ အဲဒီလို အသေးစိတ် အခြေခံရမယ့်မူများကို ချမှတ်ရာမှာ နယ်ဘက်ဆိုင်ရာ တရားရုံးများကို လည်းကောင်း၊ စစ်ဘက်ဆိုင်ရာ တရားရုံးများကို လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကိုလည်းကောင်း တရားစီရင်ရေးအာဏာများခွဲဝေအပ်နှင်းဖို့ အခြေခံရမယ့် မူများ ချမှတ်သင့်ပါတယ်။

နယ်ဘက်ဆိုင်ရာတရားရုံးများအား နိုင်ငံတော်ရဲ့ တရားစီရင်ရေး အာဏာခွဲဝေအပ်နှင်းခြင်းနဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ ပါရှိတဲ့အတိုင်း ပြည်ထောင်စုတရားလွှတ်တော်ဟာပြည်ထောင်စု တစ်ခုလုံးနဲ့ သက်ဆိုင်ပြီး နယ်ဘက်ဆိုင်ရာ တရားရုံး အဆင့်ဆင့်အပေါ်တွင် ကြီးကြပ်ကွပ်ကဲတဲ့ တာဝန်များကို ထမ်းဆောင်ရမယ့် တရားရုံးဖြစ်ပါတယ်။ဒါကြောင့်ထမ်းဆောင်ရမယ့် တာဝန်များနဲ့ လိုက်လျောညီထွေ ဖြစ်စေဖို့ ပြည်ထောင်စု တရားလွှတ်တော်ရဲ့ အမည်ကို “ပြည်ထောင်စု တရားလွှတ်တော်ချုပ်” လို့ ခေါ်ဝေါ်သုံးနှုန်းသင့်ပါတယ်။ အဲဒီ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အပါအဝင် တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်းကောင်း၊ အခြားဥပဒေအရလည်းကောင်း တရားစီရင်ရေး အာဏာများ ခွဲဝေအပ်နှင်းသင့်ပါတယ်။

စစ်ဘက်ဆိုင်ရာ တရားရုံးများ (Courts-Martial)ကိုလဲဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ အခြားဥပဒေအရလည်းကောင်း တရားစီရင်ရေး အာဏာများ ခွဲဝေအပ်နှင်းဖို့ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး (Constitutional Tribunal)နဲ့ စပ်လျဉ်းလို့လဲ ယင်းခုံရုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးအာဏာ ခွဲဝေ အပ်နှင်းရန် ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ တရားစီရင်ရေး အာဏာခွဲဝေအပ်နှင်းခြင်းနဲ့ စပ်လျဉ်းပြီး–

– နိုင်ငံတော်၏ တရားစီရင်ရေး အာဏာကို–

(က) ပြည်ထောင်စု တရား လွှတ်တော် ချုပ် (Supreme Court of the Union)၊ တိုင်းဒေသကြီး တရား လွှတ်တော်များ (High Courts of the Region)၊ ပြည်နယ်တရား လွှတ်တော

များ (High Courts of The States)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ (Courts of the Self Administered Divisions)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ (Courts of the Self Administered Zones)၊ ခရိုင် တရားရုံးများ (District Courts)၊ မြို့နယ် တရားရုံးများ (Township Courts)၊ ဥပဒေအရတည်ထောင်သော အခြား တရားရုံးများနှင့် ဥပဒေနှင့်အညီခန့်ထားသော တရားသူကြီးများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရလည်းကောင်းအခြားဥပဒေအရ လည်းကောင်း၊

(ခ) စစ်ဘက်ဆိုင်ရာ တရားရုံးများ (Courts-Martial) အား နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လည်းကောင်း၊ အခြားဥပဒေ အရ လည်းကောင်း၊

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ ခုံရုံး (Constitu- tional Tribunal)အား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ လည်းကောင်း ခွဲဝေအပ်နှင်းသည်။

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

နိုင်ငံတော်မှာတရားရုံးအဆင့်ဆင့်ဖွဲ့စည်းတည်ထောင် ထားရှိရေးနဲ့ စပ်လျဉ်းပြီးဆက်လက်ရှင်းလင်းပြောကြားပါမယ်။ နိုင်ငံတော်မှာ အမြင့်ဆုံးတရားရုံးရဲ့အမည်၊ ယင်းတရားရုံးရဲ့ အဆင့်အတန်းနဲ့ တရားရုံးမှာ ခန့်အပ်မယ့် တရားသူကြီးများရဲ့ အခေါ်အဝေါ်ဦးရေနဲ့တရား သူကြီးများခန့်အပ်ရေးတို့နဲ့စပ်လျဉ်းလို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံး ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး "ပြည်ထောင်စုတွင်ပြည်ထောင်စု တရားလွှတ်တော် တစ်ရပ် ထားရှိသည်။ ပြည်ထောင်စု တရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်" လို့ အခြေခံရမယ့်မူ ချမှတ်ပြီး ဖြစ်ပါတယ်။ အမြင့်ဆုံး တရားရုံးရဲ့အမည်ကို ခေါ်ဝေါ်ခြင်းနဲ့ စပ်လျဉ်းလို့ ပြည်ထောင်စု တရားလွှတ်တော်ကို "ပြည်ထောင်စု တရားလွှတ်တော်ချုပ်" လို့ ခေါ်ဝေါ်သုံးနှုန်းသင့်

ဖြေ ခင်း အထက်တွင် ရှင်းလင်း ဖော်ပြထားခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော်ရဲ့ အမြင့်ဆုံး တရားရုံး ဖြစ်ပါတယ်။ အဲဒီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ခန့်အပ်မယ့် တရားသူကြီးများအနက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ အကြီးအကဲကို "ပြည်ထောင်စု တရားသူကြီးချုပ်"လို့ ခေါ်ဝေါ်သုံးနှုန်းသင့်ပါတယ်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများကိုလဲ "ပြည်ထောင်စု တရားသူကြီးများ"လို့ ခေါ်ဝေါ် သုံးနှုန်းသင့်ပါတယ်။

သဘောပတိကြီးခင်ဗျား–

ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ အနေအထားအရ လည်းကောင်း၊ ပေးအပ်မယ့် တရားစီရင်ရေးအာဏာများ၊ တာဝန်များနဲ့ လုပ်ပိုင်ခွင့်များအရ လုပ်ငန်းပမာဏကိုထောက်ချင့်ပြီးလည်းကောင်းပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီးဦးရေကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ထားရှိသင့်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။

ပြည်ထောင်စုတရားသူကြီးချုပ်ခန့်အပ်ရေးနဲ့ စပ်လျဉ်းလို့ နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကဥပဒေပြုအာဏာပိုင် အဖွဲ့အစည်းဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ခန့်ထားမယ်ဆိုပါက နိုင်ငံတော် အာဏာသုံးရပ်အချင်းချင်းအပြန်အလှန်ထိန်းကျောင်းစေတဲ့မှုကို ရေးရှုရာရောက်ပါမယ်။ အဲဒီနည်းလမ်းကို ကျင့်သုံးတဲ့အခါ အငြင်းပွားမှုများနည်းပါးစေနိုင်ဖို့ နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းသူကို မည်သည့်အခြေအနေမျိုးတွင်ပြည်ထောင်စုလွှတ်တော်က ငြင်းပယ်နိုင်တယ် ဆိုတာကိုလဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပဲ သတ်မှတ် ဖော်ပြသင့်ပါတယ်။

ပြည်ထောင်စု တရားသူကြီးများ ခန့်အပ်ရေးနဲ့ စပ်လျဉ်းလို့ အခြေခံရမယ့်မူများချမှတ်ရာမှာလဲပြည်ထောင်စု တရားသူကြီးများဟာ ပြည်ထောင်စု တရားသူကြီးချုပ်ရဲ့ ဦးဆောင်မှုကိုခံယူပြီး တာဝန်ထမ်းဆောင်ကြမယ့်သူများဖြစ်တာကြောင့် ယင်းတို့ကို ခန့်ထားရာမှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စု တရားသူကြီးချုပ်နဲ့တိုင်ပင်ပြီး အမည်စာရင်း ပြုစုသင့်ပါတယ်။ အဲဒီ အမည်စာရင်းပါ ပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတကပြည်ထောင်စုလွှတ်တော်ရဲ့သဘောတူညီချက်နဲ့ ပြည်ထောင်စု တရားသူကြီးများအဖြစ် ခန့်ထားသင့်ပါတယ်။ အဲဒီနည်းလမ်းကို ကျင့်သုံးတဲ့အခါ နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းသူကို မည်သည့် အခြေအနေမျိုးတွင် ပြည်ထောင်စုလွှတ်တော်က ငြင်းပယ်နိုင်တယ် ဆိုတာကို ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ သတ်မှတ်

ဖော်ပြသင့်ပါတယ်။

ဒါကြောင့်အထက်တွင် ရှင်းလင်းပြောကြားခဲ့တဲ့ အကြောင်းအရာများနဲ့ စပ်လျဉ်းပြီး–

၁။ နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် (Supreme Court of the Union) တစ်ရပ်ထားရှိသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆိုင်ရာခုံရုံး (Constitutional Tribunal) နှင့် စစ်ဘက်ဆိုင်ရာ တရားရုံးများ (Courts-Martial)၏ စီရင်ပိုင်ခွင့် အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးဖြစ်သည်။

၂။ (က) ပြည်ထောင်စု တရား လွှတ်တော်ချုပ် (Supreme Court of the Union) ၏ အကြီးအကဲကို "ပြည်ထောင်စုတရားသူကြီးချုပ်" (Chief Justice of the Union) ဟု ခေါ်ရမည်။

(ခ) ပြည်ထောင်စု တရား လွှတ်တော်ချုပ်တွင်ပြည်ထောင်စု တရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားသူကြီးများ (Judges of the Supreme Court) ဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦး အထိ ခန့်အပ်နိုင်သည်။

၃။ (က) နိုင်ငံတော်သမ္မတက အမည်တင် သွင်းပြီး ပြည်ထောင်စု လွှတ်တော်က သဘောတူညီသူကို ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် နိုင်ငံတော်သမ္မတက ခန့်အပ်ရမည်၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီးချုပ်၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြသနိုင်ပါက ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော် သမ္မတက ပြည် ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန်အမည်တင်သွင်းသူကို ငြင်းပယ်ခွင့်မရှိစေရ။

၄။ (က) နိုင်ငံတော် သမ္မတက ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ညှိနှိုင်းကာအမည်စာရင်းတင်သွင်းပြီး ပြည်ထောင်စု လွှတ်တော်က သဘောတူညီ

သူကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ပြည်ထောင်စု တရားသူကြီးအဖြစ် နိုင်ငံတော် သမ္မတကခန့်အပ်ရမည်၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြသနိုင်ပါက ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော် သမ္မတက ပြည်ထောင်စု တရားသူကြီးအဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူကို ငြင်းပယ်ခွင့်မရှိစေရ–

လို့အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာဝပတိကြီးမင်းများ–**

ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများ ခန့်အပ်ရေးနဲ့ စပ်လျဉ်းပြီး အဲဒီတရားသူကြီးများရဲ့ အရည်အချင်းများကိုလဲ သတ်မှတ်ထားရှိသင့်ပါတယ်။ နိုင်ငံတော်ရဲ့အမြင့်ဆုံး တရားရုံးဖြစ်တဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ခန့်ထားခံရမယ့် တရားသူကြီးဟာ တရားစီရင်ရေး အာဏာများကို တာဝန်သိသိ၊ သစ္စာရှိရှိ ကိုင်တွယ်ကျင့်သုံးပြီး ဥပဒေနဲ့အညီ လွှတ်လပ်စွာ တရားစီရင်ရေးမှုကို အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။ဒါကြောင့်နိုင်ငံတော်အပေါ်သစ္စာရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ တရားဥပဒေများကို ထိန်းသိမ်းလိုက်နာခြင်း၊ တရားရေးရာတာဝန်အတွေ့အကြုံရှိခြင်း၊ကိုယ်ကျင့်သိက္ခာစောင့်ထိန်းခြင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်အား အပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်များနဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာမှာ တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်း ရှိမယ့်အသက်အရွယ်နဲ့ အရည်အချင်းတို့ကို အခြေခံပြီး ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများ အတွက် အရည်အချင်း သတ်မှတ်ချက်များကို ပြုလုပ်ထားသင့်ပါတယ်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော်ရဲ့အာဏာ တစ်ရပ်ကို ကိုင်တွယ်ကျင့်သုံးမယ့် အဖွဲ့အစည်းဖြစ်တဲ့ အလျောက် ခန့်ထားမယ့် တရားသူကြီးများ အနေနဲ့ နိုင်ငံတော်အပေါ်သစ္စာ ရှိရေး အတွက် မှတ်ကျောက်တစ်ခုအဖြစ် သာမန် နိုင်ငံသားဖြစ်ရုံမက နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားဖြစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။

ဥပဒေနဲ့အညီ လွတ်လပ်စွာ မှန်ကန်တဲ့ အဆုံးအဖြတ်များကို ပေးကြရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့ အားလျော်စွာ တရားရေးရာ၊ ဥပဒေရေးရာ အတွေ့အကြုံရှိပြီး ရင့်ကျက်တည်ငြိမ်မှု ရှိနိုင်ရန်အတွက် အနိမ့်ဆုံး အသက်ကိုလည်းကောင်း၊အမြင့်ဆုံး အသက်ကိုလည်းကောင်း သတ်မှတ်ထား ရှိရန်လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံတော်တွင် အမြင့်ဆုံးတရားရုံးများမှာ ခန့်ထားတဲ့တရားသူကြီးများရဲ့ အသက်ကို သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းလို့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီကြဘဲ ကွဲပြားမှုရှိတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံအလိုက် လေ့လာကြည့်ရှုတဲ့အခါ အနိမ့်ဆုံးအသက်ကို ၃၀ နှစ်၊ ၃၅ နှစ်၊ ၄၀ နှစ်အဖြစ် လည်းကောင်း၊အမြင့်ဆုံးအသက်ကို ၆၀နှစ်၊ ၆၅ နှစ်၊ ၇၀နှစ်၊ ၇၅ နှစ်အထိ လည်းကောင်း၊ အချို့နိုင်ငံများမှာ ရာသက်ပန်အဖြစ် လည်းကောင်း သတ်မှတ်ကြတာ လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ်အတွက် ခန့်ထားမယ့် တရားသူကြီး များရဲ့ အနိမ့်ဆုံး အသက်ကို ၅၀နှစ်လို့သတ်မှတ်ပြီး အမြင့်ဆုံး အသက်ကို ၇၀ နှစ်လို့ သတ်မှတ် သင့်ပါတယ်။

သဘာဝတိကြီးခင်များ-

အနာဂတ် နိုင်ငံတော်တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာပိုင်းခြားခွဲဝေခြင်းနဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ "နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့်အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်"လို့ မူများချမှတ်ခဲ့တာနဲ့ အညီ တရားစီရင်ရေးအာဏာကို အလွဲသုံးစား ပြုခြင်းမျိုးမရှိဖို့ လိုအပ်တဲ့အတွက် တရားသူကြီးများဟာ ပါတီ နိုင်ငံရေးနဲ့ ကင်းရှင်းသူများလဲ ဖြစ်သင့်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များလဲ မဖြစ်သင့်ပါ။

ဒါကြောင့် ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရား သူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး-

- ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားသူကြီးများ သည်အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က)အသက် ၅၀ နှစ်ထက် မငယ်၊ အသက် ၇၀ နှစ်ထက် မကြီးသူဖြစ်ခြင်း၊

(ခ)အသက်ကန့်သတ်ချက် မှအပပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများ

နှင့် ပြည်စုံသူဖြစ်ခြင်း။

(ဂ)(၁)တိုင်းဒေသတရား လွှတ်တော် သို့မဟုတ်ပြည်နယ် တရား လွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(၂)တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ၁၀နှစ် တာဝန် ထမ်းဆောင်ခဲ့သူ သို့မဟုတ်

(၃)တရားလွှတ်တော် ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၂၀နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ သို့မဟုတ်

(၄)ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ခြင်း၊

(ဃ)နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ခြင်း၊

(င)နိုင်ငံရေး ပါတီဝင်မဟုတ်သူဖြစ်ခြင်း၊

(စ)လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ခြင်း။

လို့ အသေးစိတ် အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးတစ်ဦးဦးအားရာထူးတွင်ဆော[illegible]က်ထမ်းရွက်စေရန် မသင့်တဲ့ အခြေအနေ[illegible] ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီအခြေအနေမျိုးတွေကိုတွေကြုံရတဲ့အခါနိုင်ငံတော်သမ္မတသို့မဟုတ် ပြည်ထောင်စု လွှတ်တော်က မည်သို့ဆောင်ရွက်ပိုင်ခွင့် ရှိတယ်ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်း ဖော်ပြထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ နိုင်ငံတော် အခန်းအတွက် ချမှတ်ခဲ့[illegible]ခြေခံ ရမယ့်မှုများမှာ "နိုင်ငံတော် အကြ[illegible]အကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်၊ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်" လို့ အခြေခံရမယ့်မှု ချမှတ်ခဲ့ပါတယ်။ အဲဒီမှုနဲ့အညီ နိုင်ငံတော်ရဲ့ အကြီးအကဲလဲဖြစ်ပြီး နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ နိုင်ငံတော် သမ္မတဟာ ယင်းကိုယ်တိုင် အမည်စာရင်းတင်သွင်းပြီး ပြည်သူ့လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ခန့်ထားခဲ့တဲ့ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု

တရားသူကြီးများအား မည်သည့် အကြောင်းရပ်များအပေါ် အခြေခံပြီး ယင်းတို့ကို ရာထူးမှ နုတ်ထွက်စေရန် ညွှန်ကြားပိုင်ခွင့်ရှိကြောင်း၊ အဲဒီလို ညွှန်ကြားခြင်းကို လိုက်နာခြင်းမပြုလျှင် ယင်းပုဂ္ဂိုလ်ကို ရာထူးမှ ရပ်စဲပိုင်ခွင့်ရှိကြောင်း အခြေခံ ရမယ့်မှုများ ချမှတ်သင့်ပါတယ်။

ဒါကြောင့် အထက်တွင် ရှင်းလင်းပြောကြား ခဲ့တဲ့အတိုင်း နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်များ အပ်နှင်းရေးနဲ့ စပ်လျဉ်းပြီး–

– ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီး တစ်ဦးဦးသည် အောက်ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် ငြိစွန်းပါက နိုင်ငံတော်သမ္မတသည် ယင်းပုဂ္ဂိုလ်အား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားခြင်း၊ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲခြင်း ပြုနိုင်သည်–

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စု တရားသူကြီးချုပ်သို့မဟုတ် ပြည်ထောင်စု တရားသူကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း။

လို့ အသေးစိတ်အခြေခံရမယ့်မှုများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်တွင် ကျွန်တော် ရှင်းလင်းပြောကြားခဲ့တဲ့အတိုင်း နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်များ ပေးအပ်ရန်သင့်သလို ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများအား ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်ခြင်းပြုလုပ်တဲ့ နည်းလမ်းကို ကျင့်သုံးပြီး ရာထူးမှရပ်စဲနိုင်တဲ့ လုပ်ပိုင်ခွင့်များကိုလဲပေးအပ်သင့်ပါတယ်။ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ နိုင်ငံတော်သမ္မတက ခန့်အပ်တဲ့ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ဒါကြောင့် ဒီပုဂ္ဂိုလ်များကို စွပ်စွဲပြစ်တင်ဖို့ လိုအပ်လာတဲ့ အခါ လွှတ်တော် တစ်ရပ်ရပ်က စွပ်စွဲရင် ကျန်လွှတ်တော်ကစုံစမ်းစစ်ဆေးတဲ့နည်းလမ်းကို အခြေခံမှုအဖြစ် ချမှတ်သင့်ပါတယ်။ ဒီနည်းလမ်းဟာ နိုင်ငံတော် အကြီးအကဲ အခန်းတွင် အခြေခံမှုအဖြစ် ချမှတ်ခဲ့တဲ့ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတကို စွပ်စွဲပြစ်တင်တဲ့ နည်းလမ်းအတိုင်း

ဖြစ်သင့်ပါတယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့ လွှတ်တော် သို့မဟုတ် စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးစေတဲ့ လွှတ်တော်က စွပ်စွဲချက်ဟာ မှန်ကန်ပြီး စွပ်စွဲခံရသူအား ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်ရင် စွပ်စွဲပြစ်တင်ခြင်းခံရတဲ့ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးအား နိုင်ငံတော်သမ္မတက ရာထူးမှ ရပ်စဲစေရမယ်လို့ အခြေခံမူ ချမှတ်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီး တစ်ဦးဦးအား အောက်ပါ အကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသောပြည်ထောင်စု တရား သူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း။

၂။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက နိုင်ငံတော် သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးအဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က တင်ပြလျှင် နိုင်ငံတော် သမ္မတသည် စွပ်စွဲပြစ်တင်ခြင်း ခံရသည့် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။

၄။ စွပ်စွဲ ပြစ်တင်မှုသည် မမှန်ကန်ကြောင်း သက်ဆိုင်ရာ လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ဆုံးဖြတ်

ကြောင်း သက်ဆိုင်ရာ လွှတ်တော်သဘာပတိသည် နိုင်ငံတော်သမ္မတထံ တင်ပြ အစီရင်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများဟာ အမျိုးသားညီလာခံကြီးက အခြေခံရမယ့်မူအဖြစ် ချမှတ်ထားပြီးဖြစ်တဲ့ တရားစီရင်ရေး မူများနဲ့အညီ တရားစီရင်ရေးအာဏာနဲ့ တာဝန်ကို ကျင့်သုံးဆောင်ရွက်ကြရမယ့် ပုဂ္ဂိုလ်များဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများအား ရာထူးမှ နုတ်ထွက်စေခြင်း သို့မဟုတ် ရပ်စဲခြင်းပြုလုပ်သည်မှအပ ယင်းတို့သည် မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊ စွပ်စွဲ ပြစ်တင်ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊ နိုင်ငံတော်က သတ်မှတ်သော ဆေးအဖွဲ့ရဲ့ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ချို့ယွင်းသွားတဲ့အတွက် တာဝန်ကိုထာဝစဉ် မထမ်းဆောင်နိုင်ကြောင်း တွေ့ရှိရရင်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုတစ်ခုကြောင့်ဖြစ်စေ ရာထူးတွင် ဆက်လက် ထမ်းဆောင်စေရန် မသင့်လျော်ခြင်း၊ ကွယ်လွန်ခြင်း၊ အကြောင်းများ မပေါ်ပေါက်သမျှ သတ်မှတ်ထားတဲ့ အသက် ၇၀နှစ်အရွယ်အထိ တာဝန်ထမ်းဆောင်ခွင့် ရှိသင့်ပါတယ်။

ဒါကြောင့်ရာထူးသက်တမ်းနဲ့စပ်လျဉ်းပြီး–

–နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြင့် ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ်ရာထူးမှ ရပ်စဲခြင်းခံရသည်မှအပ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများသည် အောက်ပါ အကြောင်း တစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၇၀နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်–

(က) မိမိသဘော အလျောက်ရာထူးမှ နုတ်ထွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ စွပ်စွဲပြစ်တင်ခြင်း ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(ဂ) နိုင်ငံတော်က သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ် နှစ်ပါးအနက် တစ်ပါးပါး ချို့ယွင်းသွားခြင်းကြောင့်တာဝန်ကို ထာဝစဉ် မထမ်း ဆောင်နိုင်ကြောင်း တွေ့ရှိရလျှင် ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ရာထူးတွင် ဆက်လက် ထမ်းဆောင်စေရန် မသင့်

လျော့ခြင်း၊

(ယ) ကွယ်လွန်ခြင်း။

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာဝတရားကြီးခင်ဗျား–**

ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများရဲ့ အရည်အချင်း သတ်မှတ်ချက်များမှာ နိုင်ငံရေးပါတီဝင်များ မဖြစ်စေရလို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည် ထောင်စု တရားသူကြီးများဟာ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းရမယ်လို့ အခြေခံရမယ့်မူ ချမှတ်ရန် လိုအပ်မှာဖြစ်ပါတယ်။ နယ်ဘက်ဝန်ထမ်းဖြစ်ရင်လဲ သက်ဆိုင်ရာ တရားသူကြီး ရာထူးတွင် ခန့်အပ် တာဝန်ပေးခြင်းခံရတဲ့ နေ့မှစပြီး တည်ဆဲ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနဲ့အညီ အငြိမ်းစား ယူပြီးဖြစ်တယ်လို့ မှတ်ယူသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများဟာ ပါတီနိုင်ငံရေး ကင်းရှင်းရေး၊ နယ်ဘက်ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူရေးတို့နဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

၂။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးများသည် နယ်ဘက်ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာဝတရားကြီးခင်ဗျား–**

ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများအဖြစ် ခန့်အပ်တာဝန် ပေးအပ်ပြီးတဲ့အခါ ထိုပုဂ္ဂိုလ်များရဲ့ အဆင့်အတန်းနဲ့ စပ်လျဉ်းလို့လည်းကောင်း၊ ယင်းတို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့ လည်းကောင်း အခြေခံရမယ့်မူများ ချမှတ်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စု တရား သူကြီးချုပ်၏ အဆင့်ကို နိုင်ငံတော်ဒုတိယ သမ္မတအဆင့်အဖြစ်လည်းကောင်း၊ ပြည်ထောင်စု တရားသူကြီး၏ အဆင့်ကို ပြည်ထောင်စုဝန်ကြီး အဆင့်အဖြစ် လည်းကောင်း သတ်မှတ်သင့်ပါတယ်။ အဲဒီကိစ္စများနဲ့ စပ်လျဉ်းလို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ

တွင် အသေးစိတ် သတ်မှတ်ခြင်းမပြုဘဲ သီးခြား ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းပြီး–

- ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားသူကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကိုဥပဒေပြဋ္ဌာန်း၍သတ်မှတ်ရမည်။

လို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာဝပတိကြီးစင်များ–**

တိုင်းဒေသကြီး တရားလွှတ်တော်၊ ပြည်နယ် တရားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး ဆက်လက် ရှင်းလင်းပြောကြားပါမယ်။ ကျင်းပပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်းနဲ့စပ်လျဉ်းပြီး နိုင်ငံတော်ကို တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ်ပြည်နယ်နဲ့ ပြည်ထောင်စု နယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်ကြောင်း၊တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးတို့သည် အဆင့်အတန်းတူညီကြကြောင်း အခြေခံရမယ့်မူများ ချမှတ်ထားပြီးဖြစ်ပါတယ်။ တရားစီရင် ရေးနဲ့ စပ်လျဉ်းလို့လဲ "တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော် တစ်ရပ်စီ လည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ် တရားလွှတ်တော် တစ်ရပ်စီ လည်းကောင်း ထားရှိသည်" လို့အခြေခံရမယ့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမူအတိုင်းပဲ တရားစီရင်ရေးအခန်းတွင် ပြန်လည် ဖော်ပြသင့်ပါတယ်။

**သဘာပတိကြီးစင်များ–**

တိုင်းဒေသကြီးအသီးသီးနဲ့ ပြည်နယ်အသီးသီးမှာ ထားရှိမယ့် သက်ဆိုင်ရာ တရားလွှတ်တော်တို့ရဲ့ အကြီးအကဲ "တိုင်းဒေသကြီး တရားသူကြီးချုပ်" သို့မဟုတ် "ပြည်နယ်တရားသူကြီးချုပ်" လို့ ခေါ်ဝေါ်သုံးနှုန်းသင့်ပါတယ်။ အဲဒီ တရားလွှတ်တော်တို့ရဲ့ တရားသူကြီးများကိုလဲ "တိုင်းဒေသကြီးတရားသူကြီး" သို့မဟုတ် "ပြည်နယ်တရားသူကြီး" လို့ ခေါ်ဝေါ်သုံးနှုန်းသင့်ပါတယ်။ တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ရဲ့ အနေအထားအရ လည်းကောင်း၊ ပေးအပ်မယ့် တရားစီရင်ရေးအာဏာများ၊ တာဝန်များနဲ့ လုပ်ပိုင်ခွင့်များအရ လုပ်ငန်းပမာဏကို ထောက်ချင့်ပြီး လည်းကောင်းအဲဒီတရားလွှတ်တော်အသီးသီးတွင် တရားသူကြီးဦးရေကို ခန့်အပ်တာဝန်ပေးရမှာဖြစ်ပါတယ်။ အဲဒီတရားလွှတ်တော်တစ်ခုနဲ့တစ်ခုဟာ လုပ်ငန်းပမာဏ မတူညီနိုင်ခြင်း၊ လုပ်ငန်းပမာဏ အတိုးအလျော့ဖြစ်နိုင်ခြင်းတို့မှာ ဓမ္မတာပင်ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးတရားလွှတ်တော်နဲ့ ပြည်နယ် တရားလွှတ်တော်တို့တွင် တရားသူကြီးဦးရေကို တရားသူကြီးချုပ် အပါအဝင် အနည်းဆုံး သုံးဦးမှ အများဆုံး ခုနစ်ဦး ထားရှိသင့်တယ်လို့ မျှော်မှန်းပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူ ကြီးချုပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများကို လည်းကောင်း ခန့်အပ်ရေးနဲ့ စပ်လျဉ်းလို့ နိုင်ငံတော် အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအာဏာပိုင် အဖွဲ့အစည်းဖြစ်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ သဘောတူ ညီချက်ဖြင့် ခန့်ထားမယ်ဆိုပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ခန့်ထားတဲ့ မူနဲ့လဲ ညီညွတ်တဲ့အပြင် နိုင်ငံတော်အာဏာသုံးရပ် အပြန်အလှန် ထိန်းကျောင်းစေတဲ့မူကို ရှေးရှုရာလဲ ရောက်ပါမယ်။ အဲဒီနည်းလမ်းကို ကျင့်သုံးတဲ့အခါ အငြင်းပွားမှုများ နည်းပါးစေနိုင်ဖို့ နိုင်ငံတော်သမ္မတက အမည်စာရင်း တင်သွင်းသူကို မည်သည့် အခြေ အနေမျိုးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ငြင်းပယ်နိုင်တယ်ဆိုတာကိုလဲ စဉ်းစားသင့်ပါတယ်။ ယင်းအခြေအနေမျိုးကိုလဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပဲ သတ်မှတ်ဖော်ပြသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ တိုင်းဒေသကြီး တရားသူကြီးချုပ်အဖြစ် ခန့်အပ်ထိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ အမည်စာရင်း၊ တိုင်းဒေသကြီး တရားသူကြီးများအဖြစ် ခန့်အပ်ထိုက်တဲ့ ပုဂ္ဂိုလ်များရဲ့ အမည်စာရင်းတို့ကို ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ကို တိုင်ပင်ပြုစုပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူသင့်ပါတယ်။ ထိုနည်းတူ ပြည်နယ် တရားသူကြီးချုပ်အဖြစ် ခန့်အပ်ထိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ အမည်စာရင်း၊ ပြည်နယ် တရားသူကြီးများအဖြစ် ခန့်အပ်ထိုက်တဲ့ပုဂ္ဂိုလ် များရဲ့ အမည်စာရင်းကိုလဲ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ သက်ဆိုင်ရာ ပြည်နယ် ဝန်ကြီးချုပ်တို့ကို တိုင်ပင်ပြုစုပြီး သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ရဲ့ သဘောတူညီချက်ကိုရယူသင့်ပါတယ်။ အဲဒီလို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူပြီးတဲ့နောက် သက်ဆိုင်ရာတရားသူကြီးများကို နိုင်ငံတော်သမ္မတက ခန့်အပ်သင့်ပါတယ်။ အဲဒီနည်းလမ်းကို ကျင့်သုံးတဲ့နေရာမှာ နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းသူကို မည်သည့် အခြေအနေမျိုးတွင် သက်ဆိုင်ရာ လွှတ်တော်က ငြင်းပယ်နိုင်တယ် ဆိုတာကို ဖွဲ့စည်းပုံ

အခြေခံဥပဒေမှာ သတ်မှတ် ဖော်ပြသင့်ပါတယ်။

ဒါကြောင့် အထက်တွင် ရှင်းလင်းပြောကြား ခဲ့တဲ့အကြောင်း၊ အရာများနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော် (High Court of the Region) တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရား လွှတ်တော်(High Court of the State) တစ်ရပ်စီလည်းကောင်း ထားရှိသည်။

၂။(က) တိုင်းဒေသကြီး တရား လွှတ်တော်သို့ မဟုတ် ပြည်နယ် တရား လွှတ်တော် အကြီးအကဲကို "တိုင်း ဒေသကြီး တရား သူ ကြီး ချုပ်" (Chief Justice of the High Court of the Region) သို့မဟုတ် "ပြည်နယ် တရားသူကြီးချုပ်" (Chief Justice of the High Court of the State) ဟုခေါ်ရမည်။

(ခ) တိုင်းဒေသကြီး တရား လွှတ်တော် သို့မဟုတ် ပြည်နယ် တရား လွှတ်တော်တွင် တိုင်းဒေသကြီး တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီး တရားသူကြီးများ (Judges of the High Court of the Region) သို့မဟုတ်ပြည်နယ် တရားသူကြီးများ (Judges of the High Court of the State) ဦးရေ အနည်းဆုံး သုံးဦးမှ အများဆုံး ခုနစ်ဦးအထိ ခန့်အပ်နိုင်သည်။

၃။(က) နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့ မဟုတ် ပြည်နယ် ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ် အဖြစ်ခန့်အပ်ရန် အမည်စာရင်းကို လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများ အဖြစ် ခန့်အပ်

ရန် အမည်စာရင်းကိုလည်း ကောင်းပြုစု၍ ယင်းအမည်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ ပေးပို့ရမည်။

(ခ) နိုင်ငံတော် သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က သဘောတူညီသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီးသို့ မဟုတ် ပြည်နယ် တရားသူကြီးချုပ်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများ အဖြစ် လည်းကောင်းခန့်အပ်ရမည်။

(ဂ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြသနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ် အဖြစ် ခန့်အပ်ရန်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့ မဟုတ် ပြည်နယ် တရားသူကြီးများအဖြစ် ခန့်အပ်ရန်လည်းကောင်း အမည်စာရင်း ပေးပို့သူများကို ငြင်းပယ်ခွင့်မရှိစေရ–

လို့ အသေးစိတ် အခြေခံရမယ့် မှုများ ချမှတ် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား သူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တရားသူကြီးများခန့်အပ်ရေးနဲ့ စပ်လျဉ်းပြီး အရည်အချင်းများကို သတ်မှတ်ထားရှိဖို့ လိုအပ်လာပါမယ်။ ယင်းပုဂ္ဂိုလ်များဟာသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တရားစီရင်ရေးလုပ်ငန်းကို ဦးစီးဦးဆောင်ပြုကြရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အပြင် တရားစီရင်ရေး အာဏာကို တာဝန်သိသိ၊သစ္စာရှိရှိ ကိုင်တွယ်ကျင့်သုံးပြီး ဥပဒေနဲ့အညီ လွတ်လပ်စွာ တရား စီရင်ရေးမှုကို အကောင်အထည်

ဖော်ကြရမယ့် ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် နိုင်ငံတော်အပေါ် သစ္စာရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားဥပဒေများကို ထိန်းသိမ်းလိုက်နာခြင်း၊တရားရေးရာ တာဝန် အတွေ့အကြုံရှိခြင်း၊ ကိုယ်ကျင့် သိက္ခာစောင့်ထိန်းခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်အား အပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်များနဲ့ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာမှာ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းရှိမယ့် အသက်အရွယ်နဲ့ အရည်အချင်းတို့ကို အခြေခံပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများ၊ အတွက် အရည်အချင်းများကို သတ်မှတ်သင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား လွှတ်တော်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကို အပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်များ မထိခိုက်စေဘဲ အဆင့်မြင့်တဲ့ တရားစီရင်ပိုင်ခွင့် အာဏာများကို ကျင့်သုံးရမှာဖြစ်တဲ့အတွက် အဲဒီတရားလွှတ်တော် တရားသူကြီးများဟာ နိုင်ငံတော်အပေါ် သစ္စာရှိရေးအတွက် မှတ်ကျောက် တစ်ခုအဖြစ် သာမန်နိုင်ငံသား ဖြစ်ရုံမက နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားတဲ့ နိုင်ငံသားဖြစ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အသက်ကန့်သတ်ချက်မှ အပ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့လဲ ပြည့်စုံသူများ ဖြစ်သင့်ပါတယ်။ ဥပဒေနှင့်အညီ လွတ်လပ်စွာ မှန်ကန်တဲ့ အဆုံးအဖြတ်များကို ပေးကြရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အားလျော်စွာ တရားရေးရာ၊ ဥပဒေရေးရာ အတွေ့အကြုံရှိပြီး ရင့်ကျက်တည်ငြိမ်မှု ရှိနိုင်ရန်အတွက် အနိမ့်ဆုံးအသက်ကို လည်းကောင်း၊ အမြင့်ဆုံးအသက်ကိုလည်းကောင်း သတ်မှတ်ထားရှိရန် လိုအပ်မှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား လွှတ်တော်တို့ရဲ့ တရားသူကြီးချုပ်နဲ့ တရားသူကြီးများအတွက်အသက်ကန့်သတ်ခြင်းနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုတရား လွှတ်တော်ချုပ်တွင် တာဝန် ထမ်းဆောင်ကြမယ့် ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားသူကြီးများရဲ့ အနိမ့်ဆုံး အသက်နဲ့ အမြင့်ဆုံး အသက် ကန့်သတ်ချက်တို့နဲ့ ချိန်ထိုးစဉ်းစားသင့်ပါတယ်။ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများအတွက်အနိမ့်ဆုံးအသက်ကို ၅၀ နှစ်ထားရှိပြီး အမြင့်ဆုံးအသက်ကို ၇၀ နှစ်ထားရှိသင့်ပါကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်အဆင့်မှာ လုပ်ဆောင်ကြတဲ့ အတွေ့

အကြံနဲ့ ရင့်ကျက်တည်ငြိမ်မှုရှိ စေရေးကို ရှေးရှုပြီးလည်းကောင်း၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှာ ခန့်ထားခြင်းခံရမယ့် တရားသူကြီးများ အနေနဲ့ တစ်ဆင့်မြင့်တဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှာ ခန့်ထားခြင်းခံရနိုင်မယ့် အခွင့်အလမ်းများရှိခြင်းကို ထောက်ရှုပြီးလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်နဲ့တိုင်း ဒေသကြီး သို့မဟုတ်ပြည်နယ်တရားသူကြီးတို့ရဲ့ အနိမ့်ဆုံးအသက်ကို ၄၅-နှစ်သတ်မှတ်ပြီး အမြင့်ဆုံး အသက်ကို ၆၅နှစ် သတ်မှတ်သင့်ပါတယ်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများဟာလဲ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများ ဖြစ်သင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည် အချင်းများနဲ့ စပ်လျဉ်းပြီး–

– တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) အသက် ၄၅နှစ်ထက် မငယ်၊ အသက် ၆၅နှစ်ထက် မကြီးသူ ဖြစ်ခြင်း၊

(ခ) အသက် ကန့်သတ်ချက်မှအပ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အတွက်သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(ဂ)(၁) တရားရေး ဝန်ထမ်းသို့ မဟုတ် ဥပဒေ ဝန်ထမ်းဖြစ်လျှင်တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ထက် မနိမ့်သော ရာထူးတွင် အနည်းဆုံး ငါးနှစ် တာဝန် ထမ်းဆောင်ခဲ့သူ သို့မဟုတ် ခရိုင် အဆင့်ထက် မနိမ့်သော ရာထူးတွင်အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်၊

(၂) တရားလွှတ်တော် ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ သို့မဟုတ်၊

(၃) ထင်ပေါ် ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေ

ပညာရှင် အဖြစ် နိုင်ငံတော် သမ္မတက ယူဆ သူဖြစ်ခြင်း–

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာ ရှိသူဖြစ်ခြင်း၊

(င) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ခြင်း၊

လို့ အသေးစိတ် အခြေခံရမယ့် မူများချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီး တစ်ဦးဦးအား ရာထူးတွင် ဆက်လက် ထမ်းရွက်စေရန် မသင့်တဲ့ အခြေအနေမျိုး ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီအခြေအနေမျိုးတွေကို တွေ့ကြုံရတဲ့အခါ နိုင်ငံတော် သမ္မတကသော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကသော် လည်းကောင်း မည်သို့ဆောင်ရွက်ပိုင်ခွင့်ရှိတာယ်ဆိုတာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အတိအလင်း ဖော်ပြထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျင်းပ ပြီးခဲ့တဲ့ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခန်းအတွက် ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ "နိုင်ငံတော်အကြီးအကဲသည်နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော် သမ္မတသည် နိုင်ငံတော်ကိုကိုယ်စားပြုသည်" လို့ အခြေခံရမယ့် မူချမှတ်ခဲ့ပါတယ်။ အဲဒီမူနဲ့အညီ နိုင်ငံတော်ရဲ့ အကြီးအကဲလဲဖြစ်ပြီး နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ နိုင်ငံတော် သမ္မတဟာ ယင်းကိုယ်တိုင် ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်တို့ကို ညှိနှိုင်းကာ အမည်စာရင်းတင်သွင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရဲ့ သဘောတူညီချက်နဲ့ ခန့်ထားခဲ့တဲ့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်ကို လည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် တရားသူကြီးကိုလည်းကောင်းမည်သည့်အကြောင်းရပ်များအပေါ် အခြေခံပြီး ရာထူးမှနုတ်ထွက်စေရန် ညွှန်ကြားပိုင်ခွင့်ရှိကြောင်း၊ အဲဒီလို ညွှန်ကြားခြင်းကို လိုက်နာခြင်းမပြုရင် ယင်းပုဂ္ဂိုလ်ကို ရာထူးမှ ရပ်စဲပိုင်ခွင့်ရှိကြောင်း အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

ဒါကြောင့် အထက်တွင် ရှင်းလင်း ဖြေပြကြား ခဲ့တဲ့အတိုင်း နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်များ အပ်နှင်းရေးနဲ့ စပ်လျဉ်းပြီး–

– တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီး တစ်ဦးဦးသည် အောက်ပါ အကြောင်း တစ်ရပ်ရပ်ဖြင့် ငြိစွန်း

ပါက နိုင်ငံတော် သမ္မတသည် ယင်းပုဂ္ဂိုလ်အား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားခြင်း၊ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲ ခြင်းပြုနိုင်သည်–

(က)နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(ဃ)ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် တရားသူကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း၊

လို့ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

အထက်တွင် ကျွန်တော် ရှင်းလင်းပြောကြားခဲ့တဲ့အတိုင်း နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်များ ပေးအပ်ရန် သင့်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများအားသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က စွပ်စွဲပြစ်တင်ခြင်းပြုလုပ်တဲ့ နည်းလမ်းကို ကျင့်သုံးပြီး ရာထူးမှရပ်စဲနိုင်တဲ့ လုပ်ပိုင်ခွင့်များကိုလဲ ပေးအပ်သင့်ပါတယ်။ သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က စွပ်စွဲပြစ်တင်နိုင်တဲ့ နည်းလမ်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားရမယ်ဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်မှာ လွှတ်တော်တစ်ရပ်သာရှိတဲ့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်အနည်းဆုံးလေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာလွှတ်တော် သဘာပတိထံ တင်ပြရင် လွှတ်တော် သဘာပတိက မိမိရရှိတဲ့ စွပ်စွဲချက်နဲ့ စပ်လျဉ်းလို့ စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းပေးပြီး စုံစမ်းစစ်ဆေး စေသင့်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းတွေ့ရှိချက်ကို တင်ပြလာရင် လွှတ်တော် သဘာပတိက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး စွပ်စွဲချက်ဟာ မှန်ကန်ပြီး စွပ်စွဲခံရသူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်အဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးအဖြစ် လည်းကောင်းထမ်းရွက်စေရန်မသင့်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက်

အနည်းဆုံး သုံးပုံနှစ်ပုံက ဆုံးဖြတ်ရင် လွှတ်တော် သဘာပတိသည် အဲဒီဆုံးဖြတ်ချက်ကို နိုင်ငံတော် သမ္မတထံ တင်ပြအစီ ရင်ခံဖို့ ဖြစ်ပါတယ်။ အဲဒီလို အစီရင်ခံတင်ပြလာရင်နိုင်ငံတော်သမ္မတကသက်ဆိုင်တဲ့ တရားသူကြီးကို ရာထူးမှရပ်စဲ သင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နဲ့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်ကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးကို လည်းကောင်းအောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲ ပြစ်တင် နိုင်သည်–
 (က) နိုင်ငံတော်၏ ကျေးဇူး သစ္စာတော်ကို ဖောက်ဖျက်ခြင်း၊
 (ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်း၊
 (ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊
 (ဃ) ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီး၏ အရည်အချင်း ပျက်ယွင်းခြင်း။

၂။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် တရားသူကြီးချုပ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးကိုလည်းကောင်း စွပ်စွဲ ပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီးမိမိတို့၏စွပ်စွဲချက်ကိုသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် လွှတ်တော် သဘာပတိထံ တင်ပြရမည်။

၃။ ယင်းစွပ်စွဲချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော် သဘာပတိက စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေရမည်။ စုံစမ်းစစ်ဆေးရမည့် လုပ်ငန်းပမာဏကို ထောက်ရှု၍ စုံစမ်းစစ်ဆေးမှု ပြီးစီးရမည့် အချိန်ကာလကိုလည်း သတ်မှတ်ပေးရမည်။

၄။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ စွပ်စွဲပြစ်တင်ခြင်းခံရသူအား ကိုယ်တိုင် သော်လည်းကောင်း၊

ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ချေပခွင့်ပေးရမည်။

၅။တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ် အပေါ်တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီး အပေါ်တွင်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်း စုံစမ်း စစ်ဆေးရေးအဖွဲ့က စုံစမ်းတွေ့ရှိချက်ကို တင်ပြလာလျှင် လွှတ်တော် သဘာပတိသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်ပြရမည်။ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ် ရာထူး တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီး ရာထူးတွင်လည်းကောင်းဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် လွှတ်တော် သဘာပတိသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော် သမ္မတထံ တင်ပြအစီရင်ခံရမည်။

၆။ယင်းသို့ တင်ပြအစီရင်ခံလျှင် နိုင်ငံတော် သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တရားသူကြီးချုပ်ကို လည်းကောင်း၊ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်တရား သူကြီးကိုလည်းကောင်း ရာထူးမှရုပ်စဲရမည်။

၇။စွပ်စွဲပြစ်တင်မှုသည် မမှန်ကန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဆုံးဖြတ်လျှင် ထိုသို့ဆုံးဖြတ်ကြောင်းကို လွှတ်တော် သဘာပတိသည် နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။

လို့ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ် သင့်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများအား ရာထူးမှ နုတ်ထွက်စေခြင်း သို့မဟုတ် ရုပ်စဲခြင်း ပြုလုပ်သည့်မှ အပ သာမန်အားဖြင့် တာဝန်ထမ်းဆောင်ခွင့်ရှိတဲ့ ရာထူးသက်တမ်းကိုသတ်မှတ်ထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ယင်းပုဂ္ဂိုလ်များဟာလဲ

ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီး များလိုပဲ မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊ စွပ်စွဲပြစ်တင်ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊ နိုင်ငံတော်က သတ်မှတ်သော ဆေးအဖွဲ့ရဲ့ စစ်ဆေးချက်အရ ကိုယ်စိတ် နှစ်ပါးအနက် တစ်ပါးပါး ချို့ယွင်းသွားတဲ့ အတွက် ထာဝစဉ် မစွမ်းဆောင်နိုင်မှုကြောင့် ဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့် ဖြစ်စေ ရာထူးတွင် ဆက်လက်ထမ်းဆောင်စေရန် မသင့်လျော်ခြင်း၊ ကွယ်လွန်ခြင်းအကြောင်းများ မပေါ်ပေါက်သမျှ သတ်မှတ်ထားတဲ့ အသက် ၆၅ နှစ် အရွယ်အထိ တာဝန် ထမ်းဆောင်ခွင့် ရှိသင့်ပါတယ်။

ဒါကြောင့်ရာထူးသက်တမ်းနဲ့စပ်လျဉ်းပြီး–

– နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြင့် ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် ရာထူးမှရပ်စဲခြင်း ခံရသည်မှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား သူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများသည် အောက်ပါအကြောင်း တစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၆၅နှစ် ပြည့်သည်အထိ တာဝန် ထမ်းဆောင်ခွင့်ရှိသည်။

(က)မိမိသဘော အလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ စွပ်စွဲပြစ်တင်ခြင်း ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊

(ဂ) နိုင်ငံတော်က သတ်မှတ်သော ဆေး အဖွဲ့၏စစ်ဆေးချက် အရ ကိုယ်စိတ် နှစ်ပါးအနက် တစ်ပါးပါး ချို့ယွင်းသွားခြင်း ကြောင့် တာဝန်ကို ထာဝစဉ် မစွမ်းဆောင်နိုင်ကြောင်း တွေ့ရှိရလျှင် ဖြစ်စေ၊ အခြား အကြောင်း တစ်ခုခုကြောင့် ဖြစ်စေ ရာထူးတွင် ဆက်လက် ထမ်းဆောင်စေရန်မသင့်လျော်ခြင်း၊

(ဃ)ကွယ်လွန်ခြင်း။

လို့ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ် သင့်ပါတယ်။

သဘာဝပတိကြီးခင်ဗျား–

တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများဟာ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားသူကြီးများနည်းတူ နိုင်ငံရေး ပါတီဝင်များ မဖြစ်စေရလို့ ယင်းတို့ရဲ့ အရည်အချင်းများ သတ်မှတ်ရာမှာ အခြေခံရမယ့်မူများ ချမှတ်သင့် ကြောင်း ရှင်းလင်း

ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ယင်းတို့ဟာ နယ်ဘက် ဝန်ထမ်း ဖြစ်ရင်လဲ သက်ဆိုင်ရာ တရားသူကြီးရာထူးတွင် ခန့်အပ် တာဝန် ပေးခြင်းခံရတဲ့ နေ့မှစ၍ အငြိမ်းစား ယူပြီး ဖြစ်တယ်လို့ မှတ်ယူသင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများ ပါတီနိုင်ငံရေး ကင်းရှင်းရေး၊ နယ်ဘက် ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူရေးနဲ့ စပ်လျဉ်းပြီး–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများသည်ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများသည် နယ်ဘက် ဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် တရားသူကြီးချုပ် အဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးအဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် နေ့မှ စ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ အငြိမ်းစားယူ ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

လို့ အသေးစိတ် အခြေခံရမယ့် မူများ ချမှတ် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား သူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အဆင့်အတန်းနဲ့ စပ်လျဉ်းလို့လည်းကောင်း၊ ယင်းတို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့ လည်းကောင်း အခြေခံရမယ့်မူများချမှတ်ဖို့ လိုအပ် ပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား သူကြီးချုပ်ရဲ့ အဆင့်ကိုပြည်ထောင်စုဝန်ကြီး အဆင့်အဖြစ် လည်းကောင်း၊ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်တရားသူကြီး အဆင့်ကို ပြည်ထောင်စု ဒုတိယဝန်ကြီး အဆင့်အဖြစ် လည်းကောင်း သတ်မှတ် သင့်ပါတယ်။ အဲဒီကိစ္စများနဲ့ စပ်လျဉ်းလို့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသေးစိတ် သတ်မှတ်ခြင်းမပြုဘဲ သီးခြားဥပဒေ ပြဋ္ဌာန်း ပြီး သတ်မှတ် ပေးသင့်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား သူကြီးချုပ်များနဲ့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းပြီး–

– တိုင်းဒေသကြီး သို့မဟုတ် ပြည်

နယ် တရားသူကြီးချုပ်များနှင့်တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

လို့ အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာဝတိကြီးခင်များ—**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား လွှတ်တော်လက်အောက်မှာ တရားရုံး အဆင့်ဆင့်ဖွဲ့စည်းထားရှိခြင်းနဲ့ စပ်လျဉ်းပြီး ဆက်လက် ရှင်းလင်း ပြောကြားပါမယ်။

တရားရုံးများတွင် သာမန်အားဖြင့်မူလ တရားရုံးနဲ့ အယူခံတရားရုံးဟူ၍ နှစ်မျိုးနှစ်စား ရှိကြပါတယ်။ တရားရုံးအဆင့်တွေများလွန်းရင်လဲအဆင့်ဆင့်အယူခံ ဝင်ရောက်နေကြခြင်းဖြင့် အချိန်ကုန်လူပန်းဖြစ်ကြရပါမယ်။ ဒါကြောင့် အယူခံဝင်ခွင့်ပြုခြင်း၊ ပြင်ဆင်မှု တက်ရောက်ခွင့်ပြုခြင်းနဲ့ စပ်လျဉ်းလို့ လိုက်နာကျင့်သုံးကြတဲ့ ထုံးနည်းများနဲ့ လိုက်လျောညီထွေ ရှိစေရန် လည်းကောင်း၊ ဥပဒေနဲ့အညီ အယူခံပိုင်ခွင့် ရရှိကြစေရန် လည်းကောင်း တရားရုံးအဆင့်များကို သင့်လျော်သလို ထားရှိရန် လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် တရားလွှတ်တော်တို့ရဲ့ လက်အောက်မှာ တရားရုံးနှစ်ဆင့်သာထားရှိသင့်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းရှိရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးနဲ့ မြို့နယ် တရားရုံးဟူ၍ နှစ်ဆင့်ထားရှိသင့် ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိရင်လဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနဲ့ မြို့နယ် တရားရုံးဟူ၍ နှစ်ဆင့်ထားရှိသင့်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မဟုတ်တဲ့ ကျန်ဒေသများမှာတော့ ခရိုင်တရားရုံးနဲ့ မြို့နယ်တရားရုံးဟူ၍ နှစ်ဆင့်ထားရှိသင့်ပါတယ်။ ပြည်ထောင်စု နယ်မြေများမှာလဲ လိုအပ်ရင် ခရိုင်များ၊ မြို့နယ်များ ရှိနိုင်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု နယ်မြေအလိုက်ခရိုင် တရားရုံးများ၊ မြို့နယ် တရားရုံးများထားရှိရန် ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် လက်အောက် မှာ ဥပဒေအရ သီးခြား ဖွဲ့စည်းတဲ့ အခြားတရားရုံးများလဲ ရှိနိုင်ပါတယ်။ ဥပမာ အားဖြင့် ကလေးသူငယ် တရားရုံးကဲ့သို့သော သီးခြားဖွဲ့စည်းတဲ့ တရားရုံးများ ရှိကြပါတယ်။ နောင်ထိုကဲ့သို့ ဥပဒေအရ သီးခြားဖွဲ့စည်းတဲ့ တရားရုံးများလဲ ရှိနိုင်တဲ့အတွက် ဥပဒေအရ တည်ထောင်ထားတဲ့ အခြားတရားရုံးများကိုလဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရား လွှတ်တော် လက်အောက်မှာ ထားရှိသင့်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်တရားလွှတ်တော် လက်အောက်မှာ တရား ရုံး အဆင့်ဆင့်ဖွဲ့စည်းထားရှိခြင်းနဲ့ စပ်လျဉ်း၍-

– တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် လက်အောက်၌ အောက်ပါအတိုင်း တရားရုံးအဆင့်ဆင့် ရှိသည်-

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု မရှိလျှင်

(၁)ခရိုင် တရားရုံးများ (District Courts)၊

(၂)မြို့နယ် တရားရုံးများ (Township Courts)

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ရှိလျှင်-

(၁)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၌-

(ကက)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး (CourtoftheSelf Administered Division)

(ခခ) မြို့နယ်တရားရုံးများ ( Township Courts)

(၂)ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၌

(ကက)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံး (CourtoftheSelf Administered Zone)

(ခခ) မြို့နယ်တရားရုံးများ ( Township Courts)

(၃)ကျန်ဒေသများ၌

(ကက)ခရိုင်တရားရုံးများ (District Courts)

(ခခ) မြို့နယ် တရားရုံးများ ( Township Courts)

(ဂ) ပြည်ထောင်စုနယ်မြေ၌-

(၁)ခရိုင်တရားရုံးများ ( District Courts)

(၂)မြို့နယ်တရားရုံးများ (Township Courts)

(ဃ)ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများ။

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် လက်အောက်ရှိ တရားရုံးများတွင် တရားသူကြီးများ ခန့်ထားခြင်း၊ စီရင်ပိုင်ခွင့်အပ်နှင်းခြင်း၊ ယင်းတရားသူကြီးတို့ရဲ့ တာဝန်

များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့နဲ့ စပ်လျဉ်းပြီးလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များနဲ့ ကျန်တရားရုံးများတွင်ဝန်ထမ်းအဖွဲ့– ဖွဲ့စည်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့နဲ့ စပ်လျဉ်းပြီးလည်းကောင်း ဆက်လက် တင်ပြပါမယ်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တရားလွှတ်တော်များမှအပ ကျန်လက်အောက် တရားရုံးများမှာ တရားသူကြီးများအား ခန့်အပ်တာဝန်ပေးရာတွင် နယ်ဘက်ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးသင့်ပါတယ်။ အဲဒီ တရားသူကြီးများဟာ နယ်ဘက်ဝန်ထမ်းများ ဖြစ်တဲ့အတွက် ယင်းတို့ကို ခန့်ထားရာမှာ နယ်ဘက်ဝန်ထမ်းများ ခန့်ထားခြင်းဆိုင်ရာ ဥပဒေများအတိုင်း ဖြစ်သင့်ပါတယ်။ ယင်းတို့အားစီရင်ပိုင်ခွင့်များ အပ်နှင်းခြင်း၊ ယင်းတို့ရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို သတ်မှတ်ခြင်း ကိစ္စများဟာလဲ သီးခြားပြဋ္ဌာန်းတဲ့ ဥပဒေအတိုင်းသာ ဖြစ်သင့်ပါတယ်။

တရားရုံးအဆင့်ဆင့်အတွက် ဝန်ထမ်း အဖွဲ့အစည်းထားရှိရေးနဲ့ စပ်လျဉ်းလို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များတွင် လည်းကောင်း၊ ယင်းတို့ရဲ့ လက်အောက်ရှိ တရားရုံးအဆင့်ဆင့်တွင် လည်းကောင်း၊ အရာရှိအဆင့်ဝန်ထမ်းများ၊ အခြားအဆင့် ဝန်ထမ်းများပါဝင်တဲ့ ဝန်ထမ်းအဖွဲ့အစည်းများ ထားရှိရပါမယ်။ အဲဒီ ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ ယင်းတို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို သတ်မှတ်ရေးကိစ္စများဟာလဲ သီးခြားပြဋ္ဌာန်းတဲ့ ဥပဒေနဲ့အညီ ဖြစ်သင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များမှအပ ကျန်တရားရုံးများတွင် တရားသူကြီးများ ခန့်ထားခြင်း၊ ယင်းတို့အားစီရင် ပိုင်ခွင့်များအပ်နှင်းခြင်း၊ ယင်းတို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ သတ်မှတ်ခြင်း၊ ယင်းတရားရုံးများတွင် ဝန်ထမ်းအဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနဲ့ ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့နဲ့ စပ်လျဉ်းပြီး–

၁။ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စု တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများမှ အပ ကျန်တရားသူကြီးများ ခန့်ထားခြင်း၊ စီရင်ပိုင်ခွင့်များအပ်နှင်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်း တို့သည် ဥပဒေနှင့်အညီ ဖြစ်စေရမည်။

၂။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်များနှင့်ကျန်တရားရုံးများတွင်အရာရှိအဆင့် ဝန်ထမ်းများ၊ အခြားအဆင့် ဝန်ထမ်းများ ပါဝင်သည့် ဝန်ထမ်း အဖွဲ့အစည်း ဖွဲ့စည်းခြင်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်းတို့သည် ဥပဒေနှင့် အညီဖြစ်စေရမည်။

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အခု စုံညီအစည်းအဝေးမှာ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်း ဆွေးနွေးစဉ်က မပြီးပြတ်ခဲ့ဘဲ ဆက်လက်ဆွေးနွေးဦးမယ်လို့ ပြောကြားထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနဲ့စပ်လျဉ်းပြီးလည်းကောင်း၊ သတ်မှတ်ခဲ့တဲ့ အခန်းအလိုက် ခေါင်းစဉ်များအနက်က ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးခေါင်းစဉ်တို့ရဲ့ ဖွဲ့စည်းမှုအပိုင်းနဲ့ စပ်လျဉ်းပြီးလည်းကောင်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရဲ့ လေ့လာထားရှိချက်တွေကို ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်၊ အခု ရှင်းလင်း ပြောကြားချက်များဟာ ကိုယ်စားလှယ်များ အနေနဲ့ အမျိုးသားညီလာခံကအသေးစိတ် အခြေခံ ရမယ့်မူများအဖြစ် ချမှတ်ရေးအတွက် ဆွေးနွေးအကြံပြုနိုင်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ညီလာခံ ကိုယ်စားလှယ်များအနေနဲ့ အခြားသင့်လျော်တဲ့ ဖြည့်စွက်အကြံပြုချက်များရှိရင် အမျိုးသား ညီလာခံကြီးရဲ့ ဦးတည်ချက် ခြောက်ရပ်နဲ့အညီလည်းကောင်း၊ ချမှတ်ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့အညီလည်းကောင်း၊ အမျိုးသား ညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ လည်းကောင်း ဆွေးနွေးအကြံပြုတင်ပြကြဖို့ ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။ ။

ပုံနှိပ်ထုတ်ဝေသူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊
ဦးလှကြိုင်မှ ပုံနှိပ်ကင်းလွတ်ခွင့် အမှတ်–၄၁၉ နှင့် ထုတ်ဝေခွင့် အမှတ်–၂၈၆
အရ ပုံနှိပ်ထုတ်ဝေသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ သို့မဟုတ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သတ်မှတ်ရေးနှင့်
ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ
ဖွဲ့စည်းမှုတို့အတွက်

# အမျိုးသားညီလာခံကျင်းပရေး
# လုပ်ငန်းကော်မတီဥက္ကဋ္ဌ
# ဦးအောင်တိုး၏
# ရှင်းလင်းပြောကြားချက်အပြည့်အစုံ

(၂-၉-၉၄)